# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မမြဲသောသဘောတို့ကိုသိ**

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသောသဘော၊ အနှစ်မရှိသော သဘောတို့ကို သိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၉)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၂၂)


## ရခိုင်ပြည်နယ် UEHRD စီမံကိန်းအတွက် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းအဖွဲ့ ကိုးဖွဲ့ ဖွဲ့စည်း

## ရေတိုရေရှည်စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာရေး ဆောင်ရွက်မည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်နှင့် ကုန်သည်/စက်မှုအသင်းချုပ် ဦးဆောင်သည့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များသည် အောက်တိုဘာ ၂၁ရက်တွင် ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ တွေ့ဆုံပြီး ပုဂ္ဂလိကကဏ္ဍမှ အကူအညီများပေးအပ်နိုင်ရေး တွေ့ဆုံဆွေးနွေးခဲ့ကြကာ UEHRD နှင့် ပေါင်းစပ်ပါဝင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍအလိုက် ကျွမ်းကျင်ကြသည့် ကဏ္ဍ (၉) ရပ်ကိုရွေးချယ်ကာ သက်ဆိုင်ရာအသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များပါဝင်သည့် အဖွဲ့ကိုးဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

လုပ်ငန်းအဖွဲ့များမှာ (၁) ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့၊ (၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့၊ (၃) စီးပွားရေးဇုန်များဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၊ (၄) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအဖွဲ့၊ (၅) အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ဖွင့်လှစ်ရေးလုပ်ငန်းအဖွဲ့၊ (၆) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့၊ (၇) အသေးစားငွေကြေးထောက်ပံ့မှုလုပ်ငန်းအဖွဲ့၊ (၈) ဘဏ္ဍာငွေစုဆောင်းရေး (Crowd Funding) လုပ်ငန်းအဖွဲ့နှင့် (၉) ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေး လုပ်ငန်းအဖွဲ့တို့ဖြစ်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❄



## တပ်ကုန်းမြို့နယ်၌ သီးနှံများတွင် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲမှုများရှိ

## FDA က ကျေးရွာစိုက်ခင်းများအရောက် အသိပညာပေးမှုများ ပြုလုပ်ပေးနေ

**တပ်ကုန်း အောက်တိုဘာ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့မဈေးကြီးတွင်ရောင်းချနေသော ဟင်းသီးဟင်းရွက် အရောင်းဆိုင်များမှ အသီးအရွက်များကို FDA က အောက်တိုဘာ ၁၃ ရက်တွင် ရှောင်တခင် ဝင်ရောက်စစ်ဆေးရာ သီးနှံခုနစ်မျိုး ပိုးသတ်ဆေးအလွန်သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသောကြောင့် သီးနှံစိုက်ကျေးရွာများအရောက် အသိပညာပေးမှုများပြုလုပ်နေကြောင်း အောက်တိုဘာ ၂၀ ရက်က တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၌ ကျင်းပသော တောင်သူပညာပေးဆွေးနွေးပွဲမှ သိရသည်။

အဆိုပါတောင်သူပညာပေးဆွေးနွေးပွဲကို စိုက်ပျိုးရေးဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) တို့ ပူးပေါင်းပြုလုပ်ပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ●

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် အင်းသားအမျိုးသားနေ့သို့ တက်ရောက် နှုတ်ခွန်းဆက်စကား ပြောကြား**

စာ » ၃

**လမ်းဖို့ရန် မြေတူးရာမှ တွေ့ရှိသော ရွှေပြားများအတွက် ငွေကျပ်သိန်း ၁၀၀၀ ကျော် ချီးမြှင့်မည်**

စာ » ၇

**အစွမ်းထက်ဆုံးသော လက်နက်**

*ဆောင်းပါး*

စာ » ၉





ကမ္ဘာကျော်ဆေးကုမ္ပဏီ Roche မှ ထုတ်လုပ်သော
အရည်အသွေးမြင့်သွေးချိုတိုင်းစက်
Accu-Chek Performa နှင့် Accu-Chek Active အား
AA Medical Products Ltd. မှ
တင်သွင်းဖြန့်ချိနေပြီဖြစ်ပါသည်။
Customer Hotline:
01-9000647 (Ext: 100-400)

Roche
ACCU-CHEK

မြန်မာ့အလင်း

# လက်တွေ့ပုံဖော်ထုဆစ်ရမည့် အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများ

ရခိုင်ပြည်နယ်အရေးကိစ္စအပေါ်အခြေခံ၍ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဒဏ်ခတ်မှုပုံစံတစ်မျိုးမျိုး ချမှတ်ဆောင်ရွက်လာနိုင်သည်ဟူသော သတင်းတို့ကိုကြားနေရပါသည်။ ပိတ်ဆို့ဒဏ်ခတ်မှုချမှတ်နိုင်သည့် ပုဂ္ဂိုလ်များစာရင်းတွင် တပ်မတော်အရာရှိများ ပါဝင်နိုင်သည်ဟူသော သတင်းတို့ကိုလည်း တွေ့ရှိနေရပါသည်။ ဤသတင်းတို့သည် အင်ဒိုနီးရှားနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ၌ အင်ဒိုနီးရှားတပ်မတော် အသွင်ကူးပြောင်းရေးကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး ဝီဂျိုဂျို(ငြိမ်း)၏ အယူအဆတို့နှင့် ဖီလာဆန့်ကျင်ဖြစ်နေသည်ကို တင်ပြလိုပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးဝီဂျိုဂျို(ငြိမ်း)က ဖွံ့ဖြိုးပြီးဒီမိုကရေစီနိုင်ငံတို့၏ တပ်မတော်များသို့ အင်ဒိုနီးရှားတပ်မတော်အရာရှိကြီးငယ်တို့၏ သွားရောက်လေ့လာသင်ယူမှုတို့သည် အင်ဒိုနီးရှားတပ်မတော်အား တပ်မတော်တာဝန်ပီပီသသထမ်းဆောင်နိုင်ရေးကို တွန်းအားပေးဖြစ်ပေါ်စေခဲ့သည်ဟု တင်ပြပြောဆိုခဲ့ပါသည်။ တပ်မတော်တာဝန်ပီပီသသထမ်းဆောင် နိုင်ရေးဆိုသော ကိစ္စရပ်များ၌ လူ့အခွင့်အရေးကိစ္စရပ်များအပါအဝင် နိုင်ငံတကာစံချိန်စံညွှန်းတို့နှင့်အညီ တပ်မတော်တာဝန်ထမ်းဆောင်နိုင်ရေးကိစ္စရပ်လည်းပါဝင်ပါသည်။ တပ်မတော်အရာရှိ ကြီးငယ်တို့အား ဒဏ်ခတ်အရေးယူမည်ဟူသော သဘောထားသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တို့အတွက် အနုတ်လက္ခဏာဆောင်စေသည်ကို တင်ပြလိုရင်းဖြစ်ပါသည်။

သိန်းဂဏန်းအရေအတွက်ရှိသော ဘင်္ဂါလီမျိုးနွယ်တို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခြင်းသည် တပ်မတော်၏ မတန်တဆ အင်အားသုံးချေမှုန်းမှုကြောင့်ဟူသော စွပ်စွဲပြောဆိုမှုတို့ကို ကြားသိနေရပါသည်။ သို့သော် တိကျသောအထောက်အထား တင်ပြမှုတို့ကိုမူ တွေ့ရှိရခြင်းမရှိပါ။ ARSA အစွန်းရောက် ကြမ်းဖက်အဖွဲ့၏ စနစ်တကျ ကြိုတင်ပြင်ဆင်တွက်ချက်ထားသည့် စစ်ဆင်ရေးကြောင့် လက်ရှိ ရခိုင်ပြည်နယ် ပြဿနာဖြစ်ပေါ် နေရသည်ဟူသောအချက်မှာ နိုင်ငံတကာ၏ ပြောဆိုတင်ပြမှုတို့၌ ဝေဝါးဖျော့တော့နေပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုတို့ကို မချေမှုန်း မတိုက်ခိုက်သည့် တပ်မတော်ဟူသည် ကမ္ဘာ့နိုင်ငံတို့၌ ရှိနိုင်မည်မဟုတ်ပါ။

နိုင်ငံတော်အစိုးရသည် ထွက်ပြေးသွားသည်ဆိုသော ဘင်္ဂါလီမျိုးနွယ်တို့ကို မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရရှိထားသည့် ၁၉၉၃ ခုနှစ် သဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံမည်ဖြစ်ပြီး ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ စိစစ်၍ နိုင်ငံသားအခွင့်အရေးပေးမည်ဟု ရှင်းလင်းစွာတင်ပြပြောဆိုပြီး ဖြစ်ပါသည်။ ပြန်လည်ဝင်ရောက်လာမည့် ဘင်္ဂါလီမျိုးနွယ်တို့အပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံးတို့၏ တည်ငြိမ်လုံခြုံရေးအတွက် တပ်မတော်နှင့် မည်သို့မည်ပုံလက်တွဲညှိနှိုင်းဆောင်ရွက်မည်ဟူသောအချက်သည် နိုင်ငံတကာက အလေးအနက်သုံးသပ်ဆောင်ရွက်သင့်သော အချက်ဖြစ်ပါသည်။ ဤမျှရှင်းလင်းထင်ရှားသော ပကတိအနေအထားကို လျစ်လျူရှုလျက် တပ်မတော်အရာရှိတို့အပေါ် ဒဏ်ခတ်အရေးယူမည်ဟူသော ပြောဆိုမှုတို့သည် ရခိုင်ပြည်နယ်အရေး ဖြေရှင်းရေးကို ပိုမိုရှုပ်ထွေး ခက်ခဲစေမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ၎င်းတို့၏ဆန္ဒလိုလားချက်အတိုင်း အတင်းရိုက်သွင်း ပုံဖော်မည်လော(သို့မဟုတ်) အပြုသဘောဖြစ်ထွန်းမှုတို့ကို ပုံဖော်ဖန်တီးမည်လောဟူသည်ကို နိုင်ငံတကာအနေဖြင့် အလေးအနက်သုံးသပ်သင့်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၀-၂၀၁၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၁၀း၀၀- **Sunday Talk**
- ၁၂း၃၀- **This Week's Special Interest**
- ၁၂း၄၅- မြန်မာ့ဂန္ထဝင်ရုပ်ရှင် **ခုနှစ်စဉ်အလွမ်း** သုမောင်၊ ခင်သန်းနု၊ စုလှိုင်နှင်း ဒါရိုက်တာ-မောင်ဝဏ္ဏ

ညပိုင်း

- ၁၅း၄၅- **Myanmar National League MNL MAX CEMENT 2017 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Yadanarbon Fc Vs Shan United Fc)**
- ၂၀း၀၀- ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅- **ငြိမ်းချမ်းရေးဂီတပွဲတော် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Level-2)** (မန္တလေး)

သတင်းနှင့် မှတ်ချက်

# မီးနှင့်လက်နက် အဖျက်အန္တရာယ်တို့ ကင်းစေရေး

ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုး/ဇလ၏ထုတ်ပြန်ချက်နှင့်အတူ ရန်ကုန်တွင် မိုးရိပ် မိုးငွေ့တို့ မကုန်ဆုံးမီမှာပင် မြို့တော်၏ကျက်သရေဆောင် အထင်ကရအဆောက်အအုံကြီးတစ်ခု မီးသင့်ခဲ့ရပြီဖြစ်သည်။ စိမ်းလန်းသည့်ပတ်ဝန်းကျင်၌တည်ရှိပြီး ထူးထူးခြားခြား ကျွန်းသစ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်ကြီးမှာ ကမ္ဘာလှည့်ခရီးသွားတို့ သဘောကျနှစ်ခြိုက်ကြသည့် ဟိုတယ်တစ်ခုလည်းဖြစ်ရာ နိုင်ငံအတွက် ဝင်ငွေရှာဖွေပေးသည့် မီးခိုးမထွက်သော စက်ရုံတစ်လုံးဆုံးရှုံးသွားရခြင်းပင်ဖြစ်သည်။ မီးလောင်ကျွမ်းမှုအတွင်း ထိခိုက်ဒဏ်ရာရမှုနှင့် အသက်ဆုံးရှုံးမှုများပါရှိခဲ့ရာ မိမိနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းပုံရိပ်ကို ထိခိုက်စေသည်မှာ သေချာလှသည်။

ဟိုတယ်တွင် အပူအာရုံခံကိရိယာများ၊ မီးလှုန့်အချက်ပေးစနစ်များ၊ အလိုအလျောက်မီးငြိမ်းသတ်သည့်စနစ်များ တပ်ဆင်ထားကြောင်းနှင့် ယင်းစနစ်များအားလုံး ကောင်းမွန်စွာအလုပ်လုပ်ကြောင်း၊ တာဝန်ကျ ဝန်ထမ်းများလည်း နိုးနိုးကြားကြားရှိကြောင်း သတင်းများတွင်ဖော်ပြထားသည်ကို တွေ့ရပြီး မီးစတင်လောင်ကျွမ်းချိန်နှင့် သက်ဆိုင်ရာမီးသတ်ဌာနသို့ အကြောင်းကြားချိန် ကွာဟမှု၊ ကိုယ်တိုင်မီးသတ်ကြပြီး မနိုင်နင်းတော့သည့်အချိန်တွင်မှ အထက်သို့ တင်ပြမှုအပါအဝင် လူနှစ်ဦးသေဆုံးခဲ့ရမှုတို့က အရေးပေါ်ကိစ္စများအတွက် လုံခြုံစိတ်ချရသော၊ တိကျမြန်ဆန်သော စီမံချက်များနှင့် လက်တွေ့လေ့ကျင့်မှုများအပေါ် ပြန်လည်သုံးသပ်ရန်လိုအပ်နေကြောင်း ပြညွှန်နေသည်။ မည်သို့ပင်ဆိုစေ ယခုဖြစ်စဉ်ကို သင်ခန်းစာယူ၍ အခြားသောဟိုတယ်များ၊ အထပ်မြင့်အဆောက်အအုံများ၊ တည်းခိုရိပ်သာများ၊ ရှော့ပင်းမောလ်များ၊ စူပါမတ်ကတ်များ စသည်တို့တွင်လည်း မိမိတို့၏အဆောက်အအုံဖွဲ့စည်းပုံ၊ အသုံးပြုပုံတို့နှင့် လိုက်လျောညီထွေဖြစ်သည့် မီးဘေးကာကွယ်ရေး၊ လုံခြုံရေးအပါအဝင် အခြားမည်သည့်နည်းနှင့်မဆို ဖြစ်လာနိုင်ဖွယ်ရှိသော အရေးပေါ်ဖြစ်စဉ်များကို ကြိုတင်မျှော်တွေး၍ ကာကွယ်ရေးအစီအမံများပြုလုပ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ပြုလုပ်ထားကြရန်လိုအပ်မည်ဖြစ်သည်။

ယခုရက်သတ္တပတ်အတွင်း ပြည်သူများစိတ်ဝင်စားကြသည့် ထူးခြားဖြစ်စဉ်များတွင် နေပြည်တော်လေဆိပ်၌ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးအချို့ဖမ်းမိခြင်းမှအစပျိုးကာ နောက်ထပ်လက်နက်ခဲယမ်းအများအပြားဆက်လက်သိမ်းဆည်းရမိသည့် သတင်းလည်းပါဝင်သည်။ နောက်ဆက်တွဲဖော်ထုတ်ရရှိလာသည့် လက်နက်များတွင် သာမန်လက်ကိုင်သေနတ် **(Hand Gun)** မျှသာမကဘဲ အော်တိုမက်တစ် ရိုင်ဖယ်ကဲ့သို့သော လက်နက်များပါပါဝင်လာပြီး သိမ်းဆည်းရမိသည့် လက်နက်အရေအတွက်ပမာဏမှာလည်း အံ့အားသင့်ဖွယ်ဖြစ်သည်။ နယ်စပ်မှ ခိုးသွင်းလာသည်ဆိုသော အဆိုပါလက်နက်များ ပြည်တွင်း၌ ပမာဏအများအပြားတွေ့ရှိဖမ်းမိနိုင်မှုမှာ ဤအကြိမ်သည် ပထမဆုံးမဟုတ်။ တရားမဝင်လိုင်စင်မဲ့ လက်နက်ခဲယမ်းများ၊ ဆက်သွယ်ရေးစက်များ၊ မော်တော်ယာဉ်များ လက်ဝယ်ထားရှိခြင်းမပြုဘဲ သက်ဆိုင်ရာသို့ အပ်နှံကြရန်နှင့် တွေ့ရှိပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏လက်နက်ကိုင်ဆောင်ရေးမူအရ လေသေနတ်၊ လုပ်သေနတ်အပါအဝင် လက်နက်အားလုံးကို လိုင်စင်ဖြင့်သာ ကိုင်ဆောင်ခွင့်ပြုထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အသိပေးကြေညာထားပြီးဖြစ်ရာ အတိုင်းအတာတစ်ရပ်အထိတော့ သက်ရောက်မှုရှိမည်ဟု ယူဆမိသည်။

လက်ရှိအချိန်အခါသည် မိမိတို့နိုင်ငံအပေါ် နိုင်ငံတကာ၏အာရုံစူးစိုက်မှုနှင့်အတူ လူ့အခွင့်အရေးအကြောင်းပြ ဖိအားပေးမှုများရှိနေသကဲ့သို့ ဘာသာရေးအစွန်းရောက်ဝါဒီအကြမ်းဖက်အုပ်စုတို့၏ ခြိမ်းခြောက်မှုများလည်းရှိနေရာ လူဝင်လူထွက်ကိစ္စများနှင့်တကွ ပေါက်ကွဲစေနိုင်သည့် အရာများ၊ ဓာတုဗေဒပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဝင်ရောက်မလာနိုင်ရေးအတွက် မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်း၊ သတင်းရယူဖော်ထုတ်ခြင်းတို့ မပြတ်ပြုလုပ်ရန် လိုအပ်လှသည့်အလျောက် သက်ဆိုင်ရာတာဝန်ရှိသူတို့သာမက နိုင်ငံသူနိုင်ငံသားတစ်ရပ်လုံးက ဝိုင်းဝန်းကူညီခြင်းဖြင့် နိုင်ငံတော်လုံခြုံရေးတွင် တစ်တပ်တစ်အားပါဝင်ကြရန် နှိုးဆော်အပ်ပါကြောင်း။

## မိုးပိုလာနိုင်

နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၁-၁၀-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၇၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ | ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ·၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ·၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးအေးသာအောင် အင်းသားအမျိုးသားနေ့သို့ တက်ရောက်နှုတ်ခွန်းဆက်စကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးဘုရား ကုန်းတော်ပေါ်၌ ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ဒုတိယအကြိမ် အင်းသားအမျိုးသားနေ့ အခမ်းအနားကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ရှေးဦးစွာ ဖောင်တော်ဦးဘုရား ရေပြင်ရှေ့၌ အင်းလေးရိုးရာ ဆွဲလှေ ၄၈ စင်းက သရုပ်ပြလှော်ခတ်ပြီး ဖောင်တော်ဦးဘုရားအား ဦးညွှတ်ကြသည်။
ယင်းနောက် အင်းရိုးရာ အစဉ်အလာအကဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပေးပို့သော အင်းသားအမျိုးသားနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး ညောင်ရွှေမြို့နယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပေးပို့သော အင်းသားအမျိုးသားနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ အင်းသား အင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဒုတိယအကြိမ် အင်းသားအမျိုးသားနေ့အခမ်းအနားတွင် တက်ရောက်လာသူများနှင့် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်** (မြို့နယ် ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် MITV နှင့် MRTV သတင်းခန်းများတွင် သတင်းများရိုက်ကူးထုတ်လွှင့်တင်ဆက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၁

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်း၌ ရွှေသံလွင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး Myanmar International Television(MITV)နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) သတင်းခန်းများတွင် သတင်းများရိုက်ကူး ထုတ်လွှင့်တင်ဆက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

တွေ့ဆုံစဉ် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက MITV အနေဖြင့် နိုင်ငံတကာသို့ သတင်းမှန် တင်ပြနိုင်ရေးနည်းလမ်းများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် Myanmar International Television (MITV), MRTV Entertainment CEO ဦးဇော်သက်မောင်က MITV ၏ လက်ရှိ သတင်းထုတ်လွှင့်တင်ဆက်မှု၊ You Tube ၊ Facebook နှင့် Website စာမျက်နှာများတွင် ထုတ်လွှင့်နေမှု၊ လက်ရှိထုတ်လွှင့်နေသည့် Program များ၊ နိုင်ငံတကာသတင်းဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ၊ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သတင်းများဖော်ပြပေးနိုင်မှု၊ MITV ဝန်ထမ်းအင်အားနှင့် ထုတ်လွှင့်မှုအတွက် ကုန်ကျစရိတ်တို့ကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် MITVနှင့် MRTVသတင်းခန်းများ၏ သတင်းထုတ်လွှင့်တင်ဆက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**




အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanmar International Television (MITV)သည် ၂၀၀၁ မှ ၂၀၁၀ အထိ MRTV-3 အမည်ဖြင့် ထုတ်လွှင့်ခဲ့ပြီး ၂၀၁၀ နောက်ပိုင်းတွင် ရွှေသံလွင်မီဒီယာနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) မှ ဝန်ထမ်းများ ပူးပေါင်း၍ MITV အမည်ဖြင့် ထုတ်လွှင့် ခဲ့သည်။

MITV သည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုများအကြောင်း၊ ထင်ရှားကျော်ကြားသည့် လူပုဂ္ဂိုလ်များ၏ အကြောင်း၊ နိုင်ငံခြားသားခရီးသည်များ သွားရောက်လည်ပတ်နိုင်သည့် မြန်မာနိုင်ငံ၏ ထင်ရှားလှပသည့် ဒေသရှုခင်းများ အကြောင်း၊ သတင်း၊ Documentary၊ ခရီးသွားမြင်ကွင်း၊ လူမှုဘဝဆောင်းပါးနှင့် ရာသီဥတုနှင့် အခြားဆိုင်ရာအစီရင်ခံစာများကို အင်္ဂလိပ်ဘာသာဖြင့် အချိန်ကျ နေ့စဉ် ထုတ်လွှင့်လျက်ရှိသည်။

MITV Channel သည် ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော နိုင်ငံခြားသားများအား မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို သိရှိစေရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိတွေ့ခံစားနိုင်စေရန် ရည်ရွယ်၍ အင်္ဂလိပ်ဘာသာဖြင့် တင်ဆက်သည့် ရုပ်သံအစီအစဉ်တစ်ခုဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းရှိ Myanmar International Radio (MIR) သို့သွားရောက်၍ အင်္ဂလိပ်ဘာသာဖြင့် ရေဒီယိုတိုက်ရိုက်ထုတ်လွှင့်ရန် ပြင်ဆင်ထားမှု၊ စက်ပစ္စည်းတပ်ဆင်ထားမှု၊ ရုပ်သံရိုက်ကူးရေးအခန်းနှင့် Back Up Room၊ ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်း နောက်ခံစကားပြော ထည့်သွင်းတင်ဆက်မှုအပိုင်းတို့ကို ကြည့်ရှုရာ MIR မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် MIRမှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးအား MIR နှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ်ပြည်ထောင်စုဝန်ကြီးကMIR နှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ထားမှုများသည် စိတ်ဝင်စားစရာ၊ ကျေနပ်အားရစရာကောင်းကြောင်း၊ MIR သည် မြန်မာကို ကမ္ဘာက သိရှိစေရန် ရည်ရွယ်၍ နိုင်ငံတကာအဆင့်မီ လုပ်ဆောင်နေသည့်အတွက် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လုပ်ငန်းစတင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သောကြောင့် ကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရွှေသံလွင်ကုမ္ပဏီဝင်းအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

Myanmar International Radio Channel (MIR)ထုတ်လွှင့်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားသံတမန်များ၊ ကျွမ်းကျင်ပညာရှင်များ၊ INGO တွင်လုပ်ကိုင်နေသူများ၊ ကမ္ဘာလှည့်ခရီးသွားများအပါအဝင် နိုင်ငံခြားသားများနှင့် နိုင်ငံတကာ အသိုက်အဝန်းအတွက် နိုင်ငံတကာဘာသာစကားများဖြင့် အသိပညာဗဟုသုတနှင့် ပြည်တွင်းပြည်ပသတင်းများအား အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ MRTV နှင့် ရွှေသံလွင်မီဒီယာတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

**●*ရှေ့ဖုံးမှ***

စိုက်ပျိုးသည့်ကျေးရွာများအရောက် စိုက်ခင်းထဲမှ ဈေးကွက်ထဲပို့မည့် အသီးအရွက်များကိုရွေ့လျားစစ်ဆေးရေးယာဉ် (Mobile Lab) နှင့် စမ်းသပ်စစ်ဆေးမှုများပြုလုပ်ကာ ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲထားခြင်းရှိမရှိကို တစ်ခါတည်းအဖြေပေးခဲ့ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းလင်းအောင်က “ ဒီလိုပွဲတွေ ပြုလုပ်ရတာ ဒါဟာ ဒုတိယအကြိမ်ပါ၊ ကျွန်တော်တို့ တပ်ကုန်းမြို့မဈေးကို Mobile Lab နဲ့ ရှောင်တခင်ဝင်စစ်ဆေးတော့ ဟင်းသီးဟင်းရွက်ခုနစ်မျိုးကိုစစ်တာ ခုနစ်မျိုးစလုံးမှာ ပိုးသတ်ဆေးအလွန်အကျွံသုံးထားတာတွေ့ရပါတယ်။ ဒါဟာရောင်းချသူတွေရဲ့ အပြစ်မဟုတ်ဘူး၊ စိုက်ပျိုးသူတောင်သူတွေရဲ့အပြစ်ဖြစ်ပါတယ်။ ဒါနဲ့ပဲ တပ်ကုန်းမြို့နယ်မှာရှိတဲ့ ဟင်းသီးဟင်းရွက်သီးနှံတွေအထွက်များတဲ့ ဒီကျေးရွာကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်း အသိပညာပေးမှုတွေ၊ ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲမှုတွေ မရှိစေဖို့အတွက် လက်တွေ့စစ်ဆေးမှုတွေပြုလုပ်ပြီး တောင်သူတွေ အသိပညာရရှိစေဖို့ လာရောက်ဆွေးနွေးဟောပြောတာဖြစ်ပါတယ်။ ဒီနေ့မှာလည်း ဈေးကွက်ထဲသို့ရောင်းချမယ့် ဖရဲသီး၊ ပဲတောင့်ရှည်၊ ခရမ်းသီးညို၊ ခရမ်းသီးဖြူစတဲ့ သီးနှံတွေကို ဓာတ်ခွဲစမ်းသပ်မှုတွေပြုလုပ်ထားပါတယ်။ အဲဒီသီးနှံရဲ့အဖြေတွေကိုလည်း တောင်သူတွေကို ချက်ချင်းပြောပြခဲ့တာပါ၊ တောင်သူတွေကလည်း ပူးပေါင်းပါဝင်တာ တွေ့ရပါတယ်”ဟု ပြောသည်။

တောင်သူအများစုသည် ဆေးဆိုင်နှင့် ကုမ္ပဏီများမှ ရောင်းချသောပိုးသတ်ဆေးများကို အယုံလွယ်ဝယ်ယူသုံးစွဲခြင်း၊ ပိုးသတ်ဆေးသုံးစွဲနည်းများ အားနည်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းပြီး သုံးပတ်အတွင်းဈေးကွက်အတွင်း ဖြန့်ဖြူးခြင်းစသည်တို့ကြောင့် ဓာတ်ကြွင်းဓာတ်ကျန် ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲထားသော ဟင်းသီးဟင်းရွက်များစားသုံးမိပါက မူးဝေအော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ အသက်ရှူကျပ်ခြင်းနှင့် တက်ခြင်းတို့ဖြစ်ပေါ်နိုင်ပြီး ရေရှည်စားသုံးမိပါက ကင်ဆာရောဂါများအထိ ဖြစ်ပွားစေနိုင်ကြောင်း FDA မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းလင်းအောင်က ပြောသည်။

**လိုက်နာရန်လို**

တောင်သူများအနေဖြင့် တရားဝင်မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကို ရွေးချယ်ဝယ်ယူရန်လိုကြောင်း၊ အထူးသဖြင့် ပိုးသတ်ဆေးဘူးတွင်ပါသော မြန်မာစာအညွှန်းကို သေချာစွာဖတ်ရှု အသုံးပြုရန်လိုကြောင်း၊ ထို့အပြင် ပိုးသတ်ဆေးတစ်မျိုးတည်းကို အသုံးမပြုဘဲ သဘာဝပိုးသတ်ဆေး(တမာ၊ ကြက်သွန်ဖြူ၊ ဆေးရွက်ကြီး)၊ ဇီဝပိုးသတ်ဆေးများ ( ဥကပ်ပါးနဂျီ) စသည်တို့ကို အစားထိုးသုံးစွဲခြင်းဖြင့် ဓာတ်ကြွင်းပါဝင်မှုကိုလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပိုးသတ်ဆေးသုံးစွဲရာတွင် သီးနှံများ မရိတ်သိမ်းမီ စောင့်ရမည့်ရက်ကို လိုက်နာရန်လိုကြောင်း စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြမြလွင်က ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရောင်းချနေသော ပိုးသတ်ဆေးကို ပိုးသတ်ဆေးဥပဒေနှင့် အညီရောင်းချခြင်းရှိ မရှိ လစဉ်စစ်ဆေးနေကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

WHO နှင့် UN Environment Programme ခန့်မှန်းချက်အရ တစ်နှစ်လျှင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော လုပ်သားသုံးသန်းခန့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးအန္တရာယ်ခံစားနေရပြီး လူပေါင်း ၁၈၀၀၀ ခန့် နှစ်စဉ် သေဆုံးနေရကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်စဉ် လူ ၂၅ သန်းခန့် အပျော့စားပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးအဆိပ်သင့်မှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

စိုက်ပျိုးသူတောင်သူများနှင့် စားသုံးသူများအန္တရာယ်ကင်းရှင်းစေရေးအတွက် နေပြည်တော်ရှိဈေးများနှင့် စိုက်ခင်းများအတွင်းသို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ အစားအသောက်များနှင့် သီးနှံများကိုရွေ့လျားစစ်ဆေးရေးယာဉ် (Mobile Lab) ဖြင့် ဝင်ရောက်စစ်ဆေးကာ ဟင်းသီးဟင်းရွက်များကို ပိုးသတ်ဆေးကင်းစင်ခြင်း ရှိမရှိ ဓာတ်ခွဲစစ်ဆေးပြီး အဖြေများကို တစ်ခါတည်း ထုတ်ပြန်ပေးခဲ့ကြောင်း သိရသည်။

**သတင်း- ကျော်သူဝင်း၊ ဓာတ်ပုံ- သက်ထက်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း ကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ပျိုးတည်ထောင်လျက်ရှိသည့် ၂၀၁၆ ခုနှစ်စိုက်ခင်း၊ Group Planting Method စမ်းသပ်စိုက်ပျိုးလျက်ရှိသည့် သစ်မျိုးစုံစမ်းသပ်ကွက်၊ ပုံတူမျိုးပွားစပ်မျိုးအကေးရှားသစ်မျိုးစမ်းသပ်ကွက်နှင့် ရေဝေရေလဲစိုက်ခင်းများအား ကြည့်ရှုစစ်ဆေး၍ သစ်မျိုးအလိုက် ပြုစုပျိုးထောင်မှုနည်းစနစ်များ၊ ပင်ပူးခွာကိုင်းချိုင်လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် မှာကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနက စိုက်ပျိုးပြုစုထိန်းသိမ်းလျက်ရှိသည့် (၁/၂၀၁၇)စီးပွားရေးကျွန်းစိုက်ခင်းဧက ၁၀၀ သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးမှ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းလိုအပ်ချက်များ၊ ခွင့်ပြုဘဏ္ဍာငွေအပေါ် စနစ်တကျ အကျိုးရှိစွာအသုံးချရန်၊ စိုက်ပျိုးရာသီအလိုက် ဆောင်ရွက်ရန်လုပ်ငန်းများအား အချိန်မီဆောင်ရွက်ရန်၊ စိုက်ခင်းများရှင်သန်အောင်မြင်စေရေးအထူးအလေးထားဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် တောင်တွင်းကြီးမြို့နယ် ငမင်ကြိုးဝိုင်းအတွင်း စိုက်ပျိုးတည်ထောင်လျက်ရှိသည့် တရုတ်-မြန်မာ ချစ်ကြည်ရေးဇီဝစံပြ သစ်တောစီမံကိန်း၌ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် ကျွန်းနှင့် သစ်မာမျိုးစုံစိုက်ခင်း ဧက ၁၀၀ အား ကြည့်ရှုစစ်ဆေး၍ သစ်မျိုးများအလိုက် ရာနှုန်းပြည့်ရှင်သန်မှုရှိစေရေး အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန်မှာကြားခဲ့ပြီး ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်ရှိ သစ်တောဦးစီးဌာနက ၂၀၁၆ ခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးခဲ့သည့် ပုဂ္ဂလိကနှင့်ဌာနစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

မွန်းလွဲပိုင်းတွင် ငလိုက်စခန်းသာဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသို့ရောက်ရှိ၍ နေပြည်တော်တောင်ပိုင်းသစ်ထုတ်ရေးဒေသမှ တာဝန်ရှိသူများက ဆင်စခန်းတိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအား ဖြည့်စွက်မှာကြားသည်။

ထို့နောက် နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်အားလှည့်လည်ကြည့်ရှုစစ်ဆေး၍ သစ်တောသုတေသနဌာနမှ တာဝန်ရှိသူများက ပရဆေးပင်များထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ၊ တောအမျိုးအစားအလိုက် ဆေးဖက်ဝင်အပင်များ၊ မြန်မာပြည်တွင်သာတွေ့ရှိရသည့် ဒေသအလိုက်ထူးခြားသည့်သစ်ခွနှင့် ဆေးဖက်ဝင်အပင်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် နေပြည်တော် ပြည်ထောင်စုနယ်မြေ၌ ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည့်နေရာများ သို့သွားရောက်၍ အောင်မြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# မိမိတို့နိုင်ငံကို ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် အဂတိတရားကင်းကင်းနှင့် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားဖြင့် ဆောင်ရွက်သွားကြရမည်

နေပြည်တော် အောက်တိုဘာ ၂၁

**နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ နေပြည်တော်ကောင်စီဝင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများနှင့် (၅/၂၀၁၇)ကြိမ်မြောက် လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။**(အောက်ပုံ)




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ ဦးစားပေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုများ ပေါ်ပေါက်လာပြီး ပြည်ပသို့ ပို့ကုန်များတင်ပို့နိုင်မှသာ တိုင်းပြည်၏ စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရိုးရာယဉ်ကျေးမှုများကို အခြေခံ၍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ တည်ငြိမ်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းကိုလည်း ဦးစားပေးအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွန်းအားပေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအရ Infrastructure Development၊ MSME များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အခြားအခြားသော လိုအပ်ချက်များကို နိုင်ငံတော်၏ မဟာဗျူဟာရည်မှန်းချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(MADB) မှ စိုက်ပျိုးစရိတ်ချေးငွေအပြင် Two Step Loans ဖြင့် လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာသုံး သွင်းအားစုများကို ထုတ်ချေးပေးလျက်ရှိကြောင်း၊ ချေးငွေရရှိရန် ကျန်ရှိနေသေးသည့် နေရာဒေသများကိုလည်း MADB နှင့် ချိတ်ဆက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှလည်း နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေများ၊ အကူအညီများဖြင့် Two Step Loans များ ထုတ်ချေးပေးနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တောင်သူလယ်သမားများအနေဖြင့် ကြက်၊ဝက်၊ နွားများကို တစ်ပိုင်တစ်နိုင် မွေးမြူကြသော်လည်း စီးပွားဖြစ် မွေးမြူနိုင်ခြင်း မရှိသေးပါကြောင်း။

ထို့ကြောင့် မွေးမြူရေးလုပ်ငန်းရှင်များကို ချေးငွေများထုတ်ချေး၍ တောင်သူ လယ်သမားများအတွက် မွေးမြူရေးလုပ်ငန်းများကိုပါ ပူးတွဲလုပ်ကိုင်နိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ SME လုပ်ငန်းများ အားကောင်းလာစေရန်အတွက် ပြည်ပပို့ကုန် ထောက်ပံ့မှုပေးနိုင်သည့် ထုတ်လုပ်မှုလုပ်ငန်းများကို အဓိက ဦးစားပေး စဉ်းစားစေလိုပါကြောင်း၊ ပြည်ပပို့ကုန်များပြားလာလျှင် နိုင်ငံခြားဝင်ငွေလည်း တိုးတက်လာပြီး နိုင်ငံတော်၏ GDP လည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံနှင့် ပတ်သက်၍ ပြည်ပချေးငွေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ ဒေသတွင်းရှိ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည်ဖြင့် မဖွံ့ဖြိုးသေးသည့်ဒေသများကို ဦးစားပေး စဉ်းစားစေလိုကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) အနေဖြင့် မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လုပ်ပိုင်ခွင့်များ ချမှတ်ပေးထားပြီး ဖြစ်၍ နှောင့်နှေးကြန့်ကြာမှုများ မဖြစ်စေရန် အရေးကြီးပါကြောင်း၊ မိမိတို့ဒေသသို့ လာရောက် ရင်းနှီးမြှုပ်နှံမည့်သူများကို အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးရန်လည်းလိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများခွင့်ပြုပေးရာတွင် အခက်အခဲများ ပေါ်ပေါက်လာပါက MIC သို့ ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း၊ တရားမဝင်ကုန်စည် စီးဆင်းမှုများကို ပပျောက်စေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် ဝိုင်းဝန်းကူညီစေလိုပါကြောင်း၊ မိမိတို့နိုင်ငံကို ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် အဂတိတရားကင်းကင်းနှင့် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားဖြင့် ဒေသအကျိုး၊ ပြည်သူများအကျိုးကို အမြဲအာရုံထားပြီး ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဆက်အောင်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး/စီးပွားရေးဝန်ကြီးများက အခွန်အရပ်ရပ်ကောက်ခံရရှိမှုအခြေအနေများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ SME၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ချေးငွေထုတ်ချေးရန်ကိစ္စများ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခုတွင် စက်မှုဇုန်များ တည်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေးကိစ္စများ၊ သစ်သီးဝလံပန်းမန်တိုးမြှင့် စိုက်ပျိုးထုတ်လုပ်ရေးကိစ္စများ၊ သစ်တောထွက်ပစ္စည်းများ တရားမဝင် ခိုးထုတ်နေမှုများအား ပိုမိုထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးကာ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❊ ***ရှေ့ဖုံးမှ***

ပုဂ္ဂလိကကဏ္ဍအနေဖြင့် နိုင်ငံ့အရေး၊ လူမှုရေးနှင့်ဖွံ့ဖြိုးရေးအတွက် ရခိုင်ပြည်နယ်၏အရေးပေါ်နှင့် အရေးကြီးလိုအပ်သည့်လုပ်ငန်းများကို သုံးသပ်ဆုံးဖြတ်ပြီး စုပေါင်းအားဖြင့် ဖြည့်ဆည်း ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ ပဏာမဖွဲ့စည်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။



လုပ်ငန်းအဖွဲ့များအနေဖြင့် ရခိုင်ပြည်နယ်၌ ချက်ချင်းလက်ငင်းဖြေရှင်းရမည့် ပြန်လည်နေရာချထားရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးအပြင် ရေတို၊ ရေရှည်လုပ်ငန်းများဖြစ်သည့် စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးတို့ကိုပါ လုပ်ငန်းစီမံချက်များချမှတ်ပြီး ဆောင်ရွက်ကြမည်ဖြစ်သည်။

လုပ်ငန်းအဖွဲ့များ၏ ကနဦးလုပ်ငန်းအနေဖြင့် အဖွဲ့ဝင်များသတ်မှတ်ခြင်း၊ အဖွဲ့၏လုပ်ငန်းများ သတ်မှတ်ခြင်းနှင့် လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ချမှတ်ရမည့် မူဝါဒများကိုလည်းအလျင်အမြန် စုစည်းသွားမည်ဖြစ်သည်။

အောက်တိုဘာ ၂၅ ရက် တွင် UEHRD နှင့် ပုဂ္ဂလိကကဏ္ဍ အစည်းအဝေးကို ထပ်မံကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေးတွင်တင်ပြ အတည်ပြုကြမည်ဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်များအား ကနဦးလေ့လာရန်အတွက်လုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်များ၊ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များသည် အောက်တိုဘာလနောက်ဆုံးပတ်တွင် ရခိုင်ပြည်နယ်သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

UEHRD နှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့များအားလုံးကို ဦးဆောင်ညှိနှိုင်းဆောင်ရွက်မည့် အဖွဲ့တစ်ဖွဲ့ကိုလည်း ကုန်သည်/စက်မှုအသင်းချုပ်တွင် ဖွဲ့စည်းသွားရန်ရှိပြီး "ဒီလောက် အခက်အခဲတွေကြားမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေဟာ ရခိုင်ပြည်နယ်ဖွံ့ဖြိုးအောင် လုပ်ပြနိုင်တယ်ဆိုတာ ကျွန်တော်တို့ သက်သေပြကြမယ်။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ လုပ်ငန်းရှင်တွေနဲ့ ပြည်သူလူထု ပါဝင်နိုင်အောင်လည်း အင်တာနက်၊ မိုဘိုင်းဖုန်း၊ Social Media စတဲ့ ပလက်ဖောင်းမျိုးစုံကနေတစ်ဆင့် ဖိတ်ခေါ်သွားမယ်" ဟု ဒေါက်တာအောင်ထွန်းသက်က ပြောကြားခဲ့ကြောင်း သိရသည်။

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် မြန်မာလုပ်ငန်းရှင်များ ကျွမ်းကျင်ရာ ကဏ္ဍများမှ ပူးပေါင်းပါဝင်ကြရန် လုပ်ငန်းရှင်များကို ဖိတ်ခေါ်ထားသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-ကုန်သည်/စက်မှုအသင်းချုပ်**

# UEHRD စီမံကိန်းနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၁

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) နှင့်ပတ်သက်၍ လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးကိစ္စရပ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် ကဏ္ဍစုံလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော UEHRD ကော်မတီကို ဖွဲ့စည်းထားရှိပါကြောင်း၊ လုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ နှင့်ပတ်သက်၍ ပြည်တွင်းအင်အားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြန်လည် နေရာချထားရေးကိုလည်း နိုင်ငံတော်အစိုးရက စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နောင် ဤကဲ့သို့ ပဋိပက္ခများ မဖြစ်ပွားစေရေး၊ ဥပဒေနှင့် အညီနည်းလမ်းမှန်ကန်စွာဖြင့် နိုင်ငံတော်အစိုးရက စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်များတွင်

ယင်းနောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးလူငယ်အဖွဲ့က UEHRD ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးတွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရေး စီမံချက်ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး



ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိုမိုစည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများက မြင်သည့်အမြင်များသည် မိမိတို့နိုင်ငံအတွက် နစ်နာမှုများရှိပါကြောင်း၊ နိုင်ငံတကာအမြင်နှင့် ဖြစ်ပွားသည့် အဖြစ်အပျက်အရင်းအမြစ်ကို သေသေချာချာသိရှိဖို့လိုကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ပြီး ထိုကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိ ရခိုင်ပြည်နယ် ပဋိပက္ခနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးရှိ ပြည်သူများပါဝင်သော ပြည်ထောင်စုစီမံကိန်း (UEHRD)ကို အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ UEHRD တွင် အချက်သုံးချက်ပါဝင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေး လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ လူမှုအသိုက်အဝန်းနှစ်ရပ်အကြား လူမှုသဟဇာတဖြစ်စွာ နေထိုင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် လူငယ်များ၏ အင်အားကို ရယူဆောင်ရွက်ခြင်းဖြင့် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဆောင်ရွက်ပေးရာတွင် စိတ်ပိုင်းဆိုင်ရာခံစားမှုများကို ဖြေလျှော့ပေးရန် အားပေးကူညီမှုများ လိုအပ်ကြောင်း၊ လူ့အဖွဲ့အစည်းများအတွင်း အေးချမ်းသာယာရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျေးရွာများ၏ အချက်အလက်များကို ကောက်ယူရန် လိုအပ်ကြောင်းပြောကြားပြီး ဝန်ကြီးဌာနက ဆောင်ရွက်ထားရှိသည့် လူသားချင်း စာနာထောက်ထားမှုအကူအညီပစ္စည်းများ ဖြန့်ဝေရေးစီစဉ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားသည်။ ခဲ့သည်။ အစည်းအဝေးတွင် ရခိုင်ပြည်နယ်အတွင်းရှိ ဘေးဒုက္ခခံစားနေရသူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို မိသားစုများလက်ဝယ်အရောက် အဖွဲ့တစ်ဖွဲ့လျှင် ၂၀ စီပါဝင်သော လူငယ်အဖွဲ့များ ဖွဲ့စည်း၍ တစ်ကြိမ်လျှင် ရက် ၂၀ ကြာ အလှည့်ကျသွားရောက်လုပ်ငန်းဆောင်ရွက်နိုင်ရေး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရောဝတီဖောင်ဒေးရှင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လူငယ်တာဝန်ခံများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးလူငယ်အဖွဲ့၊ Youth Social Group နှင့် ရန်ကုန်တိုင်းဒေသကြီးမှ လူငယ်မှုဝါဒရေးဆွဲခဲ့သော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း

**မောင်တော အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက မောင်တောမြို့နယ်အတွင်းရှိ တမန်းသားကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများအဖွဲ့နှင့် မောင်တောခရိုင်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ စစ်တွေမြို့ မဏိရတနာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောမ(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောမ အမှူးပြုသည့် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်းနှင့်အတူ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ စစ်တွေမြို့ ဓမ္မသုခ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောမ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မဟာထေရ်မြတ်ထံမှ ကထိန်အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# NCA အပေါ် လေ့လာသုံးသပ်နိုင်ရေးနှင့် အဆုံးအဖြတ်ပေးနိုင်ရန်အတွက် မွန်ပြည်သစ်ပါတီက ဗဟိုအလုပ်အမှုဆောင်အရေးပေါ်အစည်းအဝေးကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၂၁**

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ် လေ့လာသုံးသပ်နိုင်ရေးနှင့် အဆုံးအဖြတ်တစ်စုံတစ်ရာပေးနိုင်ရန် အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက မွန်ပြည်သစ်ပါတီ၏ ဗဟိုဌာနချုပ်၌ ပြုလုပ်ခဲ့ပြီး လိုအပ်ပါက ဗဟိုကော်မတီအစည်းအဝေးပါ ထပ်မံခေါ်ယူသွားမည်ဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင် နိုင်ဝင်းလုက ပြောသည်။

"ကျွန်တော်တို့ UNFC မှာ ပါဝင်ထားတယ်၊ တစ်ဆက်တည်းမှာပဲ NCA အပြင် မူရှစ်ချက်ထဲကိုလည်း ဘယ်လောက်ထိ ဖြည့်ဆည်းပေးနိုင်မလဲဆိုတာ တင်ပြညှိနှိုင်းဆောင်ရွက်နေတာရှိပါတယ်။ ညှိနှိုင်းဆောင်ရွက်နေတာကို ဘယ်လိုအခြေအနေရှိလဲ၊ ရှေ့ဆက်သွားလို့ရမရ၊ လမ်းကြောင်း ပိတ်နေပြီလား၊ ရှေ့ဆက်ဖို့ လမ်းကြောင်းရှိသေးလား၊ ဒီအပေါ်မှာ ကျွန်တော်တို့ပါတီက ပြန်လည်သုံးသပ်ပြီးတော့ NCA လုပ်ငန်းစဉ်အပေါ် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ အဆုံးအဖြတ်တစ်ခု ပေးသွားမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ အရေးပေါ်အစည်းအဝေးခေါ်ယူရခြင်းနှင့်ပတ်သက်ပြီး မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးသည် တစ်လတစ်ကြိမ် ပုံမှန်ကျင်းပလျက်ရှိရာ ယခုကျင်းပသည့် အစည်းအဝေးသည် ပုံမှန်အစည်းအဝေးမဟုတ်ဘဲ အရေးပေါ်အစည်းအဝေးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလမ်းစဉ်အတိုင်း NCA အတိုင်း ပါဝင်သွားမယ်ဆိုတာ ပါတီက ပြောဆိုထားကြောင်း၊ NCA လမ်းကြောင်းထဲသို့ ပါဝင်လာနိုင်ရန် ကြိုးပမ်းနေကြောင်း၊ မွန်ပြည်သစ်ပါတီသည် အစိုးရနှင့် တပ်မတော်တွေ့ဆုံစဉ်က တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) နှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားမှုများရှိကြောင်း နိုင်ဝင်းလုက ပြောသည်။

**တင်ထွဋ် (မော်လမြိုင်)**

# မိုးလေဝသ အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၁**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ရှစ်ပေမှ ၁၀ပေခန့်၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

# လှုပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေး၊ ဗို့အားတည်ငြိမ်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေး၊ ဗို့အားတည်ငြိမ်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် အောက်တိုဘာ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေရေနီခွဲရုံ၊ ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ သဲဖြူခွဲရုံ၊ ၃၃/၁၁ ကေဗွီ ၂ အမ်ဗွီအေ ဆွာခွဲရုံ၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ရေတာရှည်ခွဲရုံ၊ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ တောင်ငူ (ရခိုင်စု)ခွဲရုံ၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထန်းတပင်ခွဲရုံနှင့် ၂၃၀/ ၃၃/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ ဟင်းငုတ်ပင်ခွဲရုံများသို့ သွားရောက်စစ်ဆေးသည်။

အဆိုပါခွဲရုံများတွင် လက်ရှိ ၃၃ ကေဗွီ၊ ၁၁ ကေဗွီဓာတ်အား လိုင်းများဖြင့် ပြည်သူလူထုအား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများအား စစ်ဆေး၍ ပြည်သူများ ဗို့အားတည်ငြိမ်ပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ဗို့အားအတက်အကျ ဖြစ်ပွားနေမှုများအား ထိန်းညှိဆောင်ရွက်ခြင်းများအား စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑ *ကျောဖုံးမှ*

လည်းသင့်မြတ်စွာနေထိုင်တတ်၍ လာရောက်လည်ပတ်သော ပြည်သူနှင့် တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းများက ဆင်မမိုမိုကို ချစ်ခင်သံယောဇဉ်ရှိကြခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ၁၉၀၁ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီးတော့ ငါးနှစ်အကြာ (၁၉၀၆ခုနှစ်)မှာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကိုစတင်ဖွင့်လှစ်ခဲ့တာပါ။ စဖွင့်ကတည်းက ဆင်ပြကွက်နဲ့ စခဲ့တာပါ။ ဆင်ဖြူနဲ့စခဲ့တာ။ ၁၉၆၁ ခုနှစ်မှာ ဆင်မမိုမို စတင်ရောက်ခဲ့ပါတယ်။ ဆင်ဖြူတွေရှိတဲ့ထဲမှာ ဆင်မည်းမိုမိုလည်း ရှိနေခဲ့တာပါ။ ဆင်ဖြူနှစ်ကောင်နဲ့ ဆင်မမိုမိုသုံးကောင်မှာ အများပြည်သူရဲ့မေတ္တာကို ဆင်မမိုမိုက အများဆုံးရရှိခဲ့ပါတယ်။ အခု ၆၄ နှစ်ပြည့် မွေးနေ့မှာ မိုမိုဟာရန်ကုန်မြေပေါ်မှာ ၅၇ နှစ်တိုင်တိုင် ကျန်းမာအသက်ရှည်စွာရှိနေတာဟာ ရန်ကုန်မြို့အတွက် ဂုဏ်ယူစရာလည်းဖြစ်ပါတယ်"ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ် တိရစ္ဆာန်ဆရာဝန် ဒေါက်တာမြင့်သိန်းက ပြောသည်။

MO MO Birthday နှင့် ပျော်ပွဲရွှင်ပွဲအစီအစဉ်ကို အောက်တိုဘာ ၂၂ ရက်နံနက်ပိုင်းတွင် စတင်မည်ဖြစ်ရာ မွေးနေ့ပွဲသို့ လာရောက်မည့်ပြည်သူများအတွက် ဈေးရောင်းပွဲတော်၊ Kids Talent Show အစီအစဉ်များ၊ Unplugged Music Show များနှင့် Lucky Draw အစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။ **သန်းထိုက်(လှိုင်သာယာ)**

# လူငယ်တွေကို မှာချင်တာက နည်းပညာတွေအများကြီးထွန်းကားနေတဲ့ကာလမှာ လူငယ်တွေအနေနဲ့ ဝိုင်းဝန်းကူညီကြပါ

ဒေါက်တာအောင်ထွန်းသက်

သတင်းအဖွဲ့

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အလှူငွေများလက်ခံပြီး စီးပွားရေးလုပ်ငန်းရှင် အသီးသီးက ငွေကျပ်သိန်းပေါင်း ၁၇၇၇၀၀ ကို လှူဒါန်းခဲ့ကြသည်။**

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်လာကြသည့် အလှူရှင်နှင့် တာဝန်ရှိသူအချို့၏ စကားသံများကို ဖော်ပြလိုက်ပါသည်။

**ဒေါက်တာအောင်ထွန်းသက်**
**UEHRD ညှိနှိုင်းရေးမှူးချုပ်**



အရပ်ဘက်လူ့အဖွဲ့အစည်းတွေသုံးဖွဲ့ နိုင်ငံတော်အပိုင်းရော၊ CSO ရော၊ ပုဂ္ဂလိကကဏ္ဍရော ဟန်ချက်ညီညီပေါင်းမှ ကိုယ့်နိုင်ငံ တိုးတက်ဖို့အလားအလာရှိတယ်။ ဒီနေ့ အခမ်းအနားကတော့ ဟိုတလောက ဖွဲ့လိုက်တဲ့ ရခိုင်ပြည်နယ်နဲ့ ပတ်သက်တဲ့ ကော်မတီတွေ၊ အမှန်တော့ စီမံချက်တစ်ခုကို စတင်အကောင်အထည် ဖော်တဲ့အနေနဲ့ လှူတဲ့လူတွေကို ဂုဏ်ပြုတာ၊ ချီးကျူးတာပေါ့၊ လှူတာမှာ ကျွန်တော်တို့ အမြဲတမ်းစဉ်းစားလိုတာက ပုံစံအမျိုးမျိုးနဲ့ လှူလို့ရတယ်။ ငွေအင်အားနဲ့ လှူလို့ရတယ်။ နည်းပညာအင်အားနဲ့ လှူလို့ရတယ်။ စိတ်နဲ့ လှူလို့ရတယ်။

အဲ့ဒီတော့ ကျွန်တော်တို့နိုင်ငံ တိုးတက်၊ အောင်မြင်၊ အေးချမ်းစေချင်ရင် လုပ်ငန်းရှင်တွေ တစ်ဖက်ကလှူသလို ကျွန်တော်တို့ဆီမှာရှိတဲ့ လူတွေအားလုံးကလည်း သူ့နေရာနဲ့သူ လှူလို့ရတယ်။ ကျွန်တော်တို့တစ်တွေ ကြိုးစားကြည့်နေတယ်၊ အခုခေတ် လူငယ်တွေ အားလုံးက Internet Facebook ကနေ လူတွေအားလုံးကို ချိတ်ဆက်နေတဲ့ အခါကျတော့ အဲဒီကနေတစ်ဆင့်များ လူတွေအားလုံးစည်းရုံးနိုင်အောင် လုပ်လို့မရဘူးလား၊ ဒါလည်းစဉ်းစားပါတယ်။ ဒီနေ့ လှူတဲ့လူတွေကို ကျေးဇူးတင်ဖို့လိုတယ်။ သူတို့ရဲ့စေတနာကိုလည်း အသိအမှတ်ပြုဖို့လိုတယ်။

ပြီးတော့ ကျွန်တော်တို့ရဲ့ အိပ်မက်က ၅၁ သန်းသောလူတွေရှိနေတာ၊ ၅၁ သန်းကသာ တစ်ယောက်ကို တစ်ရာပဲလှူ၊ တစ်ထောင်ပဲလှူ၊ တစ်သောင်းပဲလှူရင် ပေါင်းလိုက်တဲ့ငွေနည်းမှာမဟုတ်ပါဘူး။ အဲဒီတော့ ဒီအလုပ်သည် ရခိုင်ဒေသတစ်ခုတည်းအတွက် မဟုတ်ဘဲနဲ့ ကိုယ့်တစ်နိုင်ငံလုံးရဲ့ တိုးတက်ဖွံ့ဖြိုးမှုအတွက်၊ နောက်အခု အစိုးရသစ်ကို ထောက်ခံအားပေးတဲ့၊ အားလုံးကူညီတဲ့ပုံစံ သိပ်ဖြစ်စေချင်ပါ တယ်။

အဲဒီတော့ ဒီနေ့လှူတဲ့လူတွေကို ချီးကျူးဂုဏ်ပြုတဲ့အပြင် ကျန်တဲ့လူတွေ အားကျစေချင်တာပါ။ တစ်ခုတော့ရှိပါတယ်။ လှူတဲ့အခါမှာ ပမာဏနဲ့ မဆိုင်ပါဘူး။ များများလှူမှ မဟုတ်ဘဲနဲ့၊ ကလေးတွေ၊ လူငယ်တွေကို မှာကြားချင်တာကတော့ နည်းပညာတွေ အများကြီး ထွန်းကားနေတဲ့ကာလမှာ လူငယ်တွေအနေနဲ့ ဝိုင်းဝန်းကူညီကြပါ။ လူငယ်က ဝင်ငွေမရှိဘူး နားလည်ပါတယ်။ ဝင်ငွေနည်းတာလည်း သဘောပေါက်ပါတယ်။ ဒါပေမယ့် လူငယ်တွေမှာရှိတဲ့အား၊ လူငယ်တွေမှာရှိတဲ့ စိတ်ဓာတ်တွေ၊ နောက်တစ်ခု အရေးကြီးတာက ဒီကိစ္စကိုပြောတဲ့အခါမှာ အတွေးအခေါ်တွေ ပြင်ဖို့လိုတာ၊ ကိုယ့်နိုင်ငံ အေးချမ်းဖို့ဆိုရင် ဘာနဲ့စရမလဲဆိုရင် အတွေးနဲ့စမှ၊ ကိုယ်ကိုယ်တိုင်လည်း အေးချမ်းမှုရမှာပါ။ ကိုယ်ကိုယ်တိုင် အေးချမ်းဖို့ဆိုရင် လူငယ်တွေအားလုံး တစ်ယောက်နဲ့တစ်ယောက် မေတ္တာထားတာတို့၊ တစ်ယောက်နဲ့တစ်ယောက် သည်းခံတာတို့၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိ အောင်တို့ လုပ်မှရမယ်။ အဲဒီတော့ ဒီနေ့လုပ်တဲ့ လုပ်ငန်းတွေအားလုံးသည် အဲဒီရဲ့ခရီး အစပေါ့၊ အခုဆိုရင် ဘယ်လောက် ဝမ်းသာစရာကောင်းလဲဆိုရင် ဟိုတစ်နေ့ကပဲ ဒေါ်အောင်ဆန်းစုကြည် အခမ်းအနားဖွင့်ပြီးတာနဲ့ ချက်ချင်းလက်ငင်း၊ နေ့ချင်းညချင်း လှူချင်တဲ့သူတွေ အများကြီးဖြစ်လာတယ်။

ဒီဟာကိုကြည့်ပြီးတဲ့အခါမှာ ရုပ်မြင်သံကြားကနေတစ်ဆင့် လူတွေသိလာတဲ့ အခါကျရင်လည်း ဒီထက်မက လှူတာတွေဖြစ်စေချင်တယ်။ လှူတဲ့အခါမှာလည်း တိုက်တွန်းချင်တာကတော့ တချို့လူငယ်တွေက အားငယ်နေမှာစိုးလို့ ကိုယ်ကတော့ ဝင်ငွေမရှိလို့ ငါမလှူနိုင်ဘူး၊ မဟုတ်ဘူး၊ ပါလို့ရတာပဲ၊ ဥပမာ လူငယ်တွေဟာ အရေးအသားနဲ့ ပါလို့ရတယ်။ အတွေးအခေါ်နဲ့ ပါလို့ရတယ်။

လူတစ်ယောက်မှာ အခက်အခဲတွေ ရှိတဲ့အချိန်ဟာ တကယ်တော့ အဲဒါက အခွင့်အရေးပါပဲ၊ အခက်အခဲတွေဖြစ်တယ်၊ ရခိုင်ဒေသနဲ့ပတ်သက်လို့ အခက်အခဲတွေဖြစ်တာဟာ ကျွန်တော်တို့နိုင်ငံရဲ့အခွင့်အရေးပါပဲ၊ ဒီနေ့အခမ်းအနားကို တစ်ယောက်တည်း လှူတာ၊ တစ်ဖွဲ့တည်းလှူတာလို့ မစဉ်းစားဘဲနဲ့ တို့နိုင်ငံဟာ တို့နိုင်ငံရဲ့ပြဿနာကို တို့ဟာတို့ ဖြေရှင်းနိုင်တယ်။ နိုင်ငံခြားအကူအညီတွေ မယူချင်ဘူး မဟုတ်ဘူး။ သို့သော်လည်း ပြည်တွင်းအားက ပြည်တွင်းမှာပဲရှိတာ၊ ပြည်တွင်းအားလို့ပြောတဲ့အခါမှာ သူဌေးတွေရဲ့ အားတင်မကဘဲ၊ လုပ်ငန်းရှင်တွေရဲ့ အားမဟုတ်ဘူး၊ ပြည်သူတွေရဲ့အား၊ အဲ့ဒီတော့ ၅၁ သန်းသော သူတွေရဲ့အားလို့ ရုပ်မြင်သံကြားကနေတစ်ဆင့် လူတွေသိလာအောင် ကြိုးစားပေးကြပါ။ ကျွန်တော်တို့လည်း လုပ်ကြည့်မယ် တစ်ပတ်အတွင်းမှာ အားလုံးနည်းနည်းများများ လှူနိုင်တဲ့သူတွေ လှူနိုင်အောင်၊ အခုခေတ်သုံးနေတဲ့ Facebook ပေါ်ကနေ တစ်ဆင့် လှူနိုင်အောင် လုပ်ကြည့်မယ်။ ပြီးတော့မှ ကျွန်တော်ကတော့ ဒါလေးတော့ လုပ်ပေး ချင်တယ်။ ကျွန်တော်ကတော့၊ ကျွန်မကတော့ ပညာရေးနဲ့ ပတ်သက်လို့ လုပ်ပေးချင်တယ်။ ကျွန်မကတော့ ကျန်းမာရေးနဲ့ ပတ်သက်လို့ လုပ်ပေးချင်တယ်ဆိုတဲ့ တုံ့ပြန်မှုတွေ လိုလားတာပါ။

**ဦးဇော်ဌေး**
**ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန**

ကျွန်တော်တို့ ညစာစားပွဲလုပ်လိုက်တယ်၊ အဲ့ဒီမှာ စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်းဖိတ်တော့ သူတို့တွေ ဝိုင်းကူမယ်ဆိုတဲ့အကြောင်း ပြောတယ်။ ပြောပြီးတော့မှ ကျွန်တော်တို့က အလှူငွေပေးအပ်ပွဲသဘောမျိုး အောက်တိုဘာ ၂၀ ရက်မှာ စီစဉ်လိုက်တာပါ။

ကျွန်တော်တို့ ဒီမှာ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ လုပ်မယ့်စီမံကိန်းတွေအကြောင်း ပြောထားပါတယ်။ အဲဒီမှာ သူတို့တတ်နိုင်တဲ့ဘက်က ဝိုင်းကူကြဖို့ ဒီနေ့ပြောကြမှာပါ။

စီမံကိန်းလုပ်ငန်းတွေကတော့ ဦးစားပေးလုပ်ငန်းစဉ် သုံးခုရှိပါတယ်။ နံပါတ်တစ်က ပြန်လည်လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေး၊ နံပါတ်နှစ်က ပြန်လည်ထူထောင်ရေး၊ နံပါတ်သုံးက ဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးနဲ့ ရေရှည်ပဋိပက္ခကင်းဝေးရေးဆိုပြီး နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်မိန့်ခွန်းမှာ ပြောထားတယ်။ အဲဒီလုပ်ငန်းစဉ်သုံးရပ်ကိုပဲ ဒီ Enterprise က လုပ်သွားတာပါ။ ရခိုင်ဒေသနဲ့ ပတ်သက်လို့ ဗဟိုကော်မတီ ရှိတယ်။ ရခိုင်ပြည်နယ်အတွက် ရေရှည်ဖြေရှင်းနိုင်မယ့် ဖြေရှင်းချက်တွေရဖို့အတွက် လုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီကြားထဲမှာ ၂၀၁၆ အောက်တိုဘာလ ၉ ရက်နေ့၊ ၂၀၁၇ ဩဂုတ်လ ၂၅ ရက်နေ့ ဖြစ်စဉ်တွေ ဖြစ်သွားတဲ့အချိန် လိုအပ်တဲ့ ကော်မတီတွေ



ဦးဇော်ဌေး
ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန

ထပ်ဖွဲ့တယ်။ ဒေါက်တာဝင်းမြတ်အေး ကော်မတီကကျတော့ ရခိုင်ဒေသမှာကော်မရှင်နှစ်ခုဖြစ်တဲ့ ကိုဖီအာနန် ကော်မရှင်နဲ့ ဒုတိယသမ္မတ ဦးမြင့်ဆွေ ကော်မရှင်၊ အဲဒီမှာပါတဲ့ အကြံပြုချက်တွေကို သီးသန့်အကောင်အထည်ဖော်ဖို့ပါ၊ ဗဟိုကော်မတီကြီးတစ်ခုလုံးကတော့ ရှိနေမယ်။ အဲဒီအပေါ်မှာ ဦးစားပေးတာက ငွေရေးကြေးရေးတွေ သုံးစွဲတဲ့အခါ နိုင်ငံတကာကလည်း နိုင်ငံတကာပါဝင်မှုကို တောင်းဆိုတယ်။ ဥပမာ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ INGO တွေပါဝင်ဖို့ ပြည်တွင်းကလည်း ကမ်းလှမ်းတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေရော ပြည်သူတွေပါ ပါဝင်ဖို့ ပြောလာကြတယ်။ အဲဒီအပေါ်မှာ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်က သုံးသပ်ပြီးတော့ Enterprise ပုံစံ ပြည်တွင်း၊ ပြည်ပ၊ အစိုးရလည်း ပါမယ်။ ဒီပုံစံအတိုင်းလုပ်သွားမယ်ဆိုပြီး Enterprise ဖွဲ့တာဖြစ်ပါတယ်။

ရခိုင်ဒေသမှာ အလေးပေးဆောင်ရွက်တဲ့ ဦးစားပေးလုပ်ငန်းစဉ်တွေနဲ့ ကော်မတီအလိုက်က မတူဘူး သီးခြားစီလုပ်သွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့ ဘတ်ဂျက်က နိုင်ငံတော်ကနေအများကြီးပေးထားတယ်။ အဲဒီမှာမှ ထပ်ပြီးတော့ နိုင်ငံတကာအဆင့်မီ လုပ်ချင်တယ် ပြောလာတဲ့အခါ ဒီလှူဒါန်းမှုတွေကို လက်ခံပြီးတော့လုပ်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်ရှိတာက နယ်စပ်ခြံစည်းရိုးကို နိုင်ငံတကာအဆင့်မီလုပ်ချင်တယ်၊ အဲဒါကို ကြိုးစားသွားမှာဖြစ်ပါတယ်။

အောက်တိုဘာ ၂၃ ရက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးနဲ့အဖွဲ့ လာမယ်။ မြန်မာနိုင်ငံက ပြည်ထဲရေးဝန်ကြီးနဲ့ အောက်တိုဘာ ၂၃ ရက်နေ့မှာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးလုပ်မယ်။ အောက်တိုဘာ ၂၄ ရက်မှာ ဝန်ကြီးအဆင့် အစည်းအဝေးလုပ်မယ်။ ဘင်္ဂလားဒေ့ရှ်ကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ သွားတဲ့အချိန်မှာ ညှိခဲ့တာရှိတယ်၊ ၁၉၉၃ ခုနှစ် သဘောတူညီချက်ကိုအခြေခံပြီး ညှိခဲ့တယ်၊ အဲဒီအပေါ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က Agreement Proposal ပေးတယ်၊ အစိုးရဘက်မှာ အစည်းအဝေးက နှစ်ကြိမ်ထိုင်ပြီးသွားပြီ မနေ့က ဒုတိယ အကြိမ်ထိုင်တယ်။ ထိုင်တဲ့အချိန်မှာ Final



ဒေါက်တာခင်ရွှေ
စီးပွားရေးလုပ်ငန်းရှင်

Draft တစ်ခုရတယ်။ အဲဒါကို နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆီ တင်တယ်။ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ဆီက ပြင်ဆင်ချက်တွေကို ဘင်္ဂလားဒေ့ရှ်ဘက်က ဝန်ကြီးလာတဲ့အချိန်ကြရင် Finalize ဆွေးနွေးမယ်။ ဆွေးနွေးမှုအပေါ် မူတည်ပြီးတော့ သဘောတူပြီဆိုလျှင် လက်မှတ်ထိုးမယ်။ ဘယ်လိုသတ်မှတ်ချက်တွေနဲ့ လက်ခံမယ်ဆိုတာ ဘင်္ဂလားဒေ့ရှ်နဲ့ညှိနှိုင်းရဦးမှာဖြစ်ပါတယ်၊ စာချုပ်ချုပ်ပြီး အချိန်ဘယ်လောက်အတွင်းမှာ ပြန်လည်လက်ခံရေးစတင်မယ်ဆိုတာပါပါတယ်။ ရခိုင်ပြည်နယ်အစိုးရကို စိစစ်ခိုင်းတဲ့အချိန်မှာ မူလစာရင်းရှိတယ်။ လက်ရှိကျန်ခဲ့တဲ့ စာရင်းရှိတယ်။ အဲဒါနဲ့ ပြန်လည်နှိုင်းယှဉ်တဲ့အခါမှာ ကုလသမဂ္ဂနဲ့ UNHCR က ထုတ်ပြန်တဲ့စာရင်း ငါးသိန်းကျော်၊ ခြောက်သိန်းနီးပါးနဲ့ ကွာနေတယ်။ အကုန်လုံးစိစစ်မယ်၊ စိစစ်ပြီးမှ အထောက်အထားတွေ ပြည့်စုံတယ်ဆိုရင် ၁၉၉၃ ခုနှစ်တုန်းက လက်ခံခဲ့တဲ့ ပုံစံမျိုးပေါ့၊ အဲဒါတွေနဲ့ ပြန်စိစစ်ပြီးရင် ပြန်လက်ခံမယ့် ပမာဏထွက်လာမှာ ဖြစ်ပါတယ်။ သီးသန့်ရန်ပုံငွေလည်း သုံးတယ်။ ရိုးရိုးပုံမှန်ဘတ်ဂျက်လည်း သုံးတယ်။ နောက်ပြီး အလှူငွေကိုလည်း သုံးမှာဖြစ်ပါတယ်။

**ဒေါက်တာခင်ရွှေ**
**စီးပွားရေးလုပ်ငန်းရှင်**

ကျွန်တော်က ငွေကျပ်သိန်း တစ်သောင်းထည့်တယ်၊ သမီးက ငွေကျပ်သိန်း ၃၅၀၀ ထည့်တယ်။ ဦးအောင်ကိုဝင်းက ငွေကျပ်သိန်း သုံးသောင်းထည့်တယ်။ ဦးကျော်ဝင်းက ငွေကျပ်သိန်းတစ်သောင်းထည့်တယ်။ ရခိုင်ပြည်နယ်ကို ကာကွယ်ဖို့အတွက် လုပ်ရပါမယ်။ နောက်တစ်ခါ အဲဒီမှာရှိတဲ့သူတွေ ဘဝရပ်တည်နိုင်ဖို့အတွက် ကြက်၊ဝက်၊ ဘဲ၊ ဆိတ်၊ နွားတွေ မွေးနိုင်အောင်လို့ စီစဉ်ပေးပါ။ နောက်တစ်ခါ စက်ရုံတွေ၊ အထည်ချုပ်စက်ရုံတွေ ဆောက်ပေးပါ။ နောက်တစ်ခါ Infrastructure ။ မေယုတောင်ဆို သွားဖို့ လာဖို့ဆို တော်တော်ခက်တယ်။ ဖြတ်ဖို့လည်းခက်တယ်။ အဲဒီနေရာမှာ လမ်းတွေဖောက်ပါ။ ဖောက်ဖို့အတွက် နိုင်ငံတော် တစ်ဦးတည်း၊ နိုင်ငံတော် တစ်ဖွဲ့တည်းလုပ်ဖို့ဆိုတာ အဲဒီအတွက် ငွေလိုတယ်၊ စီးပွားရေး သမားတွေကလည်း နိုင်ငံတော်နဲ့ တစ်သားတည်းရှိတယ်။ ဒီမိုကရေစီကိုလည်း လက်လွှတ်ဆုံးရှုံးမသွားစေချင်ဘူး။ ရခိုင်ဒေသ ဘင်္ဂလားဒေ့ရှ်နယ်စပ်က နယ်မြေကိုလည်း မဆုံးရှုံးစေချင်ဘူး။ အဲဒီအတွက်ကို နိုင်ငံတော်ကနေ စီမံချက်ခိုင်ခိုင်မာမာချပြီး လိုအပ်တဲ့ ငွေကြေးကအစ ဝိုင်းဝန်းပြီး လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်။

> **ရခိုင်ပြည်နယ်အစိုးရကို စိစစ်ခိုင်းတဲ့အချိန်မှာ မူလစာရင်း ရှိတယ်။ လက်ရှိကျန်ခဲ့တဲ့ စာရင်းရှိတယ်။ အဲဒါနဲ့ ပြန်လည်နှိုင်းယှဉ်တဲ့အခါမှာ ကုလသမဂ္ဂနဲ့ UNHCR က ထုတ်ပြန်တဲ့စာရင်း ငါးသိန်းကျော်၊ ခြောက်သိန်းနီးပါးနဲ့ ကွာနေတယ်။ အကုန်လုံးစိစစ်မယ်၊ စိစစ်ပြီးမှ အထောက်အထားတွေ ပြည့်စုံတယ်ဆိုရင် ၁၉၉၃ ခုနှစ်တုန်းက လက်ခံခဲ့တဲ့ ပုံစံမျိုးပေါ့၊ အဲဒါတွေနဲ့ ပြန်စိစစ်ပြီးရင် ပြန်လက်ခံမယ့် ပမာဏထွက်လာမှာဖြစ်**



# ဖားကန့်တွင် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ လူထုထောက်ခံပွဲကျင်းပ

**ဖားကန့် အောက်တိုဘာ ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့တွင် အောက်တိုဘာ ၂၁ ရက် နံနက် ၉နာရီက ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ကြံ့ကြံ့ခံရပ်တည်ဖြေရှင်းပေးနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ထောက်ခံဂုဏ်ပြုသောအားဖြင့် လမ်းလျှောက်ချီတက် အင်အားပြပွဲအခမ်းအနား ကျင်းပခဲ့သည်။ **(ဓာတ်ပုံ)**

ထောက်ခံပွဲကျင်းပသည့် မော်ဝမ်းကျောက်တိုင်ကွင်းသို့ ဖားကန့်မြို့နယ် ရပ်ကွက်/ကျေးရွာများမှ တိုင်းရင်းသားဒေသခံပြည်သူများက နံနက် ၉ နာရီခွဲတွင် စုပေါင်းရောက်ရှိခဲ့ကြပြီး နိုင်ငံတော်သီချင်းကို သီဆိုအလေးပြုကာ ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးက ထောက်ခံပွဲကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။

အဆိုပါထောက်ခံပွဲသို့ ပြည်သူ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝ၆၇)

# စစ်တွေမြို့ ရှုခင်းသာကမ်းခြေတစ်လျှောက် မူးယစ်သောက်စားသူများအား ဖမ်းဆီးအရေးယူ

**စစ်တွေ အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့ ရှုခင်းသာကမ်းနားလမ်းတစ်လျှောက် ဝိုင်းဖွဲ့၍ အရက်သေစာသောက်စားကြသူများနှင့် မူးယစ်ဆေးဝါးသုံးစွဲကြသူများအား ပြည်နယ်ရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီလို ဖမ်းဆီးအရေးယူမှုတွေမလုပ်ခင်ကတည်းက အသံချဲ့စက်တွေနဲ့ ကြေညာပါတယ်။ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပါတယ်။ ရခိုင်ပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ စစ်တွေမြို့ ရှုခင်းသာလမ်းတစ်လျှောက်မှာ ဝိုင်းဖွဲ့ပြီး အရက်သေစာသောက်စားခြင်းနဲ့ မူးယစ်ဆေးဝါးသုံးစွဲတာတွေဟာ အပန်းဖြေတဲ့ပြည်သူလူထုကို စိတ်အနှောင့်အယှက်ဖြစ်စေတယ်။ မော်တော်ယာဉ်တွေကိုလည်း အန္တရာယ်ရှိနိုင်တယ်။ ဒါ့ကြောင့် ဖမ်းဆီးအရေးယူမှုတွေ မဆောင်ရွက်ခင် နှစ်ပတ်ကြာ သတိပေးတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

"ဖမ်းဆီးအရေးယူမှုအနေနဲ့ကတော့ အောက်တိုဘာ ၁၅ ရက်မှာ ပထမအကြိမ်အဖြစ် အမှု ၁၂ မှု၊ ကျူးလွန်သူ ၄၆ ဦးကို ဖမ်းဆီးခဲ့ပြီး အောက်တိုဘာ ၁၇ ရက်မှာ အမှု နှစ်မှု၊ ကျူးလွန်သူ သုံးဦးကို ဖမ်းဆီးခဲ့ပါတယ်။ အားလုံးပေါင်း ၄၉ ဦးကို ပုဒ်မ ၁၈၈ အရ အရေးယူခဲ့ပါတယ်။

"ခုလောလောဆယ်တော့ ဖမ်းပြီး အာမခံပေးလိုက်ပါတယ်။ နောက်နေ့ကျမှ တရားရုံးမှာ အမှုစွဲတင်ပြီး ဒဏ်ငွေ ၂၀၀၀၀ ဆောင်ခိုင်းတယ်။ အခုလည်း မြို့နယ်စည်ပင်သာယာရေးကနေ ဗီနိုင်းတွေနဲ့ တားမြစ်ချက်တွေကို လိုက်ထောင်ထားပါတယ်။

"စစ်တွေမြို့အလှကိုထိခိုက်စေပြီး အများပြည်သူစိတ်အနှောင့်ယှက်ဖြစ်စေတဲ့ ဝိုင်းဖွဲ့စားသောက်တာတွေ၊ မူးယစ်ဆေးဝါးသုံးစွဲတာတွေ၊ ဆောင်းဘောက်တွေ ကားပေါ်တင်အသံကျယ်လောင်စွာဖွင့်ပြီး မြို့အတွင်းလှည့်ပတ်သွားတာတွေ၊ တရားဥပဒေဖောက်ဖျက်တာတွေ စတာတွေကို မပြုလုပ်ကြစေဖို့ အားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြဖို့ တိုက်တွန်းပါတယ်" ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ပြောသည်။

"စစ်တွေမြို့ ကမ်းနားလမ်းဆိုတာ မြို့သူမြို့သားတွေရဲ့ အဓိက အပန်းဖြေရာ နေရာပေါ့။ အဲဒီလိုနေရာမျိုးတွေမှာ မူးယစ်သောက်စားနေတာကို ဖမ်းဆီးအရေးယူမှုပြုလုပ်ပေးတဲ့ ရဲတပ်ဖွဲ့ကို ကျေးဇူးတင်ပါတယ်။ စီမံချက်တစ်ရပ်အနေနဲ့ လုပ်သင့်တာလည်းကြာပါပြီ"ဟု စစ်တွေမြို့ခံ သရုပ်ဆောင် ဗဂျီးကျော်က ပြောသည်။


စစ်တွေမြို့ရှုခင်းသာကမ်းခြေ

စစ်တွေမြို့သည် ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည့်အပြင် ပြည်နယ်အစိုးရရုံးစိုက်ရာ အဓိကမြို့တစ်မြို့ဖြစ်သည့်အလျောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံတကာ သံတမန်များ၊ ပြည်တွင်း ပြည်ပဧည့်သည်များ အဝင်အထွက်များသည့်အတွက် စည်ကားလျက်ရှိသည်။

စစ်တွေမြို့ရောက် ပြည်တွင်း ပြည်ပဧည့်သည်များနှင့် ဒေသခံပြည်သူများ၏ အဓိကအပန်းဖြေအနားယူရာ ရှုခင်းသာကမ်းနားလမ်းကို အရပ်ဆိုးအကျည်းတန်စေသည့် နေထိုင်ပြုမူဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက ယခုလို ထိန်းသိမ်းဆောင်ရွက်ခြင်းကြောင့် လာရောက် အပန်းဖြေအနားယူကြမည့်သူများ စိတ်အေးချမ်းသာစွာဖြင့် အနားယူအပန်းဖြေနိုင်မည်ဖြစ်သကဲ့သို့ မြို့၏ အလှကျက်သရေကိုလည်း ပိုမိုပေါ်လွင်စေမည် ဖြစ်သည်။

**ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

# လမ်းဖို့ရန်မြေတူးရာမှတွေ့ရှိသော ရွှေပြားများအတွက် ငွေကျပ်သိန်း ၁၀၀၀ ကျော် ချီးမြှင့်မည်

**မော်လမြိုင် အောက်တိုဘာ ၂၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာ၌ ပြီးခဲ့သည့် မတ် ၁၇ ရက်က ဦးထွန်းရီ၏ခြံရှင်းလင်းမြေဖို့ရန် မြေတူးရာမှ ရွှေပြားနှင့်အပိုင်းအစများ တွေ့ရှိခဲ့ပြီး ၎င်းတို့ကို နေပြည်တော် ရှေးဟောင်းသုတေသနနှင့် အမျိုးသားယဉ်ကျေးမှု ဦးစီးဌာနသို့ အပ်နှံခဲ့ရာ ဆုကြေးအဖြစ် ငွေကျပ်သိန်း ၁၀၀၀ ကျော် ချီးမြှင့်မည်ဖြစ်ကြောင်း ပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားယဉ်ကျေးမှု ဦးစီးဌာနမှ သိရသည်။

"ချီးမြှင့်ငွေက များတယ်။ ဦးစီးဌာနရဲ့ ဒုတိယခြောက်လပတ် ငွေလုံးငွေရင်း မှာပါလာမယ်။ ပါလာတာနဲ့ ချက်ချင်းချီးမြှင့်ပေးသွားပါမယ်" ဟု အဆိုပါရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်မိုးက ပြောသည်။

စုစုပေါင်း တစ်ပိဿာနှင့်တစ်ဆယ်သားရှိသော အဆိုပါရွှေပြားများနှင့် အပိုင်းအစများကို မတ် ၁၇ ရက်က တွေ့ရှိခဲ့ပြီး မတ် ၂၂ ရက်မှာ သွားရောက်အပ်နှံခြင်းဖြစ်သော်လည်း တွေ့ရှိသူများကို ပြန်လည်ချီးမြှင့်ပေးခြင်း မှာ နောက်ကျနေသည့်အတွက် နိုင်ငံတော်သို့ အပ်နှံခြင်းကို ဝေဖန်ပြောဆိုမှုများလည်း ရှိခဲ့သည်။

"စစ်ဆေးနေတာကြောင့် ကြာသွားတာပါ။ ရှေးဟောင်းပစ္စည်းတွေ့ရင် နိုင်ငံတော်ကိုအပ်နှံဖို့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ နိုင်ငံတော်အတွက်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းထားနိုင်မယ်။ အပ်နှံတဲ့သူတွေအတွက်လည်း ထိုက်သင့်တဲ့ အကျိုးခံစားရမှာပဲ ဖြစ်ပါတယ်" ဟု ဦးအောင်နိုင်မိုးက ဆက်လက်ပြောသည်။



ရှေးဟောင်းပစ္စည်းဟု ယူဆရသော ပစ္စည်းများတွေ့ရှိပြီး နိုင်ငံတော်သို့ အပ်နှံလာပါက ရှေးဟောင်းသုတေသနနှင့် သတ္တုတွင်းဦးစီးဌာန၊ သမိုင်းပညာရှင်များပါဝင်သော ဘုတ်အဖွဲ့နှင့် ရှေးဟောင်းပစ္စည်း မှန်၊ မမှန် ဦးစွာစစ်ဆေးရပြီး အတည်ပြုပြီးပါက ကြိုတင်တောင်းထားသော ဘတ်ဂျက်အဆင်သင့်မရှိသဖြင့် ဘတ်ဂျက်တင်ပေးရသဖြင့် ကြာရခြင်းဖြစ်သည်ဟု သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

## ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဆင်း

**သာယာဝတီ အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖြစ်သည့် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၀ ရက်က သာယာဝတီမြို့နယ် ရေတွင်းကုန်းကျေးရွာ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်အောင်က အမှာစကားပြောကြားပြီး သင်တန်းတွင် သင်တန်းသား ၂၀ တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။ **မောင်ရွှေဝင်း(ပြည်)**



**ရန်ကုန်မြို့တွင် အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် World Police Band Concert အခမ်းအနားအတွက် အောက်တိုဘာ ၂၁ ရက် နံနက် ၇ နာရီခွဲက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘင်ခရာအဖွဲ့ဝင်များ ဆူးလေလမ်းမကြီးတစ်လျှောက် အစမ်းလေ့ကျင့်နေကြစဉ်**
တင်ဝင်းလေး(ကြည့်မြင်တိုင်)



# ဖိတ်ခေါ်ပါသည် မဒေါက်မြို့ရဲ့ တန်ဆောင်တိုင် မီးမျှောပွဲတော်ဆီ

မိုးအကုန် ဆောင်းအကူး၊ အလှထူးသည့် ဟေမာန်ဦးအစ တန်ဆောင်မုန်းလတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ နှစ်စဉ်စည်ကားစွာ ကျင်းပသည့် ပွဲတော်ကား မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲပင်ဖြစ်သည်။

သည်အချိန်အခါဝယ် မဒေါက်မြို့သူ/သားများက တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတွင် တက်ခုတ်ယိမ်း၊ တက်ပျံယိမ်း၊ ယိမ်းအဖွဲ့ တိုင်းရင်းသားရိုးရာယိမ်းအကအဖွဲ့များက အကအလှ သဘာဝဟန်ချက်ညီညီ ကပြဖျော်ဖြေပြိုင်ပွဲဝင်နိုင်စေရေးအတွက် လေ့ကျင့်ခြင်း၊ စက်တပ်လှေဖောင်များပေါ် ဒီဇိုင်းအလိုက် သရုပ်ဖော်ဇာတ်စင်များ ပြင်ဆင်ခြင်းများကို စတင်လှုပ်ရှားနေကြပြီဆိုသည်ကတော့ အသေအချာပင် ဖြစ်သည်။

လာမည့် ၁၃၇၉ ခုနှစ် (၄၅) ကြိမ်မြောက် မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲတော်ကြီးကို (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) နိုဝင်ဘာ ၂ ရက်မှ ၄ ရက်ထိ ကျင်းပမည်ဖြစ်ကာ နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီ ခန့်မှစတင်၍ စစ်တောင်းမြစ်အတွင်း ရေသဘင်ပွဲအဖြစ် မဒေါက်မြို့ အနီးဝန်းကျင် ကျေးရွာ ၁၁ ရွာမှ အမျိုးသား၊ အမျိုးသမီး တက်ခုတ်၊ တက်ပျံယိမ်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ၏ ကရင်ဒုံးယိမ်း အကအလှများဖြင့် ဖျော်ဖြေယှဉ်ပြိုင်မှုများ ပြုလုပ်မည်ဖြစ်ပြီး ညနေ ၆ နာရီ၌ ဗုဒ္ဓမြတ်စွာဘုရားအား အမှူးထား၍ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ရောင်စုံမီးကြာခွက် ၃၀၀၀၀ ဖြင့် မီးမျှောပူဇော်ကြမည်ဖြစ်သည်။

ယခုနှစ်တွင် အဆိုပါပွဲတော်ရက်အတွင်း ချောတိုင်တက်ပြိုင်ပွဲ၊ စစ်တောင်းမြစ်အတွင်း ကျင်းပမည့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲအားကစားနည်းများကို ပြိုင်ပွဲတစ်ရပ်အနေဖြင့် ထည့်သွင်းကျင်းပမည်ဖြစ်ပြီး စတုဒိသာအကျွေးအမွေးများဖြင့် လှူဒါန်းကုသိုလ်ပြုရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် NEW AGE YOUNG (MDK) တီးဝိုင်းမှ အဆိုတော်များက ဖျော်ဖြေရေးအစီအစဉ်များ၊ ဇာတ်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲနှင့် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲတွင် ရွှေတံဆိပ်ဆုရ မန္တလေးမှ သန္တာကျော်၊ နွေးနွေးကျော်၊ ဆီးဂိမ်းလက်ရွေးစင် ဉာဏ်လင်းထက်(ရန်ကုန်)၊ မန္တလေးတိုင်းဒေသကြီး လက်ရွေးစင် ကိုဖြိုး၊ ပဲခူးတိုင်းဒေသကြီးလက်ရွေးစင် နန္ဒကျော်(ဒိုက်ဦး)နှင့် မျောက်သုံးကောင် (ဒိုက်ဦး)တို့၏ မြန်မာ့ခြင်းလုံးစွမ်းရည်ပြသမှုများဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်ရာ စာရှုသူတို့အနေဖြင့် တစ်ခေါက်တစ်ခါ အရောက်လှမ်းကာ မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲတွင် ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ် ရေးသားတင်ပြလိုက်ရပါသည်။



ယမန်နှစ်က မဒေါက်တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲကို စစ်တောင်းမြစ်အတွင်းကျင်းပစဉ်

**သတင်းဆောင်းပါး- ပိန်းဇလုပ်-သိန်းညွန့် ၊ ဓာတ်ပုံ-ကိုကိုနေ**



❍ *ကျောဖုံးမှ*

များပေါ်ထွန်း လာရေးအတွက်လည်း အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောသည် Indoor Skydiving အဆောက်အအုံအတွင်းရှိ Flight Chamber ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ Indoor Skydiving သရုပ်ပြအဖွဲ့၏ သရုပ်ပြပျံသန်းမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ Indoor Skydiving ကို နေ့စဉ်နံနက် ၉ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် အသက်လေးနှစ်အထက်ရှိကာ ပေါင် ၂၀၀ အောက်ရှိသူများ လာရောက်ကာ ပျံသန်းကစားနိုင်ကြောင်း၊ ကိုယ်ဝန်ဆောင်နှင့် ပခုံးဒဏ်ရာရရှိထားသူများ ဝင်ရောက်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် လူမှုအခြေပြုဗဟိုဌာန (Community Centre)၌ လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို အောက်တိုဘာ ၂၂ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။

ယင်းပြည်သူ့စကားဝိုင်းတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း (ခ) ဦးကျော်စိုးသန်း၊ ပြည်ကြီးတံခွန် မဲဆန္ဒနယ်အမှတ်(၂)မှ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးစွဲရောဂါကုဆေးရုံမှ စိတ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာထင်ကျော်ဦးနှင့် စာပေပညာရှင် စာရေးဆရာဆူးငှက်၊ ယုံကြည်ရာစာကြည့်တိုက်မှ ဦးဇော်ထက်အောင်တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

# ယာဉ်မှတ်ပုံတင်ခြင်းနှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေစေရန် စီမံဆောင်ရွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး(၄)ရုံး အထူးသဖြင့် မြင်သာရုံး၌ ဝန်ထမ်းအင်အား၊ ရုံးဧရိယာအကျယ်အဝန်းနှင့် မှတ်ပုံတင်လာရောက်ဆောင်ရွက်သော ယာဉ်စီးရေမမျှတမှုကြောင့် လုပ်ငန်းဆောင်ရွက်သူ ပြည်သူများ အဆင်မပြေဖြစ်နေသည့်အခြေအနေကို အမြန်ဆုံးဖြေရှင်းပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ် ကားတင်သွင်းခွင့် မူဝါဒမပြောင်းလဲခင်တုန်းက ယာဉ်စီးရေပေါင်း ၂ ဒသမ ၃၅ သန်းရှိတယ်။ ဒီနေ့ ၂၀၁၇ စက်တင်ဘာလစာရင်းအရ ၆ ဒသမ ၆၈ သန်းရှိတယ်။ ဒီတော့ ယာဉ်စီးရေဟာ ၂၀၁၁ ခုနှစ်နဲ့စာရင် ၂ ဒသမ ၈၄ ဆတိုးလာတယ်။ ယာဉ်စီးရေ သုံးဆနီးပါးတိုးလာပေမယ့် ဝန်ထမ်းအင်အားက ဘာမှတိုးမလာဘူး။ အရင်အတိုင်းပဲ။ ဖွဲ့စည်းပုံလည်း မပြောင်းဘူး။ ခန့်အပ်အင်အားလည်း သိသိသာသာမပြောင်းဘူး။ အလားတူ ကညနရုံးတွေရဲ့ဧရိယာ အကျယ်အဝန်းကလည်း မူလအတိုင်းပဲ။ ဒီတော့ Rapid Motorization ကြောင့် သုံးဆတိုးလာတဲ့ ယာဉ်စီးရေအပေါ်မှာ ဝန်ထမ်းအင်အားနဲ့ ရုံးဧရိယာအကျယ်အဝန်းက မလိုက်နိုင်တဲ့ သဘောပါ”ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလစာရင်းများအရ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသည့် မော်တော်ကားစီးရေ ၉၈၆၈၄၇ စီးရှိသည့်အနက် ရန်ကုန်လိုင်စင်စီးရေ ၅၃၁၆၉၉ စီးရှိရာ မော်တော်ကားအားလုံး၏ ၅၄ ရာခိုင်နှုန်းဝန်းကျင် ရန်ကုန်၌ ရှိနေခြင်းဖြစ်သည်။ ရန်ကုန်လိုင်စင်ကားစီးရေ များပြားလွန်းသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး(၄)ရုံးတွင် ယာဉ်မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်သည့်ကားများ နံနက်မိုးမလင်းမီကပင် ကြိုတင်တန်းစီရခြင်း၊ ရုံးဝင်းအတွင်း ကားများပြည့်နေခြင်း၊ ရုံးဝင်းပြင်ပအထိ တန်းစီနေသည့် ယာဉ်တန်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ရာ၌ ပုံမှန်လိုအပ်သည်ထက် အချိန်ကြန့်ကြာခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများ ပြေလည်စေရေးအတွက် လိုအပ်သည့်ယာဉ်စစ်နှင့် ယာဉ်မှတ်ပုံတင် ဝန်ထမ်းအင်အားများ တိုးမြှင့်ခန့်ထားခြင်း၊ ကွန်ပျူတာ၊ ပရင်တာအပါအဝင် စက်ပစ္စည်းကိရိယာများ ထပ်မံဖြည့်တင်းခြင်းများ ဆောင်ရွက်ထားပြီး လုပ်ငန်းကို အဆိုင်းများတိုး၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ထက်ပိုမိုမြန်ဆန်ချောမွေ့စွာ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ဝန်ထမ်းတွေက ပုံမှန် Office Hour ထက်ပိုပြီး တာဝန်ထမ်းဆောင်နေကြရပါတယ်။ မနက်ဆို ၇ နာရီခွဲ၊ ၈ နာရီလောက်ကစပြီး ညနေဘက်ဆို လုပ်ငန်းမပြတ်ရင် မပြတ်သလို ညနေ ၆နာရီခွဲ၊ ၇နာရီလောက်အထိ ကြိုးစားလုပ်ပေးနေကြပါတယ်။ ယာဉ်မှတ်ပုံတင်လုပ်ငန်းတွေ ပိနေတဲ့ကြားထဲက ပြည်သူတွေ ကားဝယ်ရောင်းကြရာမှာ အမှန်တကယ် မှတ်ပုံတင်ထားတဲ့ယာဉ် ဟုတ်၊ မဟုတ် လာရောက်ပြသ စိစစ်တာတွေများလာလို့ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်းလုပ်ငန်းကိုလည်း အများပြည်သူ ဝန်ဆောင်မှုအနေနဲ့ လက်ခံဆောင်ရွက်ပေးနေပါတယ်။ တတ်နိုင်သမျှ ကြိုးစားပြီး လုပ်ပေးနေပါတယ်။ နောင်မှာ ဒီထက်ပိုပြီး အဆင်ပြေလာအောင် ယာဉ်မှတ်ပုံတင်လုပ်ငန်းနဲ့ပတ်သက်ပြီး ရန်ကုန်ရုံးတွေမှာ online booking စနစ်ကျင့်သုံးနိုင်အောင်လည်း စီစဉ်ဆောင်ရွက်နေပါတယ်” ဟု အဆိုပါအကြီးတန်းအရာရှိက ရှင်းပြသည်။

ထို့ပြင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယာဉ်မှတ်ပုံတင်ခြင်းနှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ ပိုမိုလျင်မြန်ချောမွေ့စေရေး၊ ယာဉ်များ၏ ကြံ့ခိုင်မှု ပိုမိုကောင်းမွန်စိတ်ချရစေရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို ပုဂ္ဂလိကကဏ္ဍမှ Inspection Center များထူထောင်၍ Multi Test Lane များဖြင့် စစ်ဆေးဆောင်ရွက်ခွင့်ပြုနိုင်ရန် စည်းမျဉ်းများ ရေးဆွဲပြုစုထားပြီးဖြစ်ကြောင်း၊ အတည်ပြုရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေဆဲဖြစ်ပြီး အတည်ပြုချက်ရရှိ၍ ပုဂ္ဂလိက Inspection Center များက ယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို တာဝန်ခွဲဝေယူချိန်တွင် ယခုအခက်အခဲများ ပြေလည်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း သက်ကြီးစာပေပညာရှင်ကြီးများကန်တော့ပွဲအတွက် အလှူငွေများလက်ခံ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီးကစ၍ ယခု မြန်မာနိုင်ငံစာရေးဆရာအသင်းလက်ထက်အထိ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ သက်ကြီးစာပေပညာရှင်ကြီးများအား စာဆိုတော်နေ့ ဝန်းကျင်တွင် နှစ်စဉ်ကန်တော့ပွဲကျင်းပခဲ့ရာ (၃၁)ကြိမ်ရှိခဲ့သည်။ ယခု ၂၀၁၇ ခုနှစ်တွင်လည်း (၃၂)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို အစဉ်အလာမပျက် ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ အလှူငွေများကို လက်ခံလျက်ရှိသည်။

အောက်တိုဘာ ၂၀ ရက်အထိ လှူဒါန်းကြသူများမှာ ဒေါက်တာတင်ထွန်းဦး -ဒေါက်တာ ခင်မိုးမိုး (စွယ်စုံမီဒီယာဂရု(ပ်))က ငွေကျပ် ၁၅သိန်း၊ (ဗိုလ်ချုပ်ကြီး မဟာသရေစည်သူစိုးဝင်း)-ဒေါ်သန်းသန်းနွဲ့ သား၊ သမီးမြေးများ မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဆရာဝန်တင်ရွှေ မိသားစုက ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံစာရေး ဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုသဿကျော်ဝင်း) မိသားစုက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)-ဇနီးဒေါ်ခင်အေးမူ မိသားစုက ငွေကျပ်တစ်သိန်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)-ဇနီးစာရေးဆရာမ မလေးယဉ် မိသားစုက ငွေကျပ်တစ်သိန်း၊ သာကေတမြို့နယ်အသင်းဥက္ကဋ္ဌ မင်းရိုးယဉ်၊ သားတေးသံရှင်ကိုလတ်၊ ကိုအောင်အောင် (Lucky Home) မိသားစုက ငွေကျပ် တစ်သိန်း၊ ကန်တော့ခံ ဆရာမကြီး ဒေါ်ကျင်တိုး (တိုးတိုး) ရန်ကင်းမြို့နယ်က ငွေကျပ်တစ်သိန်း၊ အလုံမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထွန်းရည် (မြို့တော်ထွန်းရည်)က ငွေကျပ်သုံးသောင်း၊ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ရွာ ပညာဘဏ်ဘော်ဒါဆောင် ကျောင်းသား ကျောင်းသူများက ငွေကျပ်နှစ်သောင်း၊ ဆင်ပေါင်ဝဲမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်တစ်သောင်း၊ စုစုပေါင်း ငွေကျပ် ၃၅၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ဖုန်း ၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အစွမ်းထက်ဆုံးသော လက်နက်

ဒေါက်တာအောင်သန်းဝင်း (အရှေ့တိုင်းပညာ)

**မေတ္တာဟူသည် ချစ်ခင်ခြင်းဖြစ်၍ သူတစ်ပါး၏ ကောင်းကျိုးကို လိုလားသော သဘောထားပင်ဖြစ်သည်။ ထိုကောင်းကျိုးများ အောင်မြင်ရေးအတွက် ကိုယ်အား၊ ဉာဏ်အားဖြင့် ကူညီခြင်း၊ ငွေအား၊ ပစ္စည်းအားဖြင့် ပံ့ပိုးခြင်းသည် မေတ္တာကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ထို့ပြင် မိမိကိုယ်ကို နှုတ်ဖြင့်ဖြစ်စေ၊ တုတ်၊ ဓားစသည့် လက်နက်ဖြင့်ဖြစ်စေလာရောက်စော်ကား နိပ်စက်သူအပေါ်၌ အမျက်ဒေါသမထွက်ဘဲ ထိုစော်ကားနိပ်စက်သူ၏ ကောင်းကျိုးကို လိုလားသည့် စိတ်ဓာတ်ထားရှိနိုင်ခြင်းသည် မေတ္တာ၏ အားကြီးမားသည့် စွမ်းရည်ဖြစ်သည်။**

မေတ္တာစစ်သည် သန့်ရှင်း၍အေးမြသည်။ သူတစ်ပါးကောင်းကျိုးကိုကူညီရာ၌ မည်သည့်တုံ့ပြန် အကျိုးကိုမျှ မမျှော်လင့်ဘဲ တွယ်တာမှု၊ သံယောဇဉ်ကင်းရှင်းစွာဖြင့် ကောင်းကျိုးကိစ္စဖြစ်မြောက်မှုကိုသာ ရှေးရှုဆောင်ရွက်ခြင်းဖြစ်သည်။ တွယ်တာမှု သံယောဇဉ်နှင့် ရောနှောသောချစ်ခြင်းကို "ဂေဟာသိတပေမ" (အိမ်၌မှီသောချစ်ခြင်း) ဟုခေါ်သည်။ သန့်ရှင်းအေးမြသော မေတ္တာစစ်၏ အနီးကပ်ဆုံးအဖျက်အဆီးမှာ တပ်မက်တွယ်တာမှု "ရာဂ" ဖြစ်သည်။ သန့်ရှင်းအေးမြသော မေတ္တာဖြင့် သူတစ်ပါး ကောင်းကျိုးကို ဆောင်ရွက်ရာ၌ ခင်မှု၊ မင်မှု ပိုမိုခိုင်မာလာကာ ထိုခင်မင်မှုမှတစ်ဆင့် တွယ်တာမှု၊ ထိုမှ တစ်ဖန် တပ်မက်မှု၊ ထိုသို့ အဆင့်ဆင့် ကူးပြောင်းလာတတ်ရာ ထိုအဆင့်တို့သည် မေတ္တာကို ကျော်လွန်၍ တဏှာနယ်ပယ်သို့ရောက်လာသော အခြေအနေဖြစ်၏။ ထို့ကြောင့်မေတ္တာကို "ပေမ" သဘော "တဏှာ" သဘောသို့ မသက်ရောက်စေရန် မေတ္တာစစ်ကို ထိန်းသိမ်းဆောက်တည်ရန် လိုအပ်ပေသည်။

အကြင်သူ၌ လောကတစ်ခွင် မြင်မြင်သမျှ ခင်မင်အကျွမ်းဝင်ခြင်းကို ဖြစ်စေတတ်သော မေတ္တာတရားသည် အမြဲမပြတ်ရှိ၏။ ထိုသူနှင့်ကြုံတွေ့လျှင် သမုဒ္ဒရာကြီးသည်လည်း ရေချိုတွင်းငယ်ကဲ့သို့ ကျင့်ရ၏။ မီးသည်လည်း ရေအေးကဲ့သို့ ကျင့်ရ၏။ မြင့်မိုရ်တောင်ကြီးသည်လည်း ကျောက်စရစ်ခဲငယ်ကဲ့သို့ ကျင့်ရ၏။ အဆိပ်ခတ်ထားသော အစာသည်လည်း နတ်သုဓာကဲ့သို့ကျင့်ရ၏။ သားတို့သနင်းခြသေ့်မင်းသည်လည်း ယုန်ငယ်ကဲ့သို့ကျင့်ရ၏။ မြွေဆိုးသည်လည်း ပန်းကုံးကဲ့သို့ ကျင့်ရ၏။ ပြင်းထန်သော မြေလျှင်သည်လည်း ယောဉ်လွှဲသကဲ့သို့ ကျင့်ရ၏။ လက်နက်အမျိုးမျိုးတို့သည်လည်း မြက်ကဲ့သို့ကျင့်ရာ၏။ ဤကား မေတ္တာ၏ အစွမ်းသတ္တိများပင်တည်း။

လူအချင်းချင်းဆက်ဆံရာတွင်လည်းကောင်း၊ လူနှင့် တိရစ္ဆာန်တို့ ဆက်ဆံရာတွင်လည်းကောင်း မေတ္တာသည်အရေးကြီးသော အခန်းမှပါဝင်သည်။ ရိုင်းစိုင်းသော တိရစ္ဆာန်များအား လုပ်ငန်းခွင်များတွင် အသုံးပြုနိုင်ခြင်းသည် သာမန်အားဖြင့် ထိုတိရစ္ဆာန်များသည် လူကိုကြောက်၍ဟု ထင်မှတ်ဖွယ်ရှိသည်။ အမှန်မှာ လူနှင့် တိရစ္ဆာန်တို့၏ အပြန်အလှန်ထားရှိသော မေတ္တာဓာတ်ကြောင့်ဖြစ်သည်။ မေတ္တာသည် ရိုင်းစိုင်းသူအား ယဉ်ကျေးစေသည်။ အမျက်ထွက်နေသူအား ဖြေပျောက်စေသည်။ ရန်ငြိုးရှိသူအား ချစ်ခင်စိတ်ဖြစ် ပေါ်စေသည်။ မေတ္တာသည် ဗြဟ္မဝိဟာရတရားလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး ဒေါသ၏ ဆန့်ကျင်ဘက် သီတာရေအသွင် ကြည်လင်အေးမြခြင်း သဘောရှိသည်။ လရောင်ပမာ နှစ်လိုဖွယ်လည်းရှိ၏။

တွယ်တာကပ်ငြိခြင်းကင်းသည့် မေတ္တာသည် စစ်မှန်သော မေတ္တာဖြစ်သည်။ သတ္တဝါ အားလုံးတို့ကို မိမိရင်မှဖြစ်သော သားသမီးအရင်းအချာကဲ့သို့ မေတ္တာစိတ်ထားရမည်။ မေတ္တာပွားများရာ၌ ပုဂ္ဂိုလ်အယုတ်၊ အလတ်၊ အမြတ်မရွေးရပေ။ အချင်းချင်း အထင်အမြင်သေးခြင်းလည်း ကင်းရပေမည်။ ရန်ပြုခြင်းလည်း ကင်းရပေမည်။ မေတ္တာဘာဝနာသည် ဗြဟ္မဝိဟာရ တရားလည်းဖြစ်၍ မြင့်မြတ်သော ကျင့်စဉ်တစ်ရပ်ဖြစ်သည်။ လောကီအကျိုးစီးပွားနှင့် နိဗ္ဗာန်ချမ်းသာတို့ကို မလွဲဧကန်ရရှိမည့် ကျင့်စဉ်တစ်ရပ်ဖြစ်သည်။

မေတ္တာဖြင့်အနိုင်ရရှိသွားသော သာဓကများစွာရှိသည်။ မျက်မှောက်ခေတ်တွင်လည်း မေတ္တာလက်နက်ကို အသုံးပြု၍ ရန်သူတို့အပေါ် အောင်ပွဲဆင်သွားသော အဖြစ်အပျက်များရှိသည်။ ဘုရားရှင်ကိုယ်တော်တိုင်ပင် အောင်ခြင်းရှစ်ပါးကိုမေတ္တာဓာတ်ဖြင့် အောင်မြင်ခဲ့လေသည်။ ပြည့်တန်ဆာမ သိရိမာ၏ အငြိုးတကြီးလောင်းချလိုက်သော ပွက်ပွက်ဆူနေသည့် ထောပတ်ဆီပူသည် ဥတ္တရာ၏ မေတ္တာစွမ်းအားကြောင့် သီတာရေတမျှအေးမြသွားရသည် မဟုတ်ပါလား။

ဤမျှအစွမ်းထက်သော မေတ္တာတရားကို လူတိုင်း လက်ကိုင်ထားသင့်ပေသည်။ မေတ္တာကို လက်ကိုင်ထားခြင်းဖြင့် အရာရာကို အောင်မြင်နိုင်သည်။ လူချစ်လူခင်ပေါများသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ပရိတ်ကြီး (၁၁) သုတ်လာမေတ္တာသုတ်ကို နေ့စဉ် ရွတ်ဖတ်၍ (၃၁)ဘုံကျင်လည်ကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါများအား မေတ္တာပို့သကြသည်။

တရားပွဲများတွင် ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ဖတ်ပူဇော်ပြီးမှ ဒေသနာတော်ကို ဟောကြားရသည်။ ထို့ကြောင့် ပရိတ်ကြီး (၁၁)သုတ်သည် ဗုဒ္ဓသာသနာထွန်းကားရာ ဒေသတိုင်း၌ လွန်စွာအရေးပါလှသည်။ ပရိတ်ကြီး (၁၁) သုတ်တွင် ပါဝင်သော မေတ္တာသုတ်တော်ကို ဘုရားရှင်သည် ရဟန်း ၅၀၀ ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

သာဝတ္ထိပြည် ဗုဒ္ဓဘုရားရှင် သီတင်းသုံးတော်မူစဉ်က ဖြစ်သည်။ ရဟန်း ၅၀၀ တို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတို့ကိုတောင်း၍ တောရပ်မှီခိုကာ တရားအားထုတ်ရန် ထွက်လာကြသည်။ ယူဇနာတစ်ရာမျှ သွားမိသောအခါ ရွာကြီးတစ်ရွာသို့ရောက်၏။ ရွာသူရွာသားတို့က ၎င်းတို့ရွာ၌ ဝါဆိုတော်မူပါရန် တောင်းပန်သဖြင့် ရဟန်းတော်တို့သည် ရွာနှင့် မနီးမဝေးတွင်ရှိသော တောအုပ်တစ်ခုတွင် သီတင်းသုံးနေထိုင်တော်မူရန် ထွက်လာကြသည်။

ရဟန်းတော်တို့ တောအုပ်သို့ရောက်သောအခါ တောတွင်း၌ ရှိကြကုန်သော နတ်၊ ရုက္ခစိုးတို့သည် သားမယားနှင့်တကွ သစ်ပင်ထက်တွင် နေကြရသည်မှာ မသင့်တော်သဖြင့် မြေသို့ဆင်း၍ နေကြကုန်၏။ ရဟန်းတော်တို့လည်း ရွာ၌ဆွမ်းခံပြီး တောသို့ ပြန်ကြွလာကြသည်။ ပထမတွင် နတ်၊ ရုက္ခစိုးတို့က ရဟန်းတော်တို့သည် ခေတ္တခဏမျှသာ သီတင်းသုံးလိမ့်မည်ဟု တွေးထင်ထားကြသည်။ သို့သော် နောက်နေ့များတွင်လည်း ရဟန်းတော်တို့သည် ဆွမ်းခံပြီး တရားအားထုတ်တော်မူကြသည်။

နတ်၊ ရုက္ခစိုးတို့သည် ရဟန်းတော်များ ဤအရပ်၌ ဝါဆိုကြမည်ကို သိသွားကြသည်။ ထို့ကြောင့် သားမယားနှင့်တကွ မြေ၌ ကြာရှည်စွာမနေနိုင်သဖြင့် ရဟန်းတော်များ ဤအရပ်မှ ထွက်ခွာသွားရန်ခြောက်လှန့် နှင့်ထုတ်ကြသည်။ ညချမ်းအခါ ရဟန်းတို့သည် မဖြစ်ဖူးသော ဝေဒနာများဖြစ်ကြ၏။ အချို့မှာ ဦးခေါင်းပြတ်ကြီးများကိုမြင်၍ ထိတ်လန့်ကြ၏။ အချို့မှာ ဦးခေါင်းမပါသော အပိုင်းပိုင်းပြတ်နေသည့် ခန္ဓာကိုယ်များကို မြင်၍ ကြောက်ရွံ့ကြ၏။ ဤသို့အမျိုးမျိုးသော ကြောက်မက်ဖွယ်ရာများ၊ ဆိုးရွားသော အသံများကြောင့် ရဟန်းတော်တို့သည် ဝိပဿနာ၌ မစူးစိုက်နိုင်တော့ဘဲ ဘုရားရှင်ထံသို့ ပြန်လာကြ၏။

ဘုရားရှင်ထံသို့ရောက်သော် ရဟန်းတော်တို့သည် ဖြစ်ပျက်ပုံအလုံးစုံကို လျှောက်ထားကြ၏။ ထိုအခါ ဘုရားရှင်က ချစ်သားတို့ ဤအရပ်သို့သာ ပြန်သွားကြကုန်လော့၊ ချစ်သားတို့အား လက်နက်ကောင်းတစ်ခုပေးလိုက်မည်။ ဤလက်နက်ကို ယူသွားကြလော့ဟု မိန့်တော်မူပြီး "ကရဏီယ မတ္တကုသလေန" အစချီသော မေတ္တာသုတ်ပရိတ်တရားတော်ကိုဟောကြားသင်ပြတော်မူသည်။ ရဟန်းတို့သည် မေတ္တာသုတ္တန်ဒေသနာတော်ကို တောအုပ်သို့ဝင်သည်မှစ၍ စုပေါင်းရွတ်ဖတ်သရဇ္ဈာယ်ပြီး သွားကြသည်။ တောအုပ်ရှိနတ်အားလုံးတို့သည် ရဟန်းတော်တို့၏ မေတ္တာဓာတ်ကို ရရှိကြပြီး ရဟန်းတော်တို့အား ခရီးဦးကြိုပြုကြကုန်၏။ မေတ္တာဓာတ်၏ကြီးမားသော စွမ်းအားပင်ဖြစ်သည်။

လူတစ်ယောက်သည် နံနက်ချိန်၌ ထမင်းအိုးကြီး အလုံးတစ်ရာလှူ၏။ နေ့လယ်တစ်ရာ၊ ညတစ်ရာ လှူ၏။ တစ်ယောက်သောသူကား နံနက်နွားနို့တစ်ညှစ်စာမျှ မေတ္တာပွား၏။ နေ့လယ်၊ ညနေတို့၌လည်း နွားနို့တစ်ညှစ်စာမျှပင် မေတ္တာပွား၏။ တစ်နေ့သုံးခါ

**ရှေးဆရာတော်ကြီးများကလည်း " တစ်နေ့သုံးခါ၊ အိုးတစ်ရာနှင့်၊ ချက်ခါထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာမိန့်ခွန်းတည်း" ဟု အလင်္ကာစပ်ဆိုထားခဲ့သည်။ ဤဒေသနာအရ မေတ္တာတရားသည် အလွန်အကျိုးကြီးမား၍ မိမိတပည့်သာဝကများ မေတ္တာပွားရန် ဘုရားရှင် အထူးလိုလားတော်မူကြောင်း သိရ၏။**

ထမင်းအိုးကြီး အလုံးတစ်ရာချက် လှူသူ၏ဒါနထက် တစ်နေ့သုံးခါ နွားနို့တစ်ညှစ်စာမျှ မေတ္တာပွားသူ၏ ကုသိုလ်က သာလွန်အကျိုးကြီးမားလှကြောင်းကို နိဒါနဝဂ္ဂသြပမ္မသံယုတ် (၄၅၅) ၌ ဘုရားရှင် ဟောကြားထားတော်မူသည်။ ရှေးဆရာတော်ကြီးများကလည်း " တစ်နေ့သုံးခါ၊ အိုးတစ်ရာနှင့်၊ ချက်ခါထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း" ဟု အလင်္ကာစပ်ဆိုထားခဲ့သည်။ ဤဒေသနာအရ မေတ္တာတရားသည် အလွန်အကျိုးကြီးမား၍ မိမိတပည့်သာဝကများ မေတ္တာပွားရန် ဘုရားရှင် အထူးလိုလားတော်မူကြောင်း သိရ၏။ ထို့ကြောင့် သပြေကန်ဆရာတော်ကြီးကလည်း ဘုရားရှင်လည်းလိုလား အကျိုးလည်းကြီးမားသော ထိုမေတ္တာကို ဗုဒ္ဓဘာသာဝင်ဘုရားရှင်၏ တပည့်တိုင်း မပွားများဘဲ မနေထိုက်ဟု သိစေလိုသည်ဟု မိန့်တော်မူပါသည်။

အမျိုးသမီးများ၍ အမျိုးသားနည်းသောအိမ်၌ သူခိုးဓားပြများ အလွယ်တကူ တိုက်ဖျက်နိုင်သကဲ့သို့ မေတ္တာမပွားသူအား နတ်ဘီလူးများက လွယ်လွယ်ကူကူနှင့် ဖျက်ဆီးနိုင်၏။ ယောကျ်ားများ၍ မိန်းမနည်းသော အိမ်ကိုမူ သူခိုးဓားပြများ တိုက်ဖျက်ရန် မလွယ်ကူသကဲ့သို့ မေတ္တာပွားများသူအား နတ်ဘီလူးများအလွယ်တကူ မဖျက်ဆီးနိုင်ပေ။ ဤအကြောင်းကိုလည်း နိဒါနဝဂ္ဂသြပမ္မသံယုတ် ကုလသုတ် (၄၅၄-၅) ၌ ဘုရားရှင် ဟောကြားတော်မူသည်။ တန်ခိုးရှိသော နတ်ဘီလူးများပင် မဖျက်ဆီးနိုင်လျှင် တန်ခိုးမရှိသော လူများကား အဘယ်မှာ ဖျက်ဆီးနိုင်တော့မည်နည်း။ ဤသို့မည်သူမျှ မဖျက်ဆီးနိုင်ဆိုသဖြင့် မေတ္တာဘာဝနာ၏ အားထားလောက်သော အကာအရံ အတားအဆီးကောင်းအဖြစ်ကိုသိနိုင်၏။ ထို့ကြောင့် ဘေးရန်ဟူသမျှကို ကာကွယ်တတ်သော ထိုမေတ္တာအရံအတားကို လူတိုင်းအစဉ်အမြဲပွားများအပ်ပေသည်။

ယခုမျက်မှောက်ခေတ်တွင်လည်း မေတ္တာဖြင့်အနိုင်ရရှိသွားသော ဖြစ်ရပ်များစွာရှိသည်။ ဘုန်းတော်ကြီးဦးသီလသည် ကျားဆိုး၊ ဆင်ဆိုးတို့ကို မေတ္တာဓာတ်ဖြင့် အနိုင်ယူပြီး တောတောင်ထဲတွင် သီတင်းသုံးတော်မူသည်ကို အင်္ဂလိပ်လူမျိုးအရာရှိများ အံ့သြဘနန်း ဖြစ်ကြရသည်။ အမျိုးမျိုးသော နှောင့်ယှက်မှုတို့ကြောင့် ဆရာတော်များ လက်လျှော့ထားကြသော နေမိန္ဒရတောင်ပေါ်တွင် မြင်းခြံမြို့ စွန်းလွန်းဆရာတော်ကြီးသည် တောင်စောင့်နတ်များအပေါ် မေတ္တာဖြင့်အနိုင်ယူကာ အောင်မြင်စွာ သိမ်သမုတ်နိုင်ခဲ့သည်။ တောင်တန်းသာသနာပြုဆရာတော် ဦးဉတ္တမသာရအရှင်မြတ်သည် လူကိုတုပ်လျှင်သေသောပျားများရှေ့တွင် ရပ်ပြတော်မူခြင်းဖြင့် ဆရာတော်၏ မေတ္တာစွမ်းအားကို တောင်တန်းသားများ အံ့သြခဲ့ကြရသည်။ ဟသ်ာတမြို့ နဝဓူတင်္ဂါစာရ မဟာထေရ်မြတ်သည်လည်း မိမိအားရန်ပြုသော သိပ္ပံဘွဲ့ရအမျိုးသား စိတ်ဝေဒနာရှင်အား သည်းခံခြင်းဖြင့် အောင်မြင်တော်မူခဲ့သည်။

မေတ္တာပွားသူတို့ထားရှိရမည့် စိတ်ထားကိုလည်း ဤသို့မှတ်သားရပါသည်။ မိခင်သည် ရင်၌ဖြစ်သော တစ်ဦးတည်းသောသားကို အသက်ရှင်စေရန် စောင့်ရှောက်သကဲ့သို့ ဤအတူပင် ခပ်သိမ်းသောသတ္တဝါတို့၌ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကိုပွားများရာ၏။ မိမိ၏စိတ်ကို အထက်၊ အောက်၊ဖီလာ၊အလုံးစုံသော လောက၌ ကျဉ်းမြောင်းခြင်းမရှိသော၊ အတွင်းရန်ကင်းသော၊ အပြင်ရန်ကင်းသော၊ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကိုပွားများရာ၏။ ငိုက်မျဉ်းခြင်းကင်း၍ ရပ်နေသမျှ၊ လဲလျောင်းနေသမျှ ကာလပတ်လုံး ဤမေတ္တာနှင့်ယှဉ်သော သတိကိုဖြစ်စေရာ၏။ ပွားများအံ့ဟု ဆောက်တည်ရာ၏။

အရပ် (၁၀) မျက်နှာမေတ္တာပို့နည်း၊ မေတ္တာသုတ်တော်လာ မေတ္တာပို့နည်း (၁၁) နည်းဟူ၍ မေတ္တာပို့နည်း၊မေတ္တာပွားနည်းများစွာရှိပါသည်။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာကျမ်းတွင် ၅၂၈ သွယ်မေတ္တာပွားများပုံကို ဖော်ပြထားသည်။ (၁) သဗ္ဗေသတ္တာ-အားလုံးသောသတ္တဝါ၊ (၂) သဗ္ဗေပါဏာ-အားလုံးသော သက်ရှိသတ္တဝါ၊ (၃) သဗ္ဗေဘူတာ-အားလုံးသော ခန္ဓာကိုယ်ထင်ရှားရှိသော သတ္တဝါ၊ (၄) သဗ္ဗေပုဂ္ဂလာ-အားလုံးသော ပုဂ္ဂိုလ်၊ (၅) သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ-အားလုံးသောခန္ဓာကိုယ် အတ္တဘောနှင့် အကျုံးဝင်ကြသူများ စသော အနောဓိသပုဂ္ဂိုလ် ငါးဦးနှင့် (၁) သဗ္ဗာ ဣတ္ထိယော-အားလုံးသော မ သတ္တဝါ၊ (၂) သဗ္ဗေ ပုရိသာ-အားလုံးသော ဖို သတ္တဝါ၊ (၃) သဗ္ဗေ အရိယာ-အားလုံးသော အရိယာပုဂ္ဂိုလ်၊ (၄) သဗ္ဗေ အနရိယာ-အားလုံးသောပုထုဇဉ်၊ (၅) သဗ္ဗေ ဒေဝါ-အားလုံးသောနတ်၊ ဗြဟ္မာ၊ (၆) သဗ္ဗေ မနုဿာ-အားလုံးသောလူ၊ (၇) သဗ္ဗေ ဝိနိပါတိကာ-အားလုံးသော အပါယ်ဘုံသားတို့သည် စသောဩဓိသပုဂ္ဂိုလ် ခုနစ်ဦး ပေါင်း ၁၂ ဦးကို (၁) အဝေရာ ဟောန္တု-ဘေးရန်ကင်းကြပါစေ၊ (၂)အဗျာပဇ္ဇာဟောန္တု-စိတ်ဆင်းရဲကင်းကြပါစေ၊ (၃) အနီဃာဟောန္တု-ကိုယ်ဆင်း ရဲကင်းကြပါစေ၊ (၄) သုခီအတ္တာနံ ပရိဟရန္တု-ချမ်းသာစွာ မိမိတို့ခန္ဓာဝန်ကို ထမ်းဆောင်နိုင်ကြပါစေ စသော မေတ္တာပွားနည်းလေးနည်းဖြင့် ပွားသော် (၄၈)သွယ်ရ၏။ ထို (၄၈) သွယ်ကို အရပ်(၁၀)မျက်နှာဖြင့် ပွားများသော် (၄၈၀)ရ၏။ ထို့ကြောင့် မေတ္တာသည် စုစုပေါင်း ၄၈+၄၈၀=၅၂၈ သွယ်ရ၏။

"ချမ်းသာအိပ်နိုး၊ ကောင်းကျိုးမက်မြင်၊ နတ်လူစောင့်ရှောက်၊ မျက်မှောက်ချစ်ခင်၊ အဆိပ်လက်နက်၊ နိပ်စက်မထင်၊ စိတ်တည်လှ၊ ကြည်မြမျက်နှာသွင်၊ တစ်ပါးဘဝသွားရခါဝယ်၊ တွေဝေလွတ်ကင်း၊ သန့်ရှင်းလို့ရယ်၊ ဗြဟ္မာနန်းသို့၊ လှမ်းဖို့တကယ်၊ ဆယ့်တစ်မျိုး အကျိုးမှတ်ကြကွယ်" ဟူ၍ မေတ္တာပွားများခြင်းကြောင့် ရရှိအပ်သော အကျိုးကျေးဇူးတို့ကို အလင်္ကာစပ်ဆိုထားပါသည်။ ထို့ကြောင့် မေတ္တာတရားကို လက်ကိုင်ထားသူသည် ဖော်ပြပါ အကျိုးကျေးဇူးတို့ကို ရရှိခံစားရမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်သည်။ ထို့ပြင် မေတ္တာဘာဝနာသည် မြင့်မြတ်သော ကျင့်စဉ်တစ်ရပ်ဖြစ်ပြီး လောကီအကျိုးစီးပွားများကိုသာမက လောကုတ္တရာ အကျိုးစီးပွားဖြစ်သည့် နိဗ္ဗာန်ချမ်းသာတိုင်အောင် ပို့ဆောင်ပေးမည့် ကျင့်စဉ်တစ်ရပ်ဖြစ်၍ ယခုပင်ပွားများသင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## တာချီလိတ်၌ မြို့နယ်အဆင့်သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသိပညာပေး

**တာချီလိတ် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ မြို့နယ်အဆင့်သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသိပညာပေးပွဲကို အောက်တိုဘာ ၁၉ ရက်က မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ် ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသည့် အချက်အလက်များ၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တာချီလိတ်မြို့နယ်ရှိ လူဦးရေစာရင်း၊ မြို့ပြနှင့် ကျေးလက်နေထိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းအသိပညာပေးဆွေးနွေးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ နေပြည်တော်ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ကြိုင်၊ ဒုတိယပြည်နယ်ဦးစီးမှူး ကျိုင်းတုံမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းမောင်၊ ဒါနရှေ့ဆောင် မြန်မာအဖွဲ့အစည်းမှ သင်တန်းနည်းပြနှင့် အမှုဆောင်အယ်ဒီတာ ဦးစိုင်းဝင်းအောင်တို့က သန်းခေါင်စာရင်း နောက်ခံအကြောင်းအရာများ၊ လူဦးရေဆိုင်ရာ အချက်အလက်များစသည့် ခေါင်းစဉ်များဖြင့် အောက်တိုဘာ ၁၉ ရက် မှ ၂၀ ရက်အထိ ဆွေးနွေးခဲ့ရာ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

# ငြိမ်းချမ်းရေးအထိမ်းအမှတ်ပန်းချီပြပွဲ အမျိုးသမီးပန်းချီဆရာမများ စုပေါင်းပြသ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ တစ်ထောင့်တစ်နေရာ(သို့မဟုတ်) ကဏ္ဍတစ်ရပ်မှ ပါဝင်ဆောင်ရွက်လိုသော မြန်မာအမျိုးသမီး ပန်းချီဆရာမများ စုပေါင်းပြသမှုကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ဒဂုံမြို့နယ် ယောမင်းကြီးလမ်း၌ ကျင်းပသည်။

ပထမဦးဆုံးကျင်းပသော အဆိုပါပန်းချီပြပွဲကြီးကို အမျိုးသမီးခေါင်းဆောင်မှုသင်တန်းမှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး အမျိုးသမီးပန်းချီ ဆရာမ ၂၁ ဦးက မြန်မာပြည်ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်မှုမြင့်မားစေရန် ရည်ရွယ်ရေးဆွဲဖော်ကျူးသော ပန်းချီကား ၂၁ ကားကို ပါဝင်ပြသသွားမည်ဖြစ်သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တိုင်းတွင် အခန်းကဏ္ဍအသီးသီး၊ အလွှာအသီးသီး၌ရှိသော အမျိုးသမီးများ၏ လူသားဆန်မှု၊ နှလုံးသားခံစားမှုတို့ဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးဖြစ်စဉ်တိုင်းတွင် အမျိုးသမီးများပါဝင်ရမည်ဆိုသည်ကို လူထုကြား စိတ်ဝင်စားမှု၊ ကိုယ်စားပြုထောက်ခံမှုမြင့်မားစေရန် ရည်ရွယ်ပြသခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးပန်းချီဆရာမများ ဦးဆောင်သော ငြိမ်းချမ်းရေးအထိမ်းအမှတ်ပန်းချီပြပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးများ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်လွေးပိုးငယ်တက်ရောက်ကာ ငြိမ်းချမ်းရေးအမှတ်တရစကားပြောကြားပြီး The Crown Women's Leadership School Founder ဒေါ်ထားထားသက်နှင့် အမျိုးသမီးပန်းချီဆရာမများမှ ခေါင်းဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

"ဒီပန်းချီပြပွဲလုပ်ဖြစ်တဲ့ရည်ရွယ်ချက်ကတော့ အခုမြန်မာနိုင်ငံမှာ ကျင်းပနေတဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်တိုင်းမှာအမျိုးသမီးပါဝင်မှု ပိုမိုမြင့်မားလာစေဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ အလွှာအသီးသီး၊ ကဏ္ဍအသီးသီးက အမျိုးသမီးခေါင်းဆောင်တွေ အဆင့်တိုင်းအဆင့်တိုင်းမှာ ပါစေချင်တာပါ။ ဘာကြောင့် ပါစေချင်တာလဲဆိုရင် စစ်ဖြစ်ပြီဆိုရင် ခိုကိုးရာမဲ့ အမျိုးသမီးတွေ တိုးလာတာများတယ်။ အဲဒါကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ် ဆွေးနွေးပွဲတွေမှာ အမျိုးသမီးတွေကို ထဲထဲဝင်ဝင် ပါဝင်ဆွေးနွေးစေချင်တာ။ ဒီပန်းချီပြပွဲမှာ ငြိမ်းချမ်းရေးနဲ့ အမျိုးသမီးရေး လိုလားတောင့်တချက်တွေ ဖော်ဆောင်ထားတဲ့ ပန်းချီကားတွေ များပါတယ်" ဟု အဆိုပါ ပန်းချီပြပွဲဖြစ်မြောက်ရေး ဦးဆောင်သူ ဒေါ်ထားထားသက်က ပြောသည်။

ယနေ့ ရန်ကုန်မြို့၌ စတင်ကျင်းပသော အမျိုးသမီးပန်းချီဆရာမများ စုပေါင်းကျင်းပသည့် ငြိမ်းချမ်းရေးအထိမ်းအမှတ်ပန်းချီပြပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အတွင်း နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်မည်ဖြစ်သည်။ ပြသ ထားသည့် ပန်းချီကား ၂၁ ကားတွင် အမျိုးသမီးပန်းချီဆရာမ ၂၁ ဦး ပါဝင်ရေးဆွဲထားပြီး အများစုမှာ အခရိုင်းလစ် ပန်းချီကား အမျိုးအစားများဖြစ်ပြီး ဆီဆေးပန်းချီကား အနည်းငယ်သာ ပါဝင်ရာ ပန်းချီကားအများစုမှာ ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေး ဖြစ်စဉ်များနှင့် ပတ်သက်၍ ဖော်ညွှန်းရေးဆွဲထားသည်များကို တွေ့ရသည်။



ငြိမ်းချမ်းရေး အထိမ်းအမှတ် ပန်းချီပြပွဲကြီးသို့ ပြည်သူများ စိတ်ဝင်တစား လာရောက် ကြည့်ရှုစဉ်

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ငြိမ်းချမ်းရေးဂီတပွဲတော် level-2 ပွဲစဉ် (၁) မန္တလေးမြို့၌ ကျင်းပ



ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-3 သို့ တက်ရောက်သွားသည့် Sa Paung (ဝဲ)နှင့် လင်းသစ်(ယာ)တို့၏ ပြိုင်ပွဲဝင် သီဆိုဟန်

**မန္တလေး အောက်တိုဘာ ၂၁**

နိုင်ငံတော်အစိုး၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ တာဝန်ယူကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် (Level-1) အဆင့် သီချင်းဆိုပြိုင်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံ၊ ကလေးမြို့တို့၌ ကျင်းပပြီးစီးခဲ့ပြီး ဒေသလက်ရွေးစင် ၃၆ ဦး ထွက်ပေါ်ခဲ့ကာ ယခုအောက်တိုဘာ ၂၁ ရက်၊ ၂၂ ရက်တွင် Level-2 ပွဲစဉ်(၁)နှင့်(၂)ကို မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ ယနေ့ ကျင်းပသည့် Level-2 ပွဲစဉ်(၁)မှာ ပြိုင်ပွဲဝင်ကိုးဦး ယှဉ်ပြိုင်သည့်အနက် Level-3 သို့ တက်လှမ်းသွားနိုင်သည့် Sa Paungနှင့် လင်းသစ်တို့ ပေါ်ထွက်လာခဲ့သည်။

Level-2 ပွဲစဉ်(၂)ကို အောက်တိုဘာ ၂၂ ရက်တွင် မန္တလေးမြို့အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ Level-2 ပွဲစဉ် (၃)နှင့် (၄)ကို နေပြည်တော်၌ အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပသည့် နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ ည ၈ နာရီ သတင်းအပြီးတွင် တိုက်ရိုက်(Live) ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvwebmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/ peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြသည်။

Level-2 ပွဲစဉ် လေးခုမှ Level-3 သို့တက်လှမ်းမည့် ပြိုင်ပွဲဝင် ၁၀ ဦး ထွက်ပေါ်လာမည်ဖြစ်သည်။ ပွဲစဉ်တစ်ခုစီမှ နှစ်ဦးစီ ရှစ်ဦးနှင့် ဒိုင်များ၏ မှတ်ချက်အရ နှစ်ဦး စုစုပေါင်း ၁၀ ဦး Level-3 သို့ တက်လှမ်းမည် ဖြစ်သည်။

Level-3 အဆင့်ပြိုင်ပွဲမှ ရွေးချယ်ခံထားသည့် ဆန်ခါတင် ၁၀ ဦးထဲမှ သုံးဦးကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ပြုလုပ်မည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယအဖြစ် ရွေးချယ်ကာ (ပထမဆု) ငွေကျပ်သိန်း ၃၀၀၊ (ဒုတိယဆု)ငွေကျပ်သိန်း ၂၀၀၊ (တတိယဆု) ငွေကျပ်သိန်း ၁၀၀ နှင့် (နှစ်သိမ့်ဆု) တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ဖြင့် ခုနစ်ဆု ချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော် အဆိုတော်များနှင့် ကျန်လက်ရွေးစင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဂီတပွဲတော်ကြီးအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပသွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် မိသားစုများနှင့် စေတနာရှင်၊ အလှူရှင်များသည် ပွဲတော်ကျင်းပရာ မြို့များ၌ ပရဟိတလုပ်ငန်းများ၊ တိုက်ပွဲရှောင် (ယာယီ) စခန်းများ၊ IDP စခန်းများသို့လည်း သွားရောက်ပြီး လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မန်းကိုယ်ပွား**

# ငြိမ်းချမ်းရေးဂီတပွဲတော် Level(2) အတွက် မန္တလေးမြို့ရှိ အလှူရှင်များက ပါဝင်ကူညီလှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၁**

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level (2) ပြိုင်ပွဲ၏ အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပမည့် မန္တလေးမြို့ပွဲစဉ် (၁) နှင့် (၂) အတွက် အလှူရှင်များဖြစ်သည့် သီရိသုခမ္မမဏိဇောတရေ ဒေါက်တာ ဦးကျော်ဝင်းနှင့် သီဟသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်မြင့်မြင့်သန်း (မန်းမြေရာဇာကုမ္ပဏီ)က ငွေကျပ်သိန်း ၃၀၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ စက်မှုလုပ်ငန်းရှင်များက ငွေကျပ်သိန်း ၂၀၊ ဦးရဲမြင့် (ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၂၀၊ ဦးအောင်ဝင်းခိုင် (မြို့သာစက်မှုဇုန်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၅ သိန်း၊ ဦးမောင် စိန်နှင့် ဒေါ်ရွှေလှ (Five Ocean ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်း၊ ဦးဇော်ဝင်းထွန်းနှင့် ဒေါ်အေးမိစံ (United Pacific ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)က ငွေကျပ် ၁၀ သိန်း၊ ဒေါ်မေမြတ်နွယ် (သံလွင်မြန်မာကုမ္ပဏီလီမိတက်) က ငွေကျပ် ၁၀ သိန်း၊ ဦးမောင်ကို (ထာဝရကုမ္ပဏီလီမိတက်)က ငွေကျပ် ငါးသိန်း၊ မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့က ငွေကျပ် ခြောက်သိန်း စုစုပေါင်းအလှူငွေကျပ် ၁၃၆ သိန်းကို လှူဒါန်းခဲ့ကြကာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **မန်းကိုယ်ပွား**



# ပုပ္ပားတောင်ကလပ်၌ မိုးရွာသွန်းမှုကြောင့် မြေနိမ့်ကျပြီး ကတ္တရာလမ်းနေရာအချို့ ပြတ်ရွေ့မှုဖြစ်ပေါ်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်၌ ပြီးခဲ့သည့်ရက်များအတွင်း မိုးရွာသွန်းမှုများသဖြင့် မြေသားနိမ့်ကျအိဆင်းမှုဖြစ်ပွားခဲ့ပြီး ကတ္တရာလမ်းနေရာအချို့တွင် မြေသားပြတ်ရွေ့မှုများ ဖြစ်ပွားခဲ့ရာ အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၃ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။



ကျောက်ပန်းတောင်းမြို့နယ်၌ မိုးနှောင်းကာလဖြစ်သည့် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း မိုးရွာသွန်းမှုများပြားခဲ့သဖြင့် ပုပ္ပားတောင်ကလပ်ရှိ အောင်သိဒ္ဓိကုန်းတွင် ကတ္တရာလမ်းမြေသားပြတ်ရွေ့မှု နှစ်နေရာဖြစ်ပေါ်ခဲ့ပြီး ရွှေဂူချောင်အနီးတွင် မြေသားကျွံကျမှုအချို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အောင်သိဒ္ဓိကုန်း၌ စကားဝါချောင်မုခ်ဦးနှင့် တည့်တည့်နေရာတွင် ကတ္တရာလမ်းမြေသားပြတ်ရွေ့မှု အနည်းငယ်ဖြစ်ပွားခဲ့ပြီး ယင်းနေရာ၏ တောင်ဘက် တောင်ကလပ်လမ်း အဆင်းကွေ့အနီး ရေပြွန်တည့်တည့်နေရာ၌ ပြတ်ရွေ့မှု အနည်းငယ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရွှေဂူချောင်တွင် မြေသားပျော့အိကာ နိမ့်ဆင်းမှုကြောင့် တိုင်ထောင်သွပ်မိုး ထမင်းချက်ဆောင်တစ်ဆောင် ယိုင်နဲ့သွားသဖြင့် ဖြိုဖျက်ထားရကြောင်း သိရသည်။

ထို့ပြင် အောင်သိဒ္ဓိကုန်းရှိ တောင်စောင်းကမ်းပါးယံတွင် ဆောက်လုပ်ထားရှိသော အိမ်ထောင်စုသုံးစုတွင် တောင်နံရံမြေသား ပဲ့ကျမှုကြောင့် အုတ်တံတိုင်း အချို့ပြိုပျက်မှုရှိခဲ့ပြီး ဝိုင်းမြေအတွင်း မြေသားအက်ကွဲမှု အနည်းငယ်ရှိရာ ယာယီရွှေ့ပြောင်း နေထိုင်ရန် တာဝန်ရှိသူများက စီစဉ်ပေးထားကြောင်း သိရသည်။

"မြေသား နိမ့်သွားတာကတော့ တစ်ပေကျော်လောက်တော့ရှိမယ် ထင်တယ်။ မြေပြိုတာကတော့ မြေသားအိပြီး ပဲ့ကျတဲ့သဘောပါ။ တောင်နံရံမှာ ကပ်ဆောက်ထားတဲ့ အိမ်ဝိုင်းတွေက အုတ်တံတိုင်းတွေတော့မြေပိပြီး ပြိုသွားတာပေါ့။ အဲဒီနားက အိမ်ဝိုင်းထဲမှာတင် မြေသားအက်ကွဲနေတဲ့ အိမ်လေးတွေ ရှိတယ်။ သူတို့ကိုလည်း လောလောဆယ်တော့ သူတို့ဆွေမျိုးသားချင်းတွေဆီမှာ ယာယီပြောင်းရွှေ့နေကြဖို့ စီစဉ်ပေးထားပါတယ်။ နောက်ထပ်မိုး များလာရင် ဒီအက်ကွဲကြောင်းတွေထဲ ရေဝင်ပြီး ပိုဆိုးလာမှာ ကြောက်ရတာ။ အခုအခြေအနေကတော့ သိပ်မစိုးရိမ်ရပါဘူး" ဟု ပုပ္ပားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ညွန့်က ပြောသည်။

အဆိုပါ မြေသားပြတ်ရွေ့မှုဖြစ်ပွားရာနှင့် မြေသားနိမ့်ကျမှုဖြစ်ပွားရာ နေရာများသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအေးခိုင်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်နှင့် ကော်မတီဝင် ဦးသန်း၊ ပုပ္ပားကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်မောင်ညွန့်တို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးကာ မြေသားပြတ်ရွေ့မှုဖြစ်ပေါ်သော နေရာများကို လမ်းဦးစီးဌာနနှင့် ညှိနှိုင်း၍ အမြန်ဆုံး ပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ဆီးဂိမ်းပြိုင်ပွဲနှင့် 1st EGAT King 'S' Cup Junior 2017 ပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိခဲ့သော အားကစားသမားများအားဂုဏ်ပြု

**ရန်ကုန် အောက်တိုဘာ ၂၁**

မလေးရှားနိုင်ငံက ပြီးခဲ့သော ဩဂုတ်လအတွင်း အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ထိုင်းနိုင်ငံ၌ အောက်တိုဘာလက ကျင်းပခဲ့သော 1st EGAT King 'S' Cup Junior 2017 ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များ ရယူပေးခဲ့သော နိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် အလေးမ အားကစားသမားများအား အဖွဲ့ချုပ်မှ ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအလေးမ အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ဂုဏ်ပြုချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်ဒင်၊ အလေးမ အားကစားသမားဟောင်းကြီးရွှေတံဆိပ်ဆုများရှင် ဦးထွန်းမောင်၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ချစ်၊ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအားကစားမှူး ဦးအောင်မိုး၊ အလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆုရရှိခဲ့သော အားကစားသမားများ တက်ရောက်ကြသည်။

"ဒီပွဲလေးကိုတော့ အဖွဲ့ချုပ်အနေနဲ့ အကျဉ်းချုံးလေး ကျင်းပလိုက်တာဖြစ်ပါတယ်။ အခုလို အောင်မြင်မှုရအောင် စွမ်းဆောင်ပေးတဲ့ အားကစားသမားများနဲ့ နည်းပြတွေအပါအဝင် အားလုံးကို ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ ဒီလောက်အောင်မြင်မှုရတာနဲ့ ကျေနပ်နေလို့ မရပါဘူး။ ဒီထက်ပိုပြီး ကျွန်တော်တို့ ကြိုးစားဖို့ အများကြီးလိုအပ်ပါသေးတယ်။ မျိုးဆက်သစ်တွေ ပေါ်ထွန်းစေဖို့လည်း နိုင်ငံတစ်ဝန်းမှ ဖော်ထုတ်သွားမှ နောင်အနာဂတ် မြန်မာ့အလေးမ အားကစားလောကဟာ တောက်ပြောင်လာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြင်ဆင်သွားမှာပါ" ဟု မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ချစ်က ဂုဏ်ပြုချီးမြှင့်ပွဲတွင် ပြောသည်။



မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ချစ် ဂုဏ်ပြုချီးမြှင့်စဉ်

ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်ဒင်နှင့် အလေးမ အားကစားသမားဟောင်းကြီး ရွှေတံဆိပ်ဆုများရှင် ဦးထွန်းမောင်တို့က ဂုဏ်ပြုစကားများပြောကြားပြီး နိုင်ငံ့ဂုဏ်ဆောင်ဆုရ အလေးမအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် မှတ်တမ်းများ ပေးအပ်သည်။

ယနေ့ ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားတွင် မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ်အနေဖြင့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ၆၂ ကီလိုတန်းမှ ဝင်ရောက်ယှဉ်ပြိုင်ကာ တတိယဆုရရှိခဲ့သော မြင့်ကြည်အား ငွေကျပ်သိန်း ၂၀၊ ထိုင်းနိုင်ငံ၌ အောက်တိုဘာလအတွင်းက ကျင်းပခဲ့သော 1st EGAT King 'S' Cup Junior 2017 အလေးမပြိုင်ပွဲတွင် ၅၆ ကီလိုတန်းမှ ဝင်ရောက်ယှဉ်ပြိုင်ကာ တတိယဆုရရှိခဲ့သော သီဟအောင်အား ငွေကျပ်တစ်သိန်းနှင့် အဆိုပါပြိုင်ပွဲများတွင် လိုက်ပါဆောင်ရွက်ခဲ့သော နည်းပြများအားငွေကျပ် တစ်သိန်းစီ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ခွင့်ပြုချက်မရှိဘုရားပြုပြင်ခဲ့သူများကို တရားစီရင်ရေးလမ်းကြောင်းအတိုင်းသွားမည်ဟု ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးပြောဆို

**သထုံ အောက်တိုဘာ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာအုပ်စုအတွင်းရှိ မြန်မာသက္ကရာဇ် ၁၃၁၄ ခုနှစ်ခန့်က တည်ထားကိုးကွယ်ခဲ့သည့် အလံတစ်ရာစေတီတော်မြတ်၌ စက်တင်ဘာလ ဒုတိယပတ်မှစတင်၍ ခွင့်ပြုချက်မရှိ ဘုရားပြုပြင်သူဟုဆိုသူ လူပုဂ္ဂိုလ်ငါးဦးအား တရားစွဲဆိုမှုကို အောက်တိုဘာ ၁၉ ရက်က စတုတ္ထအကြိမ်မြောက် ရုံးထုတ်စစ်ဆေးခဲ့ကြောင်း သိရသည် ။

တရားစွဲဆို စစ်ဆေးအရေးယူမှုများ ဖြစ်ပေါ်လာခြင်းကြောင့် ဒေသအတွင်း၌ ဝေဖန်ကန့်ကွက်သံများ ထွက်ပေါ်လာကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်က "အလံတစ်ရာဘုရားကြီးဖြစ်စဉ်မှာ တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်နေပါတယ်၊ မည်သည့်ဘုရားကိုမဆို ဘုရားကိုပြုပြင်တယ်၊ အသစ်ပြန်လုပ်တယ် ဘာသာရေးအဆောက်အအုံတွေကို ပြန်လည်ပြုပြင်မွမ်းမံမယ်ဆိုရင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရဲ့ ခွင့်ပြုချက်ကိုယူပြီးလုပ်ဆောင်မှ တရားဝင်ပါတယ်၊ ခွင့်ပြုချက်မယူဘဲ လုပ်ဆောင်နေတဲ့အတွက် မြို့နယ် သံဃနာယကအဖွဲ့က သုံးကြိမ်ခေါ်ပြီး တားမြစ်ပါတယ်၊ သံဃနာယကအဖွဲ့က ဓမ္မစက်နဲ့တားတယ်၊ မရတော့ အာဏာစက်နဲ့ဆောင်ရွက်ပေးပါဆိုလို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သာသနာရေးမှူး၊ ရဲတပ်ဖွဲ့နဲ့၊ သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေက ဘုရားတည်တဲ့ အဖွဲ့တွေကိုခေါ်ပြီး တိုင်ပင်ဆွေးနွေးတယ်၊ အဲ့ဒါလည်း သုံးကြိမ် ဝန်ခံကတိ ဒီနေ့ထိုး၊ မနက်ဖြန်ပြန်လုပ်တယ်၊ တားမရတော့ ပြည်နယ်အစိုးရအဖွဲ့ကို အကြောင်းကြားတယ်။ သက်ဆိုင်ရာကျေးရွာကပဲ တရားစွဲဆိုပါ၊ ဘုရားတည်တဲ့အဖွဲ့ကို ဘုရားမှာ ရှိနေတဲ့ နာယက ဆရာတော်ကြီးလေးပါးနဲ့ အရင်ဒါယကာ၊ ဒါယိကာမတွေက တရားစွဲဆိုတာ ဖြစ်ပါတယ်။ ကျွန်မတို့က တရားဥပဒေစိုးမိုးရေးကို အဓိကထားပြီး တရားစီရင်ရေးလမ်းကြောင်းပေါ် တင်ပေးလိုက်တာပါ။ တရားစီရင်ရေးလမ်းကြောင်းအတိုင်းသွားမှာပါ။ အုပ်ချုပ်ရေးပိုင်းက ဝင်ရောက်စွက်ဖက်မှာ မဟုတ်ပါဘူး "ဟု ပြောသည်။

"ပဋိပက္ခအသွင်မဆောင်ဘဲ ပေါင်းစပ်၍ ကျေးရွာအတွင်းရှိ ပြည်သူများ ညှိနှိုင်းအဖြေရှာခြင်း နည်းလမ်းကိုအသုံးပြုရန် လိုအပ်ပါတယ်။ အကျိုးဆောင် ဂေါပကအဖွဲ့အား စနစ်တကျ ပြန်လည်ဖွဲ့စည်းဖို့နဲ့ အင်တာနက်စာမျက်နှာပေါ် တွင် ပျံ့နှံ့နေသည့် ထင်မြင်ချက်ကို ပြည်သူတွေက မှန်၊ မမှန် စိစစ်၍ စဉ်းစား သုံးသပ်စေလိုပါတယ်"ဟု သုဝဏ္ဏဝတီမြို့ တောင်ကြားရပ်ကွက်မှ ခွန်သက်မောင်က ပြောသည်။

"သူတို့က ဘုရားတည်တဲ့အဖွဲ့ကိုခေါ်ပြီး တွေ့ဆုံတယ်ဆိုတာ ကျွန်မတို့ မသိလိုက်ရပါဘူး။ စေတီတော်ကိုတည်ထားခဲ့တာ နှစ်ပေါင်းများစွာကြာနေပြီဆိုတော့ ပျက်စီးတာကိုပြုပြင်တာ အပြစ်လား၊ ခုအဖမ်းခံထားရတဲ့ သူတွေက ဂေါပကတွေ မဟုတ်ပါဘူး။ ဘုရားက ဥပါသကာတွေပါ၊ အသက်အရွယ်အားဖြင့် ၇၀ ကျော်၊ ၆၀ ကျော်တွေဆိုတော့ ကျန်းမာရေးအရတော့ အာမခံတော့ ပေးသင့်ပါတယ် "ဟု တရားစွဲဆိုခံထားရသူ၏ မိသားစုဝင်တစ်ဦးက ပြောသည် ။

ခွင့်ပြုချက်မရှိဘဲ ဘုရားပြုပြင်သူများဟု ဆိုသည့် အဖွဲ့ဝင်ငါးဦးအား စက်တင်ဘာ ၂၀ ရက်မှစတင်၍ ယနေ့အထိ လေးကြိမ်မြောက်အဖြစ် သထုံမြို့နယ် တရားရုံးသို့ ရုံးထုတ်စစ်ဆေးခဲ့ပြီး နိုဝင်ဘာ ၁ ရက်သို့ ရုံးချိန်းထပ်မံပေးခဲ့ကြောင်း သိရသည်။

"တရားစွဲသူတွေက ရာဇသတ်ကြီးပုဒ်မ ၂၉၅/ ၂၉၅(က) ၄၃၁ စွဲဆိုထား တဲ့အတွက် အာမခံရဖို့ လျှောက်ထားပေမယ့် မြို့နယ်၊ ခရိုင်တရားရုံးတွေက အာမခံပေးဖို့ ငြင်းဆိုပယ်ချခံရပါတယ်။ ဒီအမှုကို စက်တင်ဘာ ၇ ရက်က အမှုစွဲတင်ပြီး အခုရုံးချိန်းလေးကြိမ်အထိ တရားလိုသက်သေ ရှစ်ဦးရှိတဲ့အထဲက တစ်ယောက်တောင် စစ်ဆေးလို့မပြီးသေးတဲ့အတွက် ဒီအမှုအတွက် ဘာမှ ထင်မြင်ချက်ပေးလို့ မရသေးပါဘူး " ဟု တရားခံဘက်မှ လိုက်ပါဆောင်ရွက်ပေးနေသော ဦးခင်မြင့် (တရားလွှတ်တော်ရှေ့နေ)က ပြောသည်။ ယခုတရားစွဲဆိုသည့်အမှုတွင် ဘာသာတရားကို ခုတုံးလုပ်၊ မူးယစ်ဆေးသုံးစွဲ၍ ကာမရယူနေသည်ဆိုသော သတင်းဖြစ်ပေါ်နေသည့် ခွန်တန် (ခ) ဇာတ်လိုက် (ခ) ထွန်းထွန်းနိုင် ပါဝင်ပတ်သက်နေပါသလား မေးခွန်းနှင့်ပတ်သက်၍ မပါဝင်ပါကြောင်း ၎င်းက ပြောသည်။

"ပန်းဦးလွှတ်ခြင်း" ဆိုသည့်စကားရပ်အပေါ် ဒေသခံပြည်သူများက စိုးရိမ်သောကရောက်နေကြပြီး တိုင်းရင်းသားအချင်းချင်း ပြန်လည်စည်းလုံးညီညွတ်ကြရန်နှင့် ပြစ်မှုကျူးလွန်သူကို အပြစ်ပေးရန် ဒေသခံတိုင်းရင်းသားအများစုက ဆန္ဒရှိနေကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# မဟာမြတ်မုနိဘုရားကြီး နောက်ကျောတော်၏ရွှေသားအား စတီးပိုက်ဖြင့်ထိုးခွာယူသူကိုဖမ်းဆီးရမိ

**မန္တလေး အောက်တိုဘာ ၂၁**

မဟာမြတ်မုနိဘုရားကြီးနောက်ကျောတော်၏ ရွှေသားအား စတီးပိုက်ဖြင့်ထိုးခွာယူသူအား သက်သေခံပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

" ဒါနဲ့ပတ်သက်ပြီး နောင်မဖြစ်အောင် ပိုပြီးဂရုစိုက်ထိန်းသိမ်းသွားမယ်။ CCTV တွေရဲ့ အားသာချက်တွေကြောင့် လုပ်သွားတာကို ချက်ချင်း သိရတယ်။ နောက်တစ်ခါ ပြန်လာချိန် စောင့်ကြည့်ပြီး ဖမ်းနိုင်ခဲ့တာ" ဟု မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလင်းက ပြောသည်။

ပြစ်မှုကျူးလွန်သူ အမျိုးသားမှာ အသက် (၃၀) ခန့်ရှိပြီး မန္တလေးမြို့ ၇၇ လမ်း ၃၇ လမ်းနှင့် ၃၈ လမ်းကြား အကြော်ဘန်းရပ်ကွက်နေသူဖြစ်ကြောင်း၊ အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၃ နာရီကျော်ခန့်က မဟာမြတ်မုနိဘုရားကြီး နောက်ကျောတော်၏ ရွှေသားကို အရှည်လေးလက်မနှင့် အဝတစ်လက်မရှိ စတီးပိုက်ဖြင့်ထိုးခွာယူခြင်းအား CCTV ကင်မရာမှ တစ်ဆင့် မှတ်တမ်းတင်ထားပြီး နောက်တစ်နေ့ မွန်းလွဲ ၁ နာရီကျော်ခန့်တွင် ဘုရားကြီးမြောက်ဘက်ဘေးတော်တွင်ရှိနေစဉ် ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက တွေ့ရှိဖမ်းဆီးရမိပြီး သက်သေခံပစ္စည်းများနှင့်အတူ အမှတ်(၁၀)မြို့မရဲစခန်းသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

"ဘုရားကြီးရဲ့ နောက်ကျောတော်ရွှေသားကို စတီးပိုက်နဲ့ခြစ်တယ်၊ ပထမနေ့က ဘုရားကြီးရဲ့ နောက်ကျောတော်ကို ရွှေသင်္ကန်းကပ်ဟန်ဆောင်ပြီး စတီးပိုက်လေးနဲ့ခြစ်သွားတယ်၊ ညနေပိတ်တဲ့အချိန်မှာ အစင်းရာတွေ့တာ ဂေါပက အဖွဲ့တွေနဲ့ စစ်ဆေးတွေ့ရှိတယ်၊ အဲဒီနေ့က CCTV တွေ ပြန်ကြည့်တော့ သူ့ပုံပေါ်နေတယ်၊ ဒုတိယနေ့မှာ နေ့လယ်လောက်ပြန်လာတဲ့အချိန်မှာ မခြစ်ရသေးဘူး၊ ဖမ်းဆီးရမိတယ်။ သူ့ရဲ့ထွက်ဆိုချက်အရ ပထမတစ်ကြိမ် သူရောင်းတာ နှစ်သိန်းရတယ်၊ နောက်တစ်ကြိမ်ရောင်းတဲ့ တစ်သိန်းခုနှစ်သောင်းက ပိုက်ဆံပြန်ရတယ်၊ နှစ်သိန်းကတော့ ဖုန်းတွေဝယ်လိုက်တယ်၊ သိမ်းဆည်းရမိတာတွေကို ရှာဖွေပုံစံတွေနဲ့ သိမ်းထားတယ်၊ အမှုဖွင့်အရေးယူဆောင်ရွက်နေပါတယ်" ဟု အမှတ်(၁၀) မြို့မရဲစခန်းမှ စခန်းမှူးက ပြောသည်။

ဘုရားဖူးပြည်သူများ အနှောင့်အယှက်မရှိ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးနိုင်ရန်နှင့် မဟာမြတ်မုနိဘုရားကြီး လုံခြုံရေးကို မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့မှ လုံခြုံရေးဝန်ထမ်းများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများဖြင့် ဘုရားကြီး အတွင်းစည်းနှင့် အပြင်စည်း လုံခြုံရေးများ နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး အပြင်စည်းလုံခြုံရေးအင်အား ထပ်ဖြည့်သွားရန် စီစဉ်နေကြောင်း၊ လက်ရှိတွင် လုံခြုံရေးအင်အား ၆၀ ကျော်ရှိရာ အမျိုးသမီးလုံခြုံရေး ခုနစ်ဦးပါဝင်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**



# ကိုရီးယားသံအမတ်ကြီးဖလားတိုက်ကွမ်ဒိုပြိုင်

**ရန်ကုန် အောက်တိုဘာ ၂၁**

ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၁၀နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ ခေတ္တသံအမတ်ကြီး H.E.Mr.Kim Jung Han က ပြိုင်ပွဲကျင်းပရခြင်းအကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြဟန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ သံရုံးမှ တာဝန်ရှိသူပုဂ္ဂိုလ်များနှင့် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၄ နှစ်အောက်၊ ၁၈ နှစ်အောက်၊ ရှစ်နှစ်အထက်မှ ၃၀ နှစ်အောက်အထိ အမျိုးသား၊ အမျိုးသမီးတို့က ကကွက်၊ အတိုက်ပြိုင်ပွဲများယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်အသင်း ၁၉ သင်း၊ ကစားသမား ၄၀၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်း အေးကေလင်း**
**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

# ယခုရာသီပထမဆုံးရှုံးပွဲအဖြစ် မန်ယူတို့ တန်းတက်ဟက်ဒါဖီးလ်ကို ရှုံးနိမ့်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၉) စနေနေ့ည ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ဟက်ဒါဖီးလ်နှင့် မန်ယူပွဲတွင် အိမ်ရှင် ဟက်ဒါဖီးလ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပထမပိုင်းပွဲချိန် ၂၈ မိနစ်တွင် ကွင်းလယ်ကစားသမား အာရွန်မွိုင်းက ဟက်ဒါဖီးလ်အတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၃၃ မိနစ်တွင် တိုက်စစ်မှူး လောရန့်ဒီပိုင်ထရီက ဒုတိယဂိုးသွင်းယူခဲ့ရာ ဟက်ဒါဖီးလ်အသင်း ပထမပိုင်းပြီးချိန်တွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် မန်ယူအတွက် တစ်လုံးတည်းသောချေပဂိုးကို လူစားဝင်လာသော လူငယ်ကစားသမား ရက်ရှ်ဖို့ဒ်က သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် ရှုံးသည့် မန်ယူက ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်ခဲ့သော်လည်း ယခုနှစ်ရာသီ ပရီမီယာလိဂ် ပထမဦးဆုံးရှုံးပွဲ ကြုံတွေ့ခဲ့ရသည်။ တန်းတက်အသင်း ဟက်ဒါဖီးလ်သည် ကိုးပွဲယှဉ်ပြိုင်အပြီးတွင် သုံးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံး ရမှတ် ၁၂ မှတ် ရရှိထားသည်။

အခြားပွဲစဉ်များအဖြစ် ချယ်လ်ဆီးနှင့် ဝက်ဖို့ဒ်ပွဲတွင် လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် ပွဲပြီးခါနီး နောက်ကျဂိုးများဖြင့် ပရီမီယာလိဂ် နှစ်ပွဲဆက်ရှုံးနိမ့်မှုကို ရပ်တန့်စေခဲ့ပြီး လေးဂိုး -နှစ်ဂိုးရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။ မန်စီးတီးက သုံးဂိုး - ဂိုးမရှိဖြင့် ဘန်လေကို အနိုင်ရရှိခဲ့ပြီး နယူးကာဆယ်က ပဲလေ့စ်ကို တစ်ဂိုး - ဂိုးမရှိ၊ ဘုန်းမောက်က စတုတ်စီးတီးကို နှစ်ဂိုး -တစ်ဂိုးနှင့် လက်စတာက ဆွမ်ဆီးကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**

# စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဦးချစ်ဝင်း-ဒေါ်မြအေးတို့၏သားငယ်

**ဗိုလ်ကြီး ကျော်လှိုင်ဝင်း**

**B.C.Sc(DSA)**

**M.E(Graphics Engineering)**

နှင့်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)-ဒေါ်သန်းသန်းအေးတို့၏ တစ်ဦးတည်းသောသမီး

**ဒေါက်တာ ယဉ်မင်းသူ**

**M.B.B.S(Ygn)**

တို့၏၁၈-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဝင်းတင်အားလည်းကောင်း၊ ၂၁-၁၀-၂၀၁၇ရက်(စနေနေ့) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်တို့ကို ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် ခင်အောင်မြင့်နှင့်ဇနီးဒေါ်အေးအေးသန်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယသမ္မတ သရေစည်သူ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှအားလည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးသိုးရိပ်ချို စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးကြပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများအားလည်းကောင်း၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဘိုမြင့်သန်း၊ မင်္ဂလာအခါတော်တေးသီချင်းသီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများအား ဖျော်ဖြေပေးပါသော ရီရီသန့်-နှင်းရီသန့် တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် ဆုသင်္ကြန်ဦးနှင့် ဒေါက်တာမြတ်ပြည့်မွန်၊ မင်္ဂလာအောင်စံပယ် ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော ညီမငယ် စုစုထက်ကျော်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော ညီမငယ်ဒေါက်တာခွန်းချို၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးအောင်မင်းဆက်နှင့် ဗိုလ်ကြီးရန်ပိုင်စိုးလွင်၊ မင်္ဂလာသတို့သမီးအရံဒေါက်တာ ယဉ်မင်းဖြိုးနှင့် ဒေါက်တာဖြိုးလဲ့ရည်မောင်၊ မင်္ဂလာသတို့သမီးအတွက် ဝတ်စုံစီစဉ်ပေးပါသော ဒီဇိုင်နာမင်းသက်စံ(Sweet & Smart)၊ မင်္ဂလာသတို့သမီးအရံများအတွက် ဝတ်စုံစီစဉ်ပေးပါသော ဒီဇိုင်နာမနီလာ(Sapphire)၊ အကျွေးအမွေးစီစဉ်ပေးပါသော ဦးစိန်ဝင်း(ထူးထက်စံကုမ္ပဏီ)၊ လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ရွှေရတီ(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင်အလှ ပြင်ဆင်ပေးပါသော ဒီဇင်ဘာနှင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး(Focus Daily)၊ ပန်းအလှဆင်ပေးပါသော မာမီကျော်(မလေးရှား)၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာအဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးကျော်လှိုင်ဝင်း-ဒေါက်တာယဉ်မင်းသူ**

---

## ရခိုင်ပြည်နယ်အတွက် " ၆၅,၁၆၀ သိန်း " လှူဒါန်းခဲ့သည့်

## ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) အား အထူးကျေးဇူးတင်ရှိခြင်း

ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း မှ ရခိုင်ပြည်နယ် အတွက် အောက်ဖော်ပြပါအတိုင်း လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

(က) ၂၆.၈.၂၀၁၇ - ရက်နေ့က ကျဆုံး/ဒဏ်ရာရဝန်ထမ်းများအတွက် ( ၄၇၀) သိန်း

(ခ) ၁၀.၉.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်၊မောင်တောမြို့နယ် - နယ်စပ်ခြံစည်းရိုးကာရန်အတွက် ( ၃၁၆၉၀) သိန်း

(ဂ) ၁၂.၉.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မောင်တောဒေသဖွံ့ဖြိုးရေးအတွက် ( ၃၀၀၀) သိန်း

(ဃ) ၁၉.၁၀.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ပေးအပ်ခြင်း။ ( ၃၀၀၀၀) သိန်း

စုစုပေါင်း ကျပ်သိန်းပေါင်း ခြောက်သောင်း ငါးထောင်တစ်ရာ့ခြောက်ဆယ် (၆၅, ၁၆၀သိန်း)

နိုင်ငံအတွင်း လိုအပ်သည့်နေရာဒေသတိုင်းအတွက် လူမျိုးမရွေး၊ ဘာသာမရွေး ထိပ်ဆုံးမှ စဉ်ဆက်မပြတ် အမြောက်အများ လှူဒါန်းပေးလျက်ရှိပြီး ရခိုင်ပြည်နယ်အတွက်လည်း ယခုကဲ့သို့ စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်း ပေးခဲ့သည့်အတွက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း နှင့် အဖွဲ့သားများအားလုံး သက်ရှည်ကျန်းမာပြီး စီးပွားဥစ္စာရတနာများ တိုးပွားလျက် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဆထက်တိုး၍ သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ရခိုင်အမျိုးသားလူမှုကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)
Rakhine National Social & Welfare Organization

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ပြည်သူသန်းပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့

**ဒါကာ အောက်တိုဘာ ၂၁**

မရပ်မနားရွာသွန်းခဲ့သောမိုးကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ လမ်းအခြေအနေများမှာ ပိုမိုဆိုးရွားလာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် အောက်တိုဘာ ၂၁ ရက်က ဖော်ပြခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ လမ်းများ၊ လမ်းသွယ်များ၊ လမ်းကြိုလမ်းကြားများတွင် ရေများဖုံးလွှမ်းနေသောကြောင့် ခရီးသွားလာသူများနှင့် မှီတင်းနေထိုင်သူ သန်းပေါင်းများစွာ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ရေများဖုံးလွှမ်းနေသော ဒါကာမြို့၏ နေရာအတော်များများတွင် လန်ချားများမှာ အလုပ်ဖြစ်လျက်ရှိကြောင်းနှင့် ရေကြီးမှုကြောင့် မြို့၏အဓိကဧရိယာများတွင် နေထိုင်သူများမှာ ၎င်းတို့၏ နေအိမ်ထဲတွင်သာ နေထိုင်ကြရကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဒါကာမြို့၏လမ်းများတွင် ရေကြီးမှုများဖြစ်ပေါ်လျက်ရှိကာ ခရီးသွားများအတွက် အခက်အခဲဖြစ်လျက်ရှိကြောင်း၊ သုံးဘီးများ၊ စက်တပ်လန်ချားများနှင့် အငှားယာဉ်များမှာ ရေကြီးသောလမ်းများကို ဖြတ်သန်းသွားလာခြင်းမပြုကြောင်း သိရသည်။

ဒါကာမြို့၏အနိမ့်ပိုင်း အာမက်နာဂါဧရိယာတွင် နေထိုင်သူများမှာ ရေကြီးမှုကြောင့် လှေများကို အသုံးပြုနေရသည်။ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒါကာမြို့၏ ရေမြောင်းစနစ်များမှာ ဆိုးရွားလျက်ရှိကြောင်း သိရသည်။ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းကြောင့် ယခုကဲ့သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း မိုးများအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**



# အိန္ဒိယတောင်ပိုင်း၌ နိုင်ငံပိုင် အဆောက်အအုံတစ်ခုပြိုကျရာ ရှစ်ဦးထက်မနည်းသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၂၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ ယမန်နေ့က နိုင်ငံပိုင် အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး သုံးဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

ယမန်နေ့ နံနက် ၃ နာရီခွဲတွင် တမီလ်နာဒူးပြည်နယ် ပို့ဆောင်ရေးကော်ပိုရေးရှင်း အဆောက်အအုံ၏ ခေါင်မိုးတစ်လျှောက် အစိတ်အပိုင်းများ ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ အဆောက်အအုံပြိုကျမှုသည် တမီလ်နာဒူးပြည်နယ်မြို့တော် ချန်နိုင်းတောင်ပိုင်း ၃၁၂ ကီလိုမီတာ ကွာဝေးသော နာဂါပက်သီနမ်မြို့တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆောက်အအုံ ပြိုကျမှုကြောင့် သေဆုံးသူများရှိခဲ့ရာ ၎င်းသေဆုံးသူများမှာ ဝန်ထမ်းများဖြစ်ကြောင်း သိရသည်။ အဆောက်အအုံပြိုကျသည့်အချိန်သည် လူများအိပ်ပျော်နေချိန်ဖြစ်သောကြောင့် ထိုသို့အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဝန်ထမ်းများ၊ မီးသတ်သမားများ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် အဆောက်အအုံပြိုကျမှုကို ကူညီရန် စက်ယန္တရားကြီးများလည်း ရောက်ရှိလာခဲ့ကြောင်း သိရသည်။ အဆိုပါ ပြိုကျမှုဖြစ်ပွားခဲ့သော အဆောက်အအုံသည် ဆယ်စုနှစ်ခြောက်နှစ်ကြာ သက်တမ်းရှိပြီဖြစ်ကြောင်းသိရပြီး လွန်ခဲ့သော ၁၉၅၂ ခုနှစ်ကတည်ဆောက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ထိုသို့ အဆောက်အအုံပြိုကျမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။ အကြောင်းမှာ အဆောက်အအုံများ တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်ကောင်းမွန်စွာ မတည်ဆောက်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**



# ဒါကာသည် အမျိုးသမီးများအတွက် ကမ္ဘာ့ ခုနစ်ခုမြောက် အန္တရာယ်အရှိဆုံး မြို့ကြီးတစ်မြို့ဖြစ်

**ဒါကာ အောက်တိုဘာ ၂၁**

သွန်ဆင် ရိုက်တာ ဖောင်ဒေးရှင်းက ကောက်ယူခဲ့သော လေ့လာမှုစစ်တမ်းသစ်တစ်ခုတွင် ဒါကာသည် အမျိုးသမီးများအတွက် ကမ္ဘာ့ခုနစ်ခုမြောက် အန္တရာယ်အရှိဆုံး မြို့ကြီးတစ်မြို့ဖြစ်ကြောင်း မကြာသေးမီက ဖော်ပြခဲ့သည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သည် အမျိုးသမီးများအတွက် နံပါတ်တစ် အန္တရာယ်အရှိဆုံး မြို့ကြီးတစ်မြို့ဖြစ်ပြီး၊ ပါကစ္စတန်နိုင်ငံ ကရာချိနှင့် ကွန်ဂိုနိုင်ငံ ကင်ရှာဆာသည် ဒုတိယနှင့် တတိယအန္တရာယ်အရှိဆုံးမြို့များဖြစ်ကာ အိန္ဒိယနိုင်ငံ ဒေလီမြို့သည် စတုတ္ထမြောက် အန္တရာယ်အရှိဆုံးမြို့ဖြစ်ကြောင်း အဆိုပါ ကောက်ယူခဲ့သော လေ့လာမှုစစ်တမ်းသစ်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထွက်ပေါ်လာသောရလဒ်သည် မြို့ပေါင်း ၁၉ မြို့ရှိ အမျိုးသမီးလူ့အခွင့်အရေးလှုပ်ရှားသူ ၂၀ ၏ တုံ့ပြန်ပြောဆိုမှုများကို အခြေခံကာ လေ့လာမှုပြုခဲ့သော စစ်တမ်းမှ ရရှိခဲ့သည့် ရလဒ်များဖြစ်ကြောင်း သိရသည်။ လေ့လာမှုစစ်တမ်းပြုလုပ်ခဲ့သော အဆိုပါ ၁၉ မြို့သည် ကုလသမဂ္ဂမှ ဖော်ပြခဲ့သော မြို့ကြီး ၃၁ မြို့တွင် ပါဝင်သောမြို့များဖြစ်ကြောင်း သိရသည်။


အမျိုးသမီးလူ့အခွင့်အရေးလှုပ်ရှားသူများက အမျိုးသမီးများအတွက် အန္တရာယ်အရှိဆုံးမြို့များအဖြစ် အချက်လေးချက်အပေါ်အခြေခံကာ ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းအချက်များမှာ အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်ပြုနိုင်မှုအန္တရာယ်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အမျိုးသမီးများအတွက် စီးပွားရေးအခွင့်အလမ်းနှင့် အမျိုးသမီးများနှင့်ဆိုင်သော ယဉ်ကျေးမှုအလေ့အကျင့်များဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ဘင်္ဂလားဒေ့ရှ်သည် အမျိုးသမီးများအတွက် စီးပွားရေးအခွင့်အလမ်းပေးနိုင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုနေရာတွင် အကောင်းဆုံးအဆင့်ရှစ်နေရာတွင်ရှိသော်လည်း ဒေလီနှင့် ဆော်ပေါလို မြို့များသည် အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်ပြုနိုင်မှုအန္တရာယ်အရှိဆုံး မြို့များဖြစ်သည်။

ပီရူးဗီယန်နှင့် လီမာတို့သည် ကျန်းမာရေးစောင့်ရှောက်မှုတွင် အဆိုးဆုံးဖြစ်သလို ကိုင်ရိုသည် ဖော်ပြပါအဆင့် လေးဆင့်လုံးတွင် အဆိုးရွားဆုံးမြို့ဖြစ်ကြောင်း သိရသည်။

**(ဒါကာထရီဗြွန်း)**



**အမျိုးသမီးများအတွက် ကမ္ဘာ့ခုနစ်ခုမြောက် အန္တရာယ်အရှိဆုံး မြို့ကြီးတစ်မြို့ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ကို အပေါ်စီးမှ မြင်ရစဉ်**

# မလေးရှားနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ မြေပြိုမှုဖြစ်ပွားရာ မြန်မာတစ်ဦးသေဆုံး

**ကွာလာလမ်ပူ အောက်တိုဘာ ၂၁**

မလေးရှားနိုင်ငံ အနောက်မြောက်ပိုင်း ပီနန်ပြည်နယ်ရှိ ဂျော့ချ်တောင်းမြို့၌ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု မြေပြိုမှုဖြစ်ပွားခဲ့ရာ နိုင်ငံခြားအလုပ်သမား သုံးဦးသေဆုံးခဲ့ပြီး အခြား ၁၁ဦး ပျောက်ဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသားတစ်ဦးတို့၏ ရုပ်အလောင်းများကို မြေပြိုမှုများကြားမှ ဆွဲထုတ်ခဲ့ရကြောင်း၊ အခြားအလုပ်သမားနှစ်ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

၃၅ မီတာမြေစာပုံကြီးကို တူးဖော်ရှာဖွေရမည့်ပြဿနာကြီးကို ရင်ဆိုင်ဖြေရှင်းနေရကြောင်း၊ ပျောက်ဆုံးသူများကိုရှာဖွေရန် ခွေးသုံးကောင်ပါ ယူနစ်တစ်ခုကိုလည်း အခင်းဖြစ်ရာနေရာတွင် ချထားကြောင်း ပီနန်မီးသတ်နှင့် ကယ်ဆယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဆာဒွန်မော့တားက ပြောခဲ့သည်။

မြေပြိုကျမှုတွင် ပိတ်မိနေသူများမှာ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ အလုပ်သမားများဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးကြပ်ရေးမှူးဖြစ်သူ မလေးရှားနိုင်ငံသားတစ်ဦးလည်း မြေပြိုကျမှုဖြစ်စဉ်တွင် ပါဝင်ကာ သေဆုံးနိုင်သည်ဟု ယူဆရကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ မြေပြိုကျသည့်အကြောင်းရင်းကို ယခုအချိန်ထိ စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်တပ်ဖွဲ့ဝင် လေးဦး သေဆုံးမှုကို စုံစမ်း

**ဝါရှင်တန် အောက်တိုဘာ ၂၁**

ယခုလအစောပိုင်းက ဖြစ်ပွားခဲ့သော နိုင်ဂျာချုံခိုတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သော ဖြစ်စဉ်၌ ပြည်သူလူထု၏ သတင်းအချက်အလက်များ ပိုမိုထုတ်ပြန်ပေးရန် တောင်းဆိုမှုများ မြင့်တက်နေချိန်တွင် အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်စစ်ဘက်က စတင်စုံစမ်းမှုများလုပ်ဆောင်နေပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်က ပြောခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ကျဆုံးခဲ့ရသည့် အကြောင်းရင်းကို စုံစမ်းမှုများ လုပ်ဆောင်နေကြောင်း မက်တစ်က သတင်းထောက်များကို ပြောကြားခဲ့သည်။ တပ်ဖွဲ့ဝင်များအသတ်ခံရသည့် ကိစ္စနှင့် ပတ်သက်ပြီး လေ့ကျင့်ချိန်မတော်တဆကြောင့်လား၊ တိုက်ပွဲကြောင့်လားဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး အချိန်တိုင်း စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အောက်တိုဘာ ၄ ရက်က ဖြစ်ပွားခဲ့သည့် အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး ပြည်သူများ သိချင်စိတ်ပြင်းပြနေသည့်အချိန်တွင် ပင်တဂွန်အကြီးအကဲ၏ မှတ်ချက်ထွက်ပေါ်လာခဲ့သည်။ အဆိုပါကိစ္စဖြစ်ပွားပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ သတင်းတုံ့ပြန်ပေးနိုင်မှု နှောင့်နှေးကြန့်ကြာခဲ့ကြောင်း သိရသည်။

ချုံခိုတိုက်ခိုက်မှုကို အိုင်အက်စ်ဆက်နွယ် အကြမ်းဖက်သမားများက ပြုလုပ်ဆောင်ရွက်နိုင်ကြောင်း မက်တစ်က ပြောခဲ့သည်။ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းသည် မှားယွင်းမှုကို အဖြေရှာခြင်းမဟုတ်ဘဲ ဘာဖြစ်ခဲ့သလဲဆိုသည်ကို သိချင်စိတ်ကြောင့်စုံစမ်းဖော်ထုတ်ခြင်းသာဖြစ်ကြောင်း အိမ်ဖြူတော်အကြီးအကဲ ဂျွန်ကယ်လီက ပြောခဲ့သည်။ **(ဆင်ဟွာ)**

### အိန္ဒိယနှင့်ရုရှား ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

**နယူးဒေလီ အောက်တိုဘာ ၂၁**

အိန္ဒိယနှင့်ရုရှားတို့သည် ကြာသပတေးနေ့တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို စတင်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ အိန္ဒိယနှင့် ရုရှားနှစ်နိုင်ငံသည် လွန်ခဲ့သော ၂၀၀၃ ခုနှစ်မှစတင်ကာ နှစ်စဉ်နှစ်တိုင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ပုံမှန်လုပ်ဆောင်ခဲ့ကြသည်။ သို့သော်ကြည်း၊ ရေ၊ လေ စစ်ကြောင်းသုံးခုလုံး ပါဝင်ကာ စစ်ရေးလေ့ကျင့်မှုပြုလုပ်သည့် ပထမဆုံးသော ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ယခုနှစ်တွင် စတင်ပြုလုပ်ခြင်းဖြစ်သည်။

Indra 2017 ဟု အမည်ပေးထားသည့် ၁၁ ရက်ကြာစစ်ရေးလေ့ကျင့်မှုကို ရုရှားဆိပ်ကမ်းဖြစ်သည့် ဗလာဒီဘော့စတော့၌ အိန္ဒိယရေယာဉ်နှစ်စင်းကို ဖွင့်ပွဲ အခမ်းအနားကျင်းပမှုဖြင့်စတင်ခဲ့သည်။ အိန္ဒိယသင်္ဘောအမှုထမ်းများကို ရုရှားရိုးရာနှုတ်ဆက်မှုဖြစ်သည့် ပေါင်မုန့်နှင့်ဆားတို့ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# တစ်ဖက်သတ်ဆန်ဆန် ဖြေရှင်းလို့မရနိုင်တဲ့ ကက်တလိုနီးယားခွဲထွက်ရေး ကြိုးပမ်းမှု

**● ကလျာမိုးမြင့် ●**

စပိန်အစိုးရဟာ စပိန်နိုင်ငံအတွင်းကနေ ခွဲထွက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ရေး ထူထောင်ဖို့ ကြိုးစားနေတဲ့ ကက်တလိုနီးယားဒေသကို လွတ်လပ်ရေး ကြိုးပမ်းမှုတွေအဆုံးသတ်သွားဖို့ တတ်စွမ်းသမျှနည်းလမ်းတွေနဲ့ အရေးပေါ်ဆောင်ရွက်မှုတွေ ပြုလုပ်သွားမယ်လို့ ပြောကြားခဲ့ပါတယ်။ စပိန်ကနေ ခွဲထွက်ဖို့ စိတ်ရောကိုယ်ပါ ထက်ထက်သန်သန်ဖြစ်နေတဲ့ ကက်တလိုနီးယား ခေါင်းဆောင်ဟာ ပြီးခဲ့တဲ့ ကြာသပတေးနေ့က ဗဟိုအစိုးရကို အလျှော့မပေးတဲ့ ခြိမ်းခြောက်မှုတစ်ခု ပြုလုပ်ခဲ့ပါတယ်။

အဲဒါကတော့ ကက်တလိုနီးယားကို လွတ်လပ်ရေးကြေညာနိုင်ဖို့အတွက် ခွဲထွက်ရေးကိုလိုလားတဲ့ ဥပဒေပြုသူတွေဟာ ပါလီမန်လွှတ်တော်မှာ မဲပေးပြီး ဆုံးဖြတ်ကြမယ်ဆိုတဲ့ စကားနဲ့ ခြိမ်းခြောက်လိုက်တာပါ။

ဒီခြိမ်းခြောက်မှုက ဗဟိုအစိုးရနဲ့ ဒေသဆိုင်ရာအစိုးရအဖွဲ့တွေကြားမှာ ပိုင်နက်နယ်နိမိတ်ဆိုင်ရာ စစ်ပွဲတွေဖြစ်လာစေမယ့် တင်းမာမှုအရှိန်အဟုန်ကို ပြင်းထန်လာစေခဲ့ပါတယ်။ ကက်တလိုနီးယား ခေါင်းဆောင် Carles Puigdemont က စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဂျွိုင်ကို သတိပေးစာတစ်စောင် ရေးသားပေးပို့ခဲ့ပြီး ချက်ချင်းဆိုသလိုပဲ စပိန်အစိုးရရဲ့ ကြေညာချက် ဝင်ရောက်လာတာဖြစ်ပါတယ်။

သတိပေးစာထဲမှာ ကက်တလန်ခေါင်းဆောင်က ဗဟိုအစိုးရဟာ ကက်တလိုနီးယားဒေသအတွင်းမှာ အရေးပေါ်အမိန့်အာဏာကို အသုံးချခဲ့မယ်ဆိုရင် ခွဲထွက်ရေးသမားအုပ်စုတွေဟာ လွတ်လပ်ရေးရရှိဖို့ တုံးတိုက်တိုက် ကျားကိုက်ကိုက်ရှေ့တိုးဆောင်ရွက်သွားဖို့ ပြင်ဆင်ထားပြီးပြီလို့ သတိပေးထားပါတယ်။ စပိန်နဲ့ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေအတွင်းမှာ ကက်တလိုနီးယားဒေသရဲ့လိုလားချက်နဲ့ ရည်ရွယ်ချက်ကို ကြာသပတေးနေ့ နောက်ဆုံးထားပြီး လက်လျှော့ဖို့ အချိန်ကန့်သတ်လိုက်တာကို ရင်ဆိုင်တွန်းလှန်တဲ့ အနေနဲ့ ကက်တလိုနီးယားခေါင်းဆောင်က ဝန်ကြီးချုပ် မာရီယာနိုရာဂျွိုင်ကို ခြိမ်းခြောက်သတိပေးစာရေးသားလိုက်တာဖြစ်ပါတယ်။

အဲဒီစာမှာ ကက်တလိုနီးယားက စကားပြောဆိုဆွေးနွေးမှုပြုလုပ်နိုင်ဖို့ အင်အားစိုက်ထုတ်ကြိုးပမ်းမှုတွေ ပြုလုပ်ခဲ့ပေမယ့် အစိုးရက ညှိနှိုင်းဆွေးနွေးဖို့ကို ငြင်းဆန်နေတာဟာ ပဋိပက္ခကို ပိုမိုကြီးထွားအောင်လုပ်နေတာပဲလို့ ဝန်ကြီးချုပ်ကို အပြစ်တင်ထားပါတယ်။

အဲဒီသတိပေးချက်ကို တုံ့ပြန်တဲ့အနေနဲ့ စပိန်အစိုးရက စနေနေ့မှာ ဝန်ကြီးများအဖွဲ့ အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ခေါ်ယူသွားမယ်လို့ ပြောကြားခဲ့ပါတယ်။ ဒီအစည်းအဝေးဟာ ကက်တလိုနီးယားပြည်သူတွေအပါအဝင် စပိန်နိုင်ငံသားတွေအားလုံးရဲ့ ယေဘုယျစိုးရိမ်ပူပန်နေတဲ့အချက်တွေကို ကာကွယ်ဖို့ဆိုတဲ့ အကြောင်းပြချက်ကိုလည်း စပိန်အစိုးရက ပေးခဲ့ပါတယ်။

စပိန်အစိုးရဘက်က သဘောထားဟာ သိပ်ကိုတင်းမာတဲ့ အခြေအနေဖြစ်ပါတယ်။ သတင်းစာရှင်းလင်းပွဲမှာ ဗဟိုအစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက စပိန်ဟာ တရားဥပဒေက ချမှတ်တဲ့တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီတဲ့ ဘယ်လိုအမိန့်အာဏာမျိုးကိုမဆို နဂိုအတိုင်း သက်ရောက်စေဖို့ ရနိုင်သမျှနည်းလမ်းအားလုံးကို အသုံးပြုသွားဖို့ အဆင်သင့်ပဲလို့ ပြောကြားခဲ့ပါတယ်။

မစ္စတာရာဂျွိုင်ဟာ ပြီးခဲ့တဲ့တစ်ပတ်က ကျယ်ပြန့်ပြီး တစ်ကြိမ်တစ်ခါမှ အသုံးပြုရခြင်းမရှိသေးတဲ့ စပိန်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ ကိုအသုံးပြုဖို့ တောင်းဆိုခဲ့ပြီး အဲဒီအရာက ၎င်းအား ကက်တလိုနီးယားဒေသကို ထိန်းချုပ်နိုင်စေမှာ ဖြစ်ပါတယ်။ ကက်တလိုနီးယားခေါင်းဆောင်က ရေးသားလိုက်တဲ့စာဟာ တကယ့်ကိုခွဲထွက်ရေးခြိမ်းခြောက်စာတစ်စောင်ပါပဲ။

အစိုးရအနေနဲ့ နိုင်ငံရေးဆွေးနွေးပွဲလုပ်ဖို့ ရှောင်လွှဲနေဦးမယ်ဆိုရင်၊ ဆက်လက်ပြီး ဖိနှိပ်ချုပ်ချယ်နေဦးမယ်ဆိုရင် အောက်တိုဘာ ၁၀ ရက်က မဲမပေးခဲ့ရတဲ့ လွတ်လပ်ရေးအတွက် ကက်တလိုနီးယား ပါလီမန်လွှတ်တော်က လွတ်လပ်ရေးကြေညာနိုင်ဖို့ လုပ်စရာရှိတဲ့အတိုင်းဆက်လုပ်တော့မယ်လို့ ပြောထားပါတယ်။ ပုဒ်မ ၁၅၅ ဟာ စပိန်ကို Mr. Puigdemont နဲ့ တခြားကက်တလိုနီးယား ဥပဒေပြုသူတွေကို ရပ်တန့်သွားအောင်လုပ်နိုင်တဲ့ လုပ်ပိုင်ခွင့်အာဏာကို ပေးအပ်နိုင်ပြီး အဲဒီဒေသအတွင်းက ကိုယ်ပိုင်အုပ်ချုပ်မှုနဲ့ ပတ်သက်ပြီး အရေးယူဆောင်ရွက်နိုင် စေမှာဖြစ်ပါတယ်။ သို့သော်လည်း မစ္စတာရာဂျွိုင်ကတော့ ဒါကိုအရေးပေါ်ကြားဝင်စွက်ဖက်မှုတစ်ခုလို့ လူသိရှင်ကြားဝန်မခံခဲ့ပါဘူး။

မစ္စတာရာဂျွိုင်အနေနဲ့ မျှော်မှန်းထားတဲ့ ရလဒ်တွေနဲ့ဆန့်ကျင်ပြီး ထွက်ပေါ်လာနိုင်မှုနဲ့ လွတ်လပ်ရေးလှုပ်ရှားမှုတွေ လှုပ်ရှားလာစေနိုင်ပြီး အန္တရာယ်ရှိတဲ့ စွန့်စားမှုတွေ ပြုလုပ်ဖို့ထက် ကက်တလို ခွဲထွက်ရေးအုပ်စုတွေရဲ့ ဆတ်ဆတ်ထိမခံတဲ့ မဟာမိတ်တွေအပေါ်မှာ တဖြည်းဖြည်းနဲ့ ဖိအားတွေမြင့်တက်လာအောင် ကြိုးစားသွားမယ့်ဟန်ရှိနေတာကို တွေ့မြင်ရပါတယ်။

မကြာသေးခင်က မက်ဒရစ်မှာရှိတဲ့ နိုင်ငံရေးသမားတွေက ကက်တလိုနီးယားအနေနဲ့ ဒေသဆိုင်ရာရွေးကောက်ပွဲတွေကို တတ်နိုင်သမျှ မြန်မြန်ဆန်ဆန်ကျင်းပသွားဖို့ တောင်းဆိုခဲ့ကြပါတယ်။ ဒါပေမယ့် Mr. Puigdemont ကတော့ ကြာသပတေးနေ့က ပေးပို့ခဲ့တဲ့စာထဲမှာ အဲဒီလိုမဲပေးမှုတွေ ပြုလုပ်မယ်ဆိုတာမျိုး ရေးသားခဲ့ခြင်း မရှိပါဘူး။

ပြီးခဲ့တဲ့အင်္ဂါနေ့က ဆန္ဒထုတ်ဖော်သူနှစ်သိန်းခန့်ဟာ ဖမ်းဆီးထိန်းသိမ်းခံလိုက်ရတဲ့ ခွဲထွက်ရေးအုပ်စု ခေါင်းဆောင်နှစ်ဦးကို ပြန်လွှတ်ပေးရေး တောင်းဆိုဖို့ ဘာစီလိုနာမြို့လယ်ကောင်ကို ချီတက်စုဝေးရောက်ရှိခဲ့ကြပါတယ်။ စာထဲမှာ ရေးသားထားပုံအရ ခေါင်းဆောင်နှစ်ဦးကို ဖမ်းဆီးတာဟာ စပိန်ရဲ့ဖိနှိပ်ချုပ်ချယ်လိုတဲ့ သဘောထားကို ဖော်ပြလိုက်တဲ့ အထောက်အထားတစ်ခုပဲလို့ Mr. Puigdemont က ဆိုထားပါတယ်။

လွတ်လပ်ရေးအတွက် ရွေးကောက်ပွဲကျင်းပခဲ့တဲ့ အောက်တိုဘာ ၁ ရက်က ပြည်သူ ၂ ဒသမ ၃ သန်းမဲထည့်ဝင်ခဲ့ကြပြီး ၉၀ ရာခိုင်နှုန်းက လွတ်လပ်ခွင့်အတွက် မဲပေးခဲ့ကြတယ်လို့ ကက်တလိုနီးယားအစိုးရက ဖော်ပြထားပါတယ်။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဒါကို အကျုံးမဝင်ကြောင်း ကြေညာလိုက်ပါတယ်။


လွတ်လပ်ရေးကြေညာမှုကို ခြိမ်းခြောက်လာတဲ့အချက်က ရာနဲ့ချီတဲ့ကုမ္ပဏီတွေဟာ ၎င်းတို့ရဲ့ ဌာနချုပ်တွေကို ကက်တလိုနီးယားပြင်ပမှာ ပြန်ပြီးနေရာချမယ်လို့ ဆိုလာကြတာပဲ။ ကွန်ဆာဗေးတစ်နဲ့ အလယ်အလတ်ခွဲထွက်ရေးအုပ်စုတွေက အကယ်၍ ကုမ္ပဏီတွေ ကက်တလိုနီးယားဒေသကနေ စွန့်ခွာသွားရင် ထိခိုက်လာမယ့် စီးပွားရေးဆိုင်ရာအကျိုးဆက်ကို စိုးရိမ်ပူပန်နေသော်လည်း သဘောထားတင်းမာတဲ့ ခွဲထွက်ရေးအုပ်စုတွေကတော့ မက်ဒရစ်မှာ ဗဟိုအစိုးရနဲ့ တစ်ဖက်သတ်ဆန်ဆန်နဲ့ ပြတ်ပြတ်သားသားလမ်းခွဲဖို့ကိုသာ စိတ်အားထက်သန်နေပါတယ်။ စပိန်စီးပွားရေးဝန်ကြီး လူဝီစ်ဒီဂွင်ဒိုက အကယ်၍အစိုးရက ခွင့်မပြုတဲ့ လွတ်လပ်ရေးသာ အခိုင်အမာဖြစ်သွားခဲ့ရင် ကက်တလိုနီးယားကုမ္ပဏီတွေကို ပြန်လည်နေရာချထားမှုလုပ်တာဟာ ဖြစ်လာနိုင်တဲ့ အရာတွေအတွက် နှုတ်မြိန်ဆေးတိုက်ကျွေးလိုက်တာပါပဲလို့ ကြာသပတေးနေ့က ပါလီမန် လွှတ်တော်မှာ ပြောကြားခဲ့ပါတယ်။




Mr. Puigdemont ဟာ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ၎င်းရဲ့ကွန်ဆာဗေးတစ်ပါတီနဲ့ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးအတွင်းမှာ ပါတီရဲ့ ဥပဒေပြုသူတွေက လွတ်လပ်ရေးကြေညာမှုနဲ့ပတ်သက်ပြီး နောက်မဆုတ်ဖို့ အပြည့်အဝထောက်ခံခဲ့ကြပါတယ်။

စပိန်ဝန်ကြီးချုပ် ရာဂျွိုင်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာတွေကို အသုံးပြုလိုက်မယ်ဆိုရင် ကက်တလိုနီးယားကို ယာယီအုပ်ချုပ်ခွင့်သတ်မှတ်နိုင်မှာဖြစ်ပြီး အခြား တစ်ဖက်မှာတော့ ကက်တလိုနီးယားခေါင်းဆောင် Mr. Puigdemont ဟာ ငြိမ်ဝပ်ပိပြားရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေနဲ့ ရင်ဆိုင်ရဦးမှာဖြစ်သလို စပိန်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ပြီး တစ်ဖက်သတ် လွတ်လပ်ရေးကြေညာမှုအတွက် ကြီးလေးတဲ့ ပြစ်ဒဏ်နဲ့ ထောင်နန်းစံရမယ့် အရေးရတက်မအေးစရာပါပဲ။

**(နယူးယောက်တိုင်းမ်)**







# မြန်မာသဒ္ဒါသင်ကြားရေး (၂၅)

## မောင်ခင်မင် (ဓနုဖြူ)

"ကဲ... နာမဝိသေသနအကြောင်းရောက်ပြီ။ ရှေ့မှာလည်း တော်တော်ပြောခဲ့ကြပြီးပြီမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ နာမ်ကို အထူးပြုသောပုဒ်ကို နာမဝိသေသနဟုခေါ်သည်လို့ သဒ္ဒါစာအုပ်တွေမှာ ဖွင့်ပါတယ်"

"အနက်အဓိပ္ပာယ်အရ နာမဝိသေသနလေးမျိုးလို့ ပြထားတယ်မဟုတ်လား"

"ဟုတ်ပါတယ်။ ဂုဏ်ရည်ပြနာမဝိသေသနရယ်၊ အညွှန်းနာမဝိသေသနရယ်၊ သင်္ချာနာမဝိသေသနရယ်၊ အမေးနာမဝိသေသနရယ် လေးမျိုးပါ ဆရာ"

"တော်တော် စာကျေတဲ့ဆရာမပဲ။ ဆရာတို့ပြောခဲ့ကြတာက မြန်မာစကားမှာ နာမဝိသေသနဆိုတဲ့ ဝါစင်္ဂ ရှိ မရှိ ပြဿနာနော်။ မြင်သာအောင် တို့သိတဲ့အင်္ဂလိပ်စကားနဲ့ ယှဉ်ကြည့်ရအောင်။ အင်္ဂလိပ်စကားမှာ go ဆိုတဲ့စကားလုံးက ကြိယာပဲ၊ big ဆိုတဲ့ စကားလုံးက နာမဝိသေသနပဲလို့ ကွဲကွဲပြားပြား သိတယ်မဟုတ်လား။ ဘယ်လိုကွဲပြားလို့လဲ"

"ဆရာ၊ go ကိုသုံးရင် I go, he goes ဆိုတာမျိုး နာမ်နဲ့ ကပ်ပြီး သုံးနိုင်ပါတယ်။ 'ငါသွားတယ်'၊ 'သူသွားတယ်' ဆိုတဲ့ ကြိယာအဓိပ္ပာယ်ရပါတယ်။ go က ကြိယာပါ။ big ကျတော့ go ကို နာမ်နဲ့ ကပ်သုံးလို့ မရပါဘူး။ 'ဒီအိမ်ကြီးတယ်'ဆိုရင် This house big လို့ သုံးလို့မရပါဘူး။ big ရှေ့က is ဆိုတဲ့ verb to be ခံပြီး This house is big လို့ သုံးမှရပါတယ်။ big ဟာ နာမဝိသေသနမို့ပါ။ ကြိယာမဟုတ်လို့ ကြိယာလို သုံးလို့မရတာပါ"

"ဟုတ်ပါတယ်။ အင်္ဂလိပ်ဘာသာစကားရဲ့ သဒ္ဒါစည်းကမ်းအရ ကြိယာနဲ့ နာမဝိသေသနအသုံး ကွဲပုံပေါ့။ အင်္ဂလိပ်စာတတ်တဲ့သူမှန်ရင် go ကို မြင်တာနဲ့ ကြိယာပဲလို့ သိသလို၊ big ကို မြင်တာနဲ့ နာမဝိသေသနပဲလို့ သိတယ်လေ"

"ဟုတ်ပါတယ် ဆရာ"

"ကဲ ခုနပြတဲ့ 'သွား' နဲ့ 'ကြီး' ကို ကြည့်။ 'ကျွန်တော်သွားတယ်' လို့ သုံးနိုင်သလို 'ဒီအိမ် ကြီးတယ်' လို့လည်း သုံးနိုင်တယ် မဟုတ်လား။ အင်္ဂလိပ်စကား ' go ' နဲ့ ' big 'လို သုံးပုံမကွဲဘူးလေ"

"ဟုတ်ပါတယ် ဆရာ"

"မြန်မာသဒ္ဒါစာအုပ်တွေမှာ 'သွား'ကို ကြိယာ၊ 'ကြီး'ကို နာမဝိသေသနလို့ ခွဲပြောတာဟာ အသုံးကွဲလို့မဟုတ်ဘဲ၊ အပြုအမူနဲ့ ဂုဏ်ရည်ဆိုတဲ့အဓိပ္ပာယ်ပဲ ကွဲခွဲပြောတာဖြစ်မနေဘူးလား"

"ဟုတ်ပါတယ် ဆရာ"

"ဒီတော့ 'သွား'က အပြုအမူပြကြိယာ၊ 'ကြီး'က ဂုဏ်ရည်ပြကြိယာမို့ ကြိယာချင်း အတူတူပဲလေ။ ဂုဏ်ရည်ပြကြိယာတိုင်းကို အပြုအမူပြကြိယာလို့ သုံးနိုင်တာချည်းပဲ။ မြန်မာသဒ္ဒါစာအုပ်ထဲမှာ အဲဒီ 'ကြီး၊ ကောင်း၊ ဖြူ၊ လှ' ဆိုတဲ့ စကားလုံးတွေကို ဂုဏ်ရည်ပြကြိယာတွေလို့လည်း ပြောထားတာပဲ။ အဲဒါကို နာမဝိသေသနတွေပါလို့ ထပ်ပြောဖို့လိုပါ့မလား"

"ဟုတ်ပါတယ် ဆရာ"

"ပညာရှင်တွေက ထောက်ပြတာ တစ်ချက်ပဲရှိတယ်။ အပြုအမူပြကြိယာနဲ့ ဂုဏ်ရည်ပြကြိယာဟာ နာမ်နဲ့တွဲသုံးတဲ့အခါမှာ ကွဲတာတစ်ခုပဲရှိတယ်။ အပြုအမူပြကြိယာနဲ့ အထူးပြုရင် နာမ်ရဲ့ရှေ့ကထားပြီး သုံးရတယ်။ 'သောက်ရေ၊ တွန်းလှည်း၊ နေအိမ်' ဆိုတာမျိုးပေါ့။ ဂုဏ်ရည်ပြကြိယာနဲ့ အထူးပြုရင်တော့ နာမ်ရဲ့နောက်က ထားပြီး သုံးရတယ်။ 'ရေအေး၊ လှည်းကြီး၊ အိမ်ကောင်း'ဆိုတာမျိုးပေါ့"

"သြော်... ဟုတ်ကဲ့ပါ"

"ပြီးတော့ ခုပြောတဲ့ သောက်ရေတို့၊ တွန်းလှည်းတို့ကြည့်ရင် ကြိယာတွေသုံးပြီး အထူးပြုတာပဲမဟုတ်လား။ ကြိယာတွေကို အထူးပြုအဖြစ်သုံးပြီး အထူးပြုတာလေ။ ရေအေးတို့၊ အိမ်ကောင်းတို့လည်း ဒီလိုပဲပေါ့။ ကြိယာတွေကို အထူးပြုအဖြစ်သုံးပြီး အထူးပြုတာပဲ။ နာမ်ရဲ့ရှေ့က အထူးပြုတာနဲ့ နောက်ကအထူးပြုတာပဲ ကွာတာလေ"

"ဟုတ်ကဲ့ပါ"

"သတိရလို့ မြန်မာစာအရေးအသားပေါ်စက ကြိယာနဲ့ အထူးပြုတဲ့အသုံးတစ်ခု ပုဂံကျောက်စာမှာတွေ့ရတာ ပြောရဦးမယ်။ 'အထောလတ်ကျောက်စာ' လို့ ခေါ်တယ်။ ကျောက်စာထိုးတဲ့ အလှူရှင်က အလှူဒါနပြုလုပ်ပြီး သူ့အလှူကို ဖျက်ဆီးမယ့်သူတွေကို ကျိန်စာနဲ့ ဟန့်တားထားတာ။ 'စားသောထမင်းဟင်း၊ သောက်သောရေ၊ နေသောအိမ် ဆိပ်ဖြစ်စေ'တဲ့"

"ဟင်... 'ဆိပ်ဖြစ်စေ' ဆိုတာ ဘာအဓိပ္ပာယ်ပါလဲ ဆရာ"

"အဆိပ်ဖြစ်ပါစေလို့ ကျိန်တာပါ။ စားတဲ့ထမင်းဟင်း၊ သောက်တဲ့ရေနဲ့၊ နေတဲ့ အိမ်အားလုံး အဆိပ်ဖြစ်ပါစေလို့ ကျိန်တာလေ"

"သြော်..."

"'စား၊ သောက်၊ နေ' ဆိုတာတွေက ကြိယာတွေလေ။ ကြိယာတွေကို အထူးပြုအဖြစ်သုံးပြီး အထူးပြုထားတာပါ။ ဆရာကြီး ဦးဖေမောင်တင်ရဲ့စကားနဲ့ ပြောရရင် ကြိယာကို နာမဝိသေသနအဖြစ်သုံးပြီး အထူးပြုထားတာပါ။ အရင်းခံက ကြိယာတွေပါ"

"နားလည်ပါပြီ ဆရာ"

"ဆရာ ပြောပြီးပါပြီ။ ဘာသာဗေဒပညာရှင်တွေကလည်း မြန်မာစကားမှာ နာမဝိသေသနဟာ ကြိယာမျိုးခွဲတစ်ခုဖြစ်တယ်လို့ ထောက်ပြကြပါတယ်။ မြန်မာစကားတစ်ခုတည်းသာ မဟုတ်ဘူး။ အရှေ့တောင်အာရှက ဘာသာစကား တော်တော်များများမှာ နာမဝိသေသနဟာ ကြိယာမျိုးခွဲတစ်ခုပါပဲတဲ့။ နာမည်တပ်ရင်တော့ ဂုဏ်ရည်ပြကြိယာလို့ ခေါ်တာပါပဲ"

"ဆရာ၊ စာပေတွေထဲမှာ 'ကျယ်ဝန်းသောခြံ၊ ခမ်းနားသောအိမ်၊ သစ်လွင်သော အသုံးအဆောင်များနှင့်' ဆိုတာမျိုးရေးတာဟာ ဂုဏ်ရည်ပြကြိယာတွေနဲ့ အထူးပြုတာပဲပေါ့နော်"

> **"ပညာရှင်တွေက ထောက်ပြတာ တစ်ချက်ပဲရှိတယ်။ အပြုအမူပြကြိယာနဲ့ ဂုဏ်ရည်ပြကြိယာဟာ နာမ်နဲ့တွဲသုံးတဲ့အခါမှာ ကွဲတာတစ်ခုပဲရှိတယ်။ အပြုအမူပြကြိယာနဲ့ အထူးပြုရင် နာမ်ရဲ့ရှေ့က ထားပြီး သုံးရတယ်။ 'သောက်ရေ၊ တွန်းလှည်း၊ နေအိမ်' ဆိုတာမျိုးပေါ့။ ဂုဏ်ရည်ပြကြိယာနဲ့ အထူးပြုရင်တော့ နာမ်ရဲ့နောက်က ထားပြီး သုံးရတယ်။ 'ရေအေး၊ လှည်းကြီး၊ အိမ်ကောင်း' ဆိုတာမျိုးပေါ့"**

"ဟုတ်ပ့ါ။ 'ကျယ်ဝန်း'၊ 'ခမ်းနား'၊ 'သစ်လွင်' ဆိုတာတွေက ဂုဏ်ရည်ပြကြိယာတွေပဲလေ။ အဲဒီကြိယာတွေကို နာမဝိသေသနလိုသုံးပြီး အထူးပြုထားတာပေါ့"

"နားလည်ပါပြီဆရာ"

"ဂုဏ်ရည်ပြနာမဝိသေသနဟာအရင်းခံက ဂုဏ်ရည်ပြကြိယာပဲဆိုတာရှင်းပါပြီ။ အညွှန်းနာမဝိသေသနကရောဆရာ"

"ကဲ...အညွှန်းနာမဝိသေသန သာဓကတွေပြောပါဦး"

"'ဤ၊ သည်၊ ထို၊ ၎င်း၊ တစ်စုံတစ်ခု၊ တစ်ပါး၊ တခြား' လို့ ပြပါတယ်ဆရာ"

"ဟုတ်ပါပြီ။ အသုံးများတဲ့ 'ဤ၊ သည်၊ ထို၊၎င်း' ပဲကြည့်ရအောင်။ အညွှန်းနာမဝိသေသနအနေနဲ့ ဘယ်လိုသုံးရသလဲကွယ်"

"'ဤမြို့၊ ထိုအိမ်၊ သည်အကြောင်း၊ ၎င်းစာအုပ်'ဆိုတာမျိုး သုံးပါတယ် ဆရာ"

"ဟုတ်ပါပြီ။ အဲဒီအညွှန်းနာမဝိသေသနတွေက နာမ်တွေကို အထူးပြုထားတာ မဟုတ်လား။ အထူးပြုခံရတဲ့နာမ်တွေမပါဘဲ 'ဤ၊ ထို' ဆိုတဲ့ စာလုံးတွေချည်း သုံးလို့ မရဘူးလား"

"ရပါတယ်ဆရာ။ 'ဤကားနိဒါန်းတည်း' လို့ သုံးတာမျိုး တွေ့ဖူးပါတယ်"

"ကျွန်မလည်းသိပြီ။ နောက်က နာမ်မပါဘဲသုံးရင် 'ထိုသို့၊ သည်လောက်၊ ၎င်းမှာ' ဆိုတာပါ သုံးလို့ရပါတယ်ဆရာ"

"ဆရာမကတော်လိုက်တာ။ ဟုတ်ပါတယ်။ ကဲ အဲဒီလို သုံးတာက နောက်က နာမ်နဲ့မတွဲဘဲ အဲဒီစကားလုံးတွေချည်းနောက်က 'သည်တို့၊ ကိုတို့၊ မှတို့'တွဲသုံးတာ ဆိုတော့ ဝါစင်္ဂအနေနဲ့ပြောရင် ဘာဖြစ်မလဲ"

"အရင်တစ်ခါ ကျွန်တော်တို့ပြောပြီးကြပါပြီ။ အညွှန်းနာမ်စားတွေပါဆရာ"

"ဟုတ်ပြီ။ ဒီတော့ အညွှန်းနာမ်စားနဲ့ အညွှန်းနာမဝိသေသနနဲ့ ဘယ်ဟာက အရင်းခံကျသလဲ"

"အညွှန်းနာမ်စားက အရင်းခံကျပါတယ်ဆရာ။ နာမ်စားကို နာမဝိသေသန အဖြစ် သုံးတာပါ"

"အညွှန်းနာမ်စားအကြောင်းပြောတုန်းက စာထဲမှာသုံးတဲ့ 'ဤ၊ ထို၊ ယင်း၊ ၎င်း' ဆိုတဲ့ နာမ်စားတွေရော၊ အပြောမှာသုံးတဲ့ 'သည်၊ ဒီ၊ ဟို၊ ဒါ' ဆိုတဲ့ နာမ်စားတွေရော ပြောပြီးသားလေ။ အဲဒီနာမ်စားတွေကို နာမဝိသေသနအဖြစ် တခြားနာမ်နဲ့ တွဲသုံးတာမို့ အညွှန်းနာမဝိသေသနဖြစ်နေတာပါ။ ကဲ...ကလေးတွေကို လေ့ကျင့်ခန်း လုပ်ခိုင်းရအောင်။ ခုနပြောတဲ့ အညွှန်းနာမ်စားတွေကို နာမ်စားလိုရော၊ နာမဝိသေသနလိုရော- နှစ်မျိုးခွဲပြီး သုံးပြကြစမ်းပါဦး"

"ဟုတ်ကဲ့။ 'ဤသို့ပြောသည်'၊ 'ဤပန်းကိုပန်မည်' "

" ထိုမှတစ်ဖန်၊ ထိုအိမ်သို့"

" ယင်းသို့ပြုမူ၍၊ ယင်းကိစ္စကို"

" ၎င်းနှင့်အတူ၊ ၎င်းပုဂ္ဂိုလ်နှင့်အတူ"

" စာသုံးတွေကတော့ ဟုတ်ပါပြီ။ အပြောသုံးတွေ လုပ်ပြပါဦး"

" ဒီကိုလာပါ။ ဒီဟာကိုယူပါ"

" ဟိုမှာဘာလဲ၊ ဟိုလူကဘယ်သူလဲ"

" ဒါကဘာလဲ၊ ဒါလေးကရော"

" သည်ကိုလာပါ။သည်အကြောင်း သိပြီလား"

" ဟုတ်ပါပြီ။ ဒီတော့ အညွှန်းနာမ်စားက အရင်းခံဖြစ်ပြီး အညွှန်းနာမ်စားကို နာမဝိသေသနလို သုံးတာဆိုတာ ထင်ရှားပါပြီ။ ကဲ... နောက်တစ်ခု အမေး နာမဝိသေသနကရော"

" အညွှန်းနာမ်စားနဲ့ သဘောချင်းတူတယ် ထင်ပါတယ်ဆရာ။ အမေးနာမ်စားက အရင်းခံပါ။ အမေးနာမ်စားကို နာမဝိသေသနအဖြစ်သုံးတာပါ"

" အင်း... အမေးနာမ်စားက စာသုံးက 'မည်'၊ အပြောသုံးက 'ဘယ်၊ ဘာ' ပေါ့"

"နာမ်စားလိုသုံးရင် ' မည်သို့၊ မည်၍၊ မည်မျှ' ဆိုတာမျိုး၊ နာမဝိသေသနလို သုံးရင်တော့ ' မည်သို့သော၊ မည်မျှသော' ဆိုတာမျိုး 'သော' တွဲပြီးသုံးလေ့ရှိတယ်။ အပြောသုံးကတော့ ပိုရှင်းတယ်။ အမေးနာမ်စားဆိုရင် ' ဘယ်ကလာသလဲ' ၊ အမေးနာမဝိသေသနဆိုရင် ' ဘယ်မြို့ကလာသလဲ' ပေါ့"

" ဆရာ' ဘာယူမလဲဆိုရင် 'အမေးနာမ်စား၊ 'ဘာမုန့်စားမလဲ' ဆိုရင် အမေး နာမဝိသေသနပေါ့နော်"

" ဟုတ်ပါတယ်။ အဲ ... 'မည်မျှ' တို့၊ ' ဘယ်မျှ' တို့နဲ့ အသုံးတူတာ တစ်ခုရှိသေးတယ်။ ' ဘယ်နှ' လေ။ ဒါပေမယ့် 'နှ' ကို အသံအပြည့်မဆိုရဘူး။ အသံတစ်ဝက်ပဲဆိုရတယ်။ ' ဘယ်နှခုလဲ၊ ဘယ်နှယောက်လဲ' ဆိုတာမျိုး နာမဝိသေသနလို သုံးရတာပေါ့"

" ဟုတ်ကဲ့၊ သင်္ချာနာမ်စားကရောဆရာ"

" သြော် ... ဒါထက် အဲဒီ ' ဘယ်နှ' ဆိုတဲ့စကားလုံးက ဒို့ပြင်စကားလုံးတွေနဲ့ မတူတဲ့ ထူးခြားချက်ရှိတယ်။ သတိထားမိကြသလား"

" သတိမထားမိပါဘူးဆရာ"

" မြန်မာစကားမှာ အသံတစ်ဝက်ပဲဆိုရတဲ့ စကားသံက စကားလုံးရဲ့အစတို့၊ အလယ်တို့မှာပဲရှိတယ်။ ' ဆရာ' ဆိုရင် 'ဆ' က အသံတစ်ဝက်ပဲရှိတယ်။ အစသံပေါ့။ ' တိတ်တဆိတ်' ဆိုရင် အသံတစ်ဝက်ပဲရှိတဲ့ 'တ' က အလယ်မှာရှိတယ်၊ အဆုံးမှာ တစ်ဝက်သံရှိတဲ့ စကားလုံးက မရှိသလောက်ဘဲ။ 'ဘယ်နှ' တစ်ခုပဲ သတိထားမိတယ်"

" ဘယ်နှစ်ခု၊ ဘယ်နှစ်ယောက်လို စ-သတ်နဲ့ရေးတာ မမှန်ဘူးပေါ့နော်"

" မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာ 'ဘယ်နှ' လို့ပဲပြထားတယ်။ ' ဘယ်မျှ' ကနေပြီး 'ဘယ်နှ'ဖြစ်လာတယ်လို့ ယူဆကြတယ်။ 'နှ'ကိုတော့ အသံတစ်ဝက်ပဲ ဆိုရတယ်။ ဒါက အလျဉ်းသင့်လို့ပြောတာပါ။ အင်း သင်္ချာနာမဝိသေသနကလည်း အရင်းခံကတော့ သင်္ချာနာမ်စားပေါ့။ ဒါပေမယ့် သင်္ချာနာမ်စား သတ်မှတ်ပုံက မရှင်းတဲ့အကြောင်း နာမ်စားအကြောင်းတုန်းက ပြောပြီးပြီ။ သင်္ချာနာမဝိသေသန ဆိုတာလည်း အဲဒီသဘောမျိုးပဲလေ။ မင်းတို့လည်း စဉ်းစားလာခဲ့ကြပေါ့။ နောက်တစ်ခါမှ ဆက်ပြောကြစို့။ ။

# ကြက်ဥကနေ ပရိုတိန်းထုတ်ယူပြီး ရောဂါတွေကိုကုသမှုနည်းပညာ

## ကလျာမိုးမြင့်

ဂျပန်နိုင်ငံက သုတေသနပညာရှင်တွေဟာ ရောဂါအများအပြားကို ကုသရာမှာ အသုံးပြုနိုင်ဖို့အတွက် ပိုမိုဈေးသက်သာတဲ့ ဆေးဝါးတွေကို ကြက်ဥကနေ ထုတ်လုပ်သွားနိုင်ဖို့ နည်းလမ်းရှာဖွေနေတယ်လို့ သိရပါတယ်။

သုတေသီတွေဟာ ကိုယ်တွင်းသို့ ဗိုင်းရပ်စ်ပိုးများဝင်ရောက်မှုကို ဟန့်တားကာကွယ်တဲ့ သွေးဖြူဥကဲ့သို့ ခန္ဓာကိုယ်တွင်းဆဲလ်အချို့ကို ထုတ်လုပ်ပေးတဲ့ပရိုတိန်း ပမာဏများစွာပါဝင်တဲ့ ဥတွေကို ထုတ်ပေးနိုင်မယ့် ကြက်မတွေကို မျိုးရိုးဗီဇဆိုင်ရာအရ အောင်မြင်စွာပြုပြင်နိုင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ အဲဒီကြက်ဥတွေထဲမှာ ပါဝင်တဲ့ ပရိုတိန်းဓာတ်ဟာ ခက်ထန်တဲ့ရောဂါဖြစ်ပွားမှုများစွာနဲ့ ကင်ဆာအပါအဝင် ဖျားနာဝေဒနာအမျိုးမျိုးကိုကုသရာမှာအသုံးပြုတဲ့ ပရိုတိန်းဓာတ် ဖြစ်ပါတယ်။

ဒီပရိုတိန်းဓာတ်ဟာ အလွန်ကိုဈေးကြီးပြီး တစ်မိုက်ခရိုဂရမ်ကို အမေရိကန်ဒေါ်လာ ၃၀၀ ကနေ ၁၀၀၀ အထိပေးရတယ်လို့ လေ့လာစမ်းသပ်မှုကိုဦးဆောင်နေတဲ့ ဆေးဝါးဖော်စပ်မှုကုမ္ပဏီ Cosmo Bio က ပြောကြားခဲ့ပါတယ်။ ဒီစမ်းသပ်မှုကို အမျိုးသားစက်မှုသိပ္ပံနဲ့ နည်းပညာတက္ကသိုလ်က ဆေးပညာရှင်တွေ၊ အမျိုးသားစိုက်ပျိုးရေးနဲ့ စားသောက်ကုန်သုတေသနအဖွဲ့နဲ့ Cosmo Bio ဆေးကုမ္ပဏီတို့က ဖက်စပ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

Cosmo Bio မှ ပြောရေးဆိုခွင့်ရှိသူဖြစ်တဲ့ မီကာကီတာဟာရာက တခြားကျန်ရှိနေသေးတဲ့ စမ်းသပ်မှုလမ်းကြောင်းတွေမှာပါ အောင်မြင်မှုရရှိခဲ့ရင် ဒီနည်းပညာဟာ ကင်ဆာကိုကုသနေရတဲ့ဆေးတွေ ဈေးနှုန်းကြီးမြင့်မှုကို ၉၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်လိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။

ဆေးဝါးတွေထုတ်လုပ်ဖို့အတွက် ဗက်တီးရီးယား၊ တဆေးနဲ့ နို့တိုက်သတ္တဝါတွေရဲ့ ဆဲလ်တွေစတဲ့ ဇီဝစနစ်မျိုးစုံကိုအသုံးပြုပြီး ကြိုးစားကြည့်ရမှာဖြစ်တယ်။ ဒါပေမယ့် တချို့သောပရိုတိန်းတွေဟာ ဒီစနစ်နဲ့ကိုက်ညီမှုမရှိဘူးလို့ ဗြိတိန် အက်ဒင်ဘာ့ တက္ကသိုလ်မှ ပါမောက္ခ ဟီလန်ဆန်က ရှင်းပြခဲ့ပါတယ်။ ဒီအတွက် ကြက်ဥကနေ ထုတ်ပေးမယ့်ပရိုတိန်းဟာ အလွယ်ကူဆုံးနဲ့ အဆင်အပြေဆုံးဖြစ်တယ်လို့ ဟီလန်က စီအင်န်အင်န်သို့ ဖြေကြားခဲ့ပါတယ်။



ခန္ဓာကိုယ်အတွင်းမှာ ဆဲလ်အချို့ကိုထုတ်ပေးတဲ့ အင်တာဖီရွန် (Intereferon) ဟာ ဆဲလ်အချက်ပြပရိုတိန်းမော်လီကျူးတစ်ခုဖြစ်ပြီး ဗိုင်းရပ်စ်တွေကို ဆန့်ကျင်တဲ့ အလုပ်လုပ်ပါတယ်။ နောက်တော့ ဒီပရိုတိန်းမော်လီကျူးကို ခုခံအားစနစ်ကို တိုက်ခိုက်ခံရတဲ့ရောဂါတွေကို ကုသဖို့အသုံးပြုပါတယ်။

**(စီအင်န်အင်န်)**

အား က စား က ဏ္ဍ

# စိန်ခေါ်သူ အလိန်းနဂါလာနီနဲ့ ဝိတ်တန်းတက်ထိုးရမည့် အောင်လအန်ဆန် MMA ပြိုင်ပွဲကြီးမှ ဘယ်သူအပြန်လမ်းလှမည်လဲ

**သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**



အောင်လအန်ဆန်

မြန်မာနိုင်ငံ၌ ပြီးခဲ့သော ၂၀၁၅ ခုနှစ်အတွင်းက စတင်ဝင်ရောက် ခြေချကျင်းပခဲ့သော Mix Martial Art (ကိုယ်ခံပညာပေါင်းစုံ အတိုက်ပြိုင်ပွဲကြီး)ကို စင်ကာပူနိုင်ငံအခြေစိုက် One Championship အဖွဲ့ကြီးက ကမ္ဘာ့နိုင်ငံအများစုသို့ လစဉ်နီးပါး လှည့်လည်ကျင်းပလျက်ရှိသည်။ ယင်းသုံးနှစ်တာကာလအတွင်း MMA ပြိုင်ပွဲများကို မြန်မာနိုင်ငံ၌ လေးကြိမ်ကျင်းပခဲ့ပြီး ယခုအကြိမ်နှင့်ဆိုလျှင် ငါးကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါငါးကြိမ်အတွင်း မြန်မာနိုင်ငံကချင်ပြည်နယ်ဖွား အောင်လအန်ဆန် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်မှာ ယခုအလိန်းနဂါလာနီစိန်ခေါ်ပွဲနှင့်ဆိုလျှင် လေးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ၂၀၁၆ ခုနှစ် မတ် ၁၈ ရက်တွင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ် ကျင်းပသော MMA ပြိုင်ပွဲ၌ အီဂျစ်နိုင်ငံသား မိုဟာမက်အလီနှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ဂျူဂျစ်စုနည်းဖြင့် အနိုင်ရခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ပိုလန်နိုင်ငံသား မိုက်ကယ်ပက်စတား နက်နှင့် ဒုတိယမြောက် ယှဉ်ပြိုင်ထိုးသတ်ရာတွင်လည်း အမှတ်ဖြင့် အနိုင်ရခဲ့သည်။

ယင်းနောက် အောင်လအန်ဆန်သည် မြန်မာနိုင်ငံ၌ တတိယမြောက် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ရာ၌ အမှတ်ဖြင့်အနိုင်ရခဲ့သည်။ ယင်း MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကြီးကို ယခုနှစ် ဇွန် ၃၀ ရက်က သုဝဏ္ဏမိုးလုံ လေလုံအားကစားရုံ၌ ကျင်းပခဲ့ရာ အဆိုပါ ရွှေခါးပတ်လုပွဲတွင် မြန်မာပြည်ဖွား အောင်လအန်ဆန်ကို အားပေးသူပရိသတ် သုံးသောင်းကျော်သည်အထိ များပြားခဲ့သည်။

One Championship အဖွဲ့ကြီးက ကြီးမှူးကျင်းပလျက်ရှိသော MMA ပြိုင်ပွဲများကို မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် စတင်ကျင်းပခဲ့ရာ ယခုအကြိမ်သည် ပဉ္စမအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ယခု ပဉ္စမအကြိမ်မြောက်တွင် စိန်ခေါ်ခံရသော လက်ရှိ MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံ အောင်လအန်ဆန်အနေဖြင့် ယခင်ပွဲများထက် ရုန်းကန်ရမည်ဟု လက်ဝှေ့ချစ်ပရိသတ်များက ကြိုတင်မှန်းဆထားကြသည်။ အကြောင်းမှာ စိန်ခေါ်သူပြိုင်ဘက်မှာ ဝိတ်ချင်းကွာခြားမှု ရှိနေခြင်းကြောင့်ပင်ဖြစ်သည်။

သို့သော် အောင်လအန်ဆန်ကလည်း "ဝိတ်ချင်းကွာပေမယ့် ဒီပွဲဟာ ကျွန်တော့်ဘဝရဲ့မှတ်တိုင်သစ်ဖြစ်လာမယ့် ပြိုင်ပွဲတစ်ခုဖြစ်လို့ ကြိုးစားလေ့ကျင့်နေပါတယ်" ဟု အွန်လိုင်းမှတစ်ဆင့် မြန်မာချစ်ပရိသတ်ကြီးဆီသို့ ရင်ဖွင့်ထားသည်။ အောင်လအန်ဆန်သည် MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ပြီးနောက် ယခုကဲ့သို့ စိန်ခေါ်ခံရမှုမှာ ပထမဆုံးဖြစ်ပြီး ယခုပြိုင်ပွဲသည် မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်နှင့်မဆိုင်ဘဲ အလွတ်တန်းစိန်ခေါ်မှုတစ်ခုသာဖြစ်သော ပြိုင်ပွဲဖြစ်သည်။ လက်ရှိတွင် အောင်လအန်ဆန်သည် အသက် ၃၂ နှစ်၊ အရပ် ၆ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ၁၈၅ ပေါင်ရှိပြီး စိန်ခေါ်သူ ဟောင်ကောင်နိုင်ငံသား အလိန်းနဂါလာနီသည် အရပ်အားဖြင့် ၅ ပေ ၁၁ လက်မရှိကာ အောင်လအန်ဆန်ထက် အရပ် အနည်းငယ်နိမ့်သော်လည်း ကိုယ် အလေးချိန်အားဖြင့် ၂၂၉ ပေါင်ရှိကာ အသက် ၄၂ နှစ်ရှိသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

အောင်လအန်ဆန်သည် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော One Championship ပြိုင်ပွဲ ၃၀တွင် နိုင်ပွဲ ၂၀ နှင့် ၁၀ ပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ထားသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ဂျူဂျစ်စုနည်းကို အဓိက အားထားကစားလေ့ရှိပြီး ယင်းနည်းဖြင့်ပင် ပြိုင်ဘက်များကို အနိုင်ယူခဲ့ခြင်းကြောင့် မြန်မာ့ရိုးရာလက်ဝှေ့နယ်ပယ်မှ ဆိုရိုးစကားဖြစ်သော ချပ်သိုင်း ပိုင်၍ လုပ်တိုင်းနိုင်သည့် မြန်မာစပါးကြီးမွေ့ဟုပင် ကမ္ဘာ့အလယ်တွင် ထင်ပေါ်ကျော်ကြားခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ယခုစိန်ခေါ်ပွဲတွင် စိန်ခေါ်သူ တစ်ဖက်ပြိုင်ဘက် အလိန်းနဂါလာနီက Heavy Weight တန်းဖြစ်နေ၍ အောင်လအန်ဆန်အနေဖြင့် ယှဉ်ပြိုင်ထိုးသတ်ရန်မှာ လွယ်ကူသောပွဲတော့မဟုတ်ပေ။ သို့သော် အောင်လအန်ဆန်၏ အနိုင်မခံအရှုံးမပေးသော စိတ်ဓာတ်နှင့်အတူ ပြင်းထန်သည့် လေ့ကျင့်မှုတွေ နှင့်ပေါင်းစပ်ပြီး တစိုက်မတ်မတ် ကြိုးစားယှဉ်ပြိုင်မှသာ အပြန်လမ်း မျက်နှာပန်းလှပေမည်ဖြစ်သည်။

One Championship ပြိုင်ပွဲ အတွေ့အကြုံများအရ သမ္ဘာပိုင်းအရကြည့်မည်ဆိုလျှင် အောင်လအန်ဆန်သည် အားသာချက်များရှိသော်လည်း အလိန်းနဂါလာနီ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော One Championship ပြိုင်ပွဲများ၌ ရရှိသော နိုင်ပွဲများတွင် ပထမချီ၊ ဒုတိယအချီ အတွင်းမှာပင် တစ်ဖက်ပြိုင်ဘက်ကို အသာစီးယူ ယှဉ်ပြိုင်ခဲ့သည်များ ရှိနေသည်။ အောင်လအန်ဆန်အနေဖြင့် ငယ်ဂုဏ်ရှိ၍ သက်လုံချွေကာ ယှဉ်ပြိုင်ကစားပါမှ အခွင့်အရေးကောင်းတစ်ရပ်ရမည်ဖြစ်ပြီး သူတစ်ပြန်ကိုယ်တစ်လှည့် တိုက်စစ်ဖွင့်ကစားလျှင် အောင်လအန်ဆန်အနေဖြင့် ကျားတစ်ကောင်ကို အားမတန်လို့ မာန်လျှော့လိုက်ရသော သမင်တစ်ကောင်လို အရေးနိမ့်ဖွယ်ရှိသည့် အလားအလာ ရှိနေသည်။

အောင်လအန်ဆန်သည် ပြီးခဲ့သော MMA ကမ္ဘာ့ချန်ပီယံ မစ်ဒယ်ဝိတ်တန်း ခါးပတ်လုပွဲတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို ကစ်ဘောက်ဆင်နည်းဖြင့် ပညာသုံး အမှတ်ယူကာ အနိုင်ယူခဲ့သည်။ ယခုစိန်ခေါ်ပွဲတွင်လည်း ဘယ်နည်း၊ ဘယ်ပုံဖြင့် ယှဉ်ပြိုင်ထိုးသတ်မည်ဆိုသည်ကို လတ်တလော ဖွင့်ဟပြောဆိုခြင်းမရှိသေးဘဲ ပြိုင်ပွဲအတွက်ကိုသာ အားစိုက်ကြိုတင်လေ့ကျင့်ပြင်ဆင်နေကြောင်း သိရသည်။



MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်လုပွဲ၌ အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်



အလိန်းနဂါလာနီ

အောင်လအန်ဆန်အား စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မည့် ဟောင်ကောင်နိုင်ငံသား အလိန်းနဂါလာနီသည် အသက်အားဖြင့် အောင်လအန်ဆန်ထက် ၁၀ နှစ်ဝန်းကျင်ကြီး၍ သက်လုံပိုင်းဆိုင်ရာတွင် အောင်လထက် အခွင့်အရေးနည်းသော်လည်း ခွန်အားဖြင့် အနိုင်ယူနိုင်ခြေရှိနေသည်။ အလိန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ခြောက်ပွဲတွင် သုံးပွဲမှာ ခွန်အားကို အားပြုကစားကာ ယှဉ်ပြိုင်အနိုင်ယူခဲ့သည်များမှာ သက်သေသာဓကဖြစ်သည်။

အလိန်းသည် One Championship အဖွဲ့က စီစဉ်သော MMA ပြိုင်ပွဲလောကသို့ ပြီးခဲ့သော ၂၀၁၃ ခုနှစ်မှ စတင်ဝင်ရောက်ခဲ့ကာ ပထမဆုံးယှဉ်ပြိုင်ထိုးသတ်ခဲ့သော Mahmoud Hassan နှင့်ပွဲတွင် ပထမအချီပွဲစပြီး ၃၁ စက္ကန့်မှာပင် အလဲထိုးဖြင့်အနိုင်ယူခဲ့သည်။ အလားတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော Igor Subora နှင့် ယခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် နောက်ဆုံးယှဉ်ပြိုင်ထိုးသတ်ခဲ့သော Hideki Sekine တို့ပွဲများတွင်လည်း ပထမအချီ တစ်မိနစ် ၀၉ စက္ကန့်နှင့် ပထမအချီ ၁၁ စက္ကန့်တို့တွင် အလဲထိုးဖြင့် အနိုင်ရယူထားသည်။ ထို့နောက် Paul Chean၊ Chi Lewis- Parry နှင့် Hideki Sekine တို့အား ရှုံးနိမ့်ခဲ့သောပွဲများတွင်လည်း ပထမအချီနှင့် ဒုတိယအချီတို့မှာပင် အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အလိန်းနဂါလာနီသည် ပြိုင်ပွဲတိုင်းတွင် ပါဝါထည့် အားပြုကစားပြီး ဘယ်ခြေ၊ ညာခြေကန်ချက်အားကောင်းသလို လက်သီးပိုင်းဆိုင်ရာတွင်လည်း မြန်နှုန်းမြင့်ကာ ပါဝါအားကောင်းသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ MMA လောက၌ သံမဏိလူသားဟုပင် တင်စားခေါ်ဝေါ်မှုများရှိသလို စက်ရုပ်လူသားဟုလည်း နာမည်ကြီးနေသူတစ်ဦးဖြစ်ပြီး ကိုယ်ခံပညာပိုင်းဆိုင်ရာတွင်လည်း Level မြင့် အားကစားသမားများထဲတွင် ပါဝင်နေသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

ယင်းသံမဏိလူသားကဲ့သို့ မာဂုဏ်မြင့် အလိန်းနဂါလာနီနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာပြည် ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်သည် သူကျွမ်းကျင်ရာ ဂျူဂျစ်စုနည်းဖြင့် ယှဉ်ပြိုင်အနိုင်ယူမည်လား၊ အမှတ်ပေးစနစ်ဖြစ်၍ ကစ်ဘောက်ဆင်နည်းဖြင့် ယှဉ်ပြိုင်ကာ အနိုင်ယူမည်လား မည်သို့မည်ပုံယှဉ်ပြိုင်မည်ကို အောင်လအန်ဆန်ချစ် မြန်မာပြည် ပရိသတ်များက စိတ်ဝင်စားနေကြသည်။


လာမည့် အောက်တိုဘာ ၂၃ ရက်တွင် အောင်လအန်ဆန်သည် အမေရိကားမှ မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ပြီး များမကြာမီ နိုဝင်ဘာ ၃ ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမိုးလုံလေလုံအားကစားပြိုင်ပွဲရုံကြီး၌ ယင်းလက်ဝှေ့ကျော်နှစ်ဦး ရေကုန်ရေခန်းယှဉ်ပြိုင်မှုကို မြန်မာပရိသတ်များ အားပေးကြည့်ရှုကြရတော့မည် ဖြစ်သည်။ သို့ဖြစ်၍ စိန်ခေါ်သူ ဟောင်ကောင်နိုင်ငံသား အလိန်းနဂါလာနီ ပဲ အရှက်ရပြီး ပြန်ရမည်လား၊ အိမ်ရှင်ကိုယ်စားပြု ယှဉ်ပြိုင်ထိုးသတ်မည့် အောင်လအန်ဆန်ကပဲ အခက်တွေ့ကာ မည်သူအပြန်မျက်နှာပန်းလှမည်ကို မြန်မာနိုင်ငံ၏ ပဉ္စမမြောက် MMA ပြိုင်ပွဲကြီးမှ အမှန်တကယ်မြင်တွေ့ကြရတော့မည်ဖြစ်ပါကြောင်း။ ။

- ❑ **လက်ရှိ MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံ အောင်လအန်ဆန်အနေဖြင့် ယခင်ပွဲများထက် ရုန်းကန်ရမည်ဟု လက်ဝှေ့ချစ်ပရိသတ်များ ကြိုတင်မှန်းဆ**
- ❑ **ဝိတ်ချင်းကွာပေမယ့် ဒီပွဲဟာ ကျွန်တော့်ဘဝရဲ့မှတ်တိုင်သစ်ဖြစ်လာမယ့် ပြိုင်ပွဲတစ်ခုဖြစ်လို့ ကြိုးစားလေ့ကျင့်နေပါတယ်**
- ❑ **အလိန်းနဂါလာနီသည် ပြိုင်ပွဲတိုင်းတွင် ပါဝါထည့် အားပြုကစားပြီး ဘယ်ခြေ၊ ညာခြေကန်ချက်အားကောင်းသလို လက်သီးပိုင်းဆိုင်ရာတွင်လည်း မြန်နှုန်းမြင့်ကာ ပါဝါမြင့်၍ သံမဏိလူသားဟုပင် တင်စားခေါ်ဝေါ်မှုများရှိသလို စက်ရုပ်လူသားဟုလည်း နာမည်ကြီးနေသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်**

ခ ရီး သွား ဆောင်း ပါး

# အေးချမ်းဖြာဝေ ပင်းတယမြေ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - မောင်ချစ်ကြည်



ပင်စည်လုံးပတ်ကြီးမားလွန်းသော ညောင်ပင်ကြီးများကိုကြည့်ကာ အံ့သြစိတ်ဖြစ်ရသည်။ ကျွန်တော့်တစ်သက်သည်မျှလောက် အရွယ်အစားကြီးမားသော ညောင်ပင်မျိုးမတွေ့ဖူးခဲ့။ မြေပြင်ကိုထိစပ်မတတ်တည်ရှိနေသော သစ်ကိုင်းတစ်ကိုင်း၏ အရွယ်အစား ကပင် အတန်ကြီးမားသည်ဖြစ်ရာ ဤသစ်ပင်ကြီးများ၏ သက်တမ်းကခန့်မှန်းရပင် ခက်ခဲနေပြန်သည်။ သစ်ပင်ကြီးများကိုနောက်ခံကာ အမှတ်တရ ဓာတ်ပုံရိုက်နေကြသူများကို လှမ်းမြင်ရသည်။ ရောက်တုန်းရောက်ခိုက် ပင်းတယမြို့အမှတ်တရအဖြစ် ညောင်ပင်ကြီးများကို နောက်ခံပြီး ဓာတ်ပုံရိုက်နေကြခြင်းဖြစ်သည်။

ပင်းတယမြို့သို့ ကျွန်တော်အကြိမ်အတော်များများရောက်ခဲ့ဖူးသည်။ ပင်းတယရွှေဥမင်လိုဏ်ဂူဘုရားကို အကြိမ်ကြိမ်ဖူးခဲ့သော်လည်း ဤသစ်ပင်ကြီးများကို အနီးကပ်မလေ့လာမိခဲ့။ ဖြတ်သွားဖြတ်လာအမှုမဲ့သာ သွားလာခဲ့ခြင်းဖြစ်သည်။ ယခုတစ်ခေါက်တော့ ကားပေါ်မှ ကိုယ်တိုင်ဆင်းကာ အနီးကပ်လေ့လာပြီး ဓာတ်ပုံမှတ်တမ်းတင်နေမိခြင်းဖြစ်သည်။ ခရီးသွားတစ်စု၏ အော်ဟစ်စကားပြောသံကြောင့် အတွေးပြတ်သွားပြီး လှမ်းကြည့်လိုက်ရာ စီးလာသည့်ကားပေါ်ပြန်တက်နေကြသည့် ခရီးသွားဧည့်သည်များကို တွေ့ရသည်။ တကယ်တော့ ပင်းတယသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေအတွင်းတည်ရှိနေပြီး ဓနုတိုင်းရင်းသားအများစု နေထိုင်ရာဒေသလည်းဖြစ်သည်။ ပင်းတယမြို့နယ်မှာ ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၃၈၀၀ တွင် တည်ရှိနေပြီး ကျေးရွာပေါင်း ၁၂၅၉ ရွာဖြင့်ဖွဲ့စည်းထားကာ တောင်ယာလုပ်ငန်းကို အဓိကထားပြီး လုပ်ကိုင်ကြခြင်းဖြစ်သည်။ ဒါကြောင့် ပင်းတယဝန်းကျင်တစ်ခွင်ကြည့်လေတိုင်း လှပသောစိုက်ခင်းများ၊ တောင်တန်းနှင့် ကျေးရွာများက ရှုလေတိုင်းရင်ထဲချမ်းမြေ့စရာကောင်းအောင် ဆွဲဆောင်မှုရှိလေသည်။

ကျွန်တော်တို့ သည်တစ်ခေါက် ကလော၊ အောင်ပန်းမှတစ်ဆင့် ပင်းတယသို့ ရောက်လာခဲ့ခြင်းဖြစ်ပြီး လှချင်တိုင်းလှနေသော ပင်းတယသို့ရောက်လာခဲ့ခြင်းဖြစ်ပြီး စိမ်းစိုအေးချမ်းနေသော ပင်းတယရှုခင်းကိုစိတ်တိုင်းကျကြည့်ရှုလေ့လာမိနေခြင်းဖြစ်သည်။ ကျွန်တော်တို့ ပင်းတယမြို့ရှိ သစ်ပင်ကြီးများမှ ပင်းတယဂူသို့မဟုတ် ရွှေဥမင်လိုဏ်ဂူသို့ သွားရောက်ခဲ့ကြသည်။ လိုဏ်ဂူခြေရင်းတွင်ရှိသော ဆိုင်တန်းလေးတစ်လျှောက် ခရီးသွားဧည့်သည်များ ကြည့်ရှုဝယ်ယူနေကြသည်ကို တွေ့ရသည်။ လက်ဖက်အစို၊ လက်ဖက်အခြောက်၊ ပဲပုပ်၊ ပဲပုပ်စေ့လှော်၊ တိုင်းရင်းသားရိုးရာဝတ်စုံများနှင့် ဒေသထွက်လက်ဆောင်များက ဝယ်ယူသူများ အကြိုက်တွေ့စေသည်။ ကျွန်တော်ကိုယ်တိုင်လည်း လက်ဆောင်ပစ္စည်းအချို့ကို ဝယ်ယူခဲ့သည်။ ဤဆိုင်လေးများ၏ ထူးခြားချက်မှာ ဒေသထွက်ကုန်များကိုအလွယ်တကူသယ်ယူ၍ရနိုင်သော အရွယ်အစား၊ လက်ဆောင်ပေးရန်အတွက်လည်း အနေအထားကလှပပြီး ဈေးနှုန်းကလည်း သင့်တင့်မျှတအောင် ရောင်းချခြင်းပင်ဖြစ်သည်။

ရှည်လျားသော စောင်းတန်းလေးအတိုင်း ကျွန်တော်တို့တက်ရောက်ခဲ့ကြပြီး ဝဲဘက်တောင်နံရံတွင် ပင့်ကူကြီးကို လေးတော်ဖြင့် ပစ်ခွင်းနေသည့်ရုပ်တုကို လှမ်းကြည့်မိသည်။ သမိုင်းဖြစ်ရပ်တစ်စွန်းတစ်စကို ဖွင့်လှစ်ဖော်ပြနေသလိုပင်။ ကျွန်တော်တို့ဓာတ်လှေကားဖြင့် လိုဏ်ဂူပေါ်တက်ခဲ့ကြပြီး ဓာတ်လှေကားမှအထွက်၊ တန်ဆောင်းပေါ်မှ ပတ်ဝန်းကျင်ရှုခင်းကို ဝေ့ဝဲကြည့်မိသည်။ ပင်းတယတစ်ခွင်တွင် အမြင့်ဆုံးတောင်မှာ အရှေ့ပြင် အနောက်ပြင်တောင်ဖြစ်ပြီး အမြင့် ၇၇၅၂ ပေရှိကာ ပန်းစစ်တောင်မှာ အမြင့်ပေ ၆၈၃၀ ရှိကာ ဒုတိယအမြင့်ဆုံးတောင်ဖြစ်ကြောင်း သိရသည်။ ဟိုမှာဘက်၌ ရေပြင်လဲ့လဲ့ကို လှမ်းမြင်ရသဖြင့် အသေအချာကြည့်ရာ ပုန်းတလုပ်ရေကန်ဖြစ်ပြီး သစ်ပင်များအကြားတွင် ပြာဝပ်နေသကဲ့သို့မြင်တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်းများကို စိတ်တိုင်းကျရိုက်ယူမိသည်။

မြေပြန့်၊ တောင်ကြော၊ လွင်ပြင်များတွင်စိုက်ခင်းများကိုလှမ်းမြင်ရသည်။ အာလူး၊ နန္နင်း၊ ကြက်သွန်ဖြူ၊ ပဲမျိုးစုံ၊ မုန်လာထုပ်၊ ပြောင်းဖူး၊ ပန်းနှမ်း၊ ပန်းဂျုံ၊ ငရုတ်စသည့်စိုက်ခင်းများက အရောင်မျိုးစုံခြယ်သထားသည့် မြေပြင်ပန်းချီကားတစ်ချပ်ကဲ့သို့ပင်၊ ဘယ်ညာဘက်စီတွေမှာလည်း သစ်ပင်စိမ်းအုပ်အုပ်များ အစုလိုက် အစုလိုက်တွေ့ရသည်မှာ ဥယျာဉ်စိုက်ခင်းများဖြစ်သည်ဟု တွေးမိသည်။

ဥယျာဉ်များတွင် ပိန္နဲ၊ နဂါးမောက်သီး၊ တညင်း၊ သံပရာ၊ ပင်စိမ်း၊ သရက်၊ လိမ္မော်စသည်များကို စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းကြကြောင်း သိရသည်။ ပင်းတယနယ်မြေသည် ရှေးနှစ်ပေါင်းများစွာကပင် သီးနှံစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ရေမြေရာသီဥတုမျှတကောင်းမွန်ကြောင်း သမိုင်းမှတ်တမ်းများတွင် ကျွန်တော်ဖတ်ရှုခဲ့ရဖူးသည်။ နှစ်ပေါင်းများစွာကပင် အေးချမ်းစည်ပင်ခဲ့သည့် နယ်မြေတစ်ခုပင်ဖြစ်သည်။

ကျွန်တော်တို့ ရွှေဥမင်လိုဏ်ဂူအတွင်း စေတီနှင့် ဗုဒ္ဓရုပ်ပွားတော်များကို အေးချမ်းစွာဖူးမြော်ပြီး ဓာတ်ပုံမှတ်တမ်းများရိုက်ယူကာ ပြန်ဆင်းလာခဲ့သည်။ လိုဏ်ဂူဘုရားများကို ဖူးမြော်ကာ ပြန်ဆင်းလာသည်နှင့် ရေနွေးကြမ်း၊ လက်ဖက်၊ ပဲပုပ်ကြော်၊ တိုဟူးကြော်များကို အခမဲ့တည်ခင်းဧည့်ခံနေသည်ကိုတွေ့ရသည်။ ဤပင်းတယဂူသို့ လွန်ခဲ့သည့် ၂၅ နှစ်ခန့်က ကျွန်တော်ပထမဆုံးစတင်ရောက်ခဲ့စဉ် အချိန်ကတည်းက ယခုလိုဘုရားဖူးများကို အခမဲ့ဧည့်ခံကျွေးမွေးမှုရှိနေခဲ့ရာ ကောင်းမွန်သော အစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်းအဖြစ် သာဓုခေါ်မိသည်။

ကျွန်တော်ဓာတ်လှေကားဖြင့် ပြန်ဆင်းလာခဲ့သည်။ ပင်းတယရွှေဥမင်လိုဏ်ဂူဘုရားပွဲကနှစ်စဉ်တပေါင်းအဖိတ်နေ့မှ လပြည့်ကျော် ၁ ရက်အထိ ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့်စည်ကားလေသည်။ ပင်းတယမြို့အဝင် တမဲဘုရားဝင်းအတွင်းနှစ်စဉ် တန်ခူးလဆန်း ၁ ရက်၌ တောင်ရိုးလူမျိုးတို့၏ တာတက်ပွဲ၊ ဒိုးပစ်ပွဲများ ကျင်းပလေ့ရှိသည်။ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ပွဲတော်ဖြစ်ရာ ပင်းတယနယ်မြေအတွင်းသာမက မြန်မာနိုင်ငံတစ်ဝန်း အနယ်နယ်အရပ်ရပ်မှ ဓနု၊ တောင်ရိုး၊ ပအိုဝ်းတိုင်းရင်းသားများ ရောက်အောင်လာကာ ပါဝင်ဆင်နွှဲကြရာ ပျော်ရွှင်စရာကောင်းလေသည်။ ကျွန်တော်တစ်နှစ်ကြုံကြိုက်ဖူးရာ တိုင်းရင်းသားတို့နှင့်အတူ ဆင်နွှဲခဲ့ဖူးသည်။ စိုက်ပျိုးရေးအောင်မြင်ချိန်တွင် ကျေးရွာများရှိ ဘုရားစေတီပုထိုးနှင့် ဘုန်းတော်ကြီးကျောင်းများ၌ အလှူပွဲပြုလုပ်ခြင်းဖြစ်သည်။ ဓနု၊ တောင်ရိုးတို့၏ စာချိုး၊ သံချပ်များကို ဓနုရိုးရာ အိုးစည်နှင့်တီးကာ တပျော်တပါးသီဆိုနွှဲပျော်ကြခြင်းဖြစ်ရာ ရိုးစင်းပြီး ကျေးလက်ဆန်လှသည်။ ဓနု၊ တောင်ရိုး၊ ပအိုဝ်း လူပျို၊ အပျိုများလည်း ဤပွဲတွင် ဆုံတွေ့ကြသည်ဖြစ်ရာ ဖူးစာဖက်ရှာကြသည့်ပွဲလည်းဖြစ်သည်။

ကျွန်တော်တို့ကားပေါ်ပြန်တက်ပြီး ပင်းတယမြို့တွင်းသို့ လှည့်လည်ကြည့်ရှုခဲ့သည်။ "ဟဲဟိုးသွားတဲ့လမ်းပေါ့"ဟုအတူပါလာသော မိတ်ဆွေက ပြောပြသည်။ ဟဲဟိုးလေဆိပ်မှ လေယာဉ်ခရီးစဉ်အကြိမ်ကြိမ်စီးဖူးခဲ့သဖြင့် ပင်းတယနှင့် ဟဲဟိုးသွားရာလမ်းဘေးဝဲယာတွင် အလွန်လှပသော စိုက်ခင်းများ၊ စိုက်ကွက်များကိုရင်သပ်ရှုမောငေးမောခဲ့ရသည်မှာလည်း အကြိမ်ကြိမ်ပင်။ နှင်းမှုံစစ၊ လွင့်ဖြာကျချိန်မှာ စိုက်ခင်းများအပေါ်နှင်းစက်များ ပက်ဖျန်းထားသည့်မြင်ကွင်းကိုလည်းမမေ့နိုင်ခဲ့။

ကျွန်တော်ဟဲဟိုး၌ အာလူးပေါက်ပွဲနှင့်လည်း ကြုံကြိုက်ခဲ့ဖူးသည်။ တောင်သူတို့အာလူးပေါ်ချိန်တွင် ပြုလုပ်လေ့ရှိသည့် ကျေးလက်ပွဲဖြစ်ရာ စိတ်ဝင်စားဖွယ် ကောင်းလေသည်။ အာလူးအလုံးသေးသေးများဖြင့် ကိုယ်သဘောကျသည့် မိန်းကလေး၊ ယောကျ်ားလေးများကို ပစ်ပေါက်ကျီစယ်ကြခြင်းဖြစ်သည်။ ကောင်မလေးက လက်ခံရင် ချစ်ခွင့်ပန်၍ ရသည်ဖြစ်ရာ စိတ်ဝင်စားစရာပင် ဖြစ်သည်။

ပင်းတယတစ်ခွင်တွင် စိတ်ဝင်စားစရာ၊ လေ့လာစရာလည်း ပေါများလေသည်။ ပင်းတယမြို့အနီး ငှက်ပျောတောရွာတွင် စက္ကူထီးလုပ်ငန်းရှိသလို အောယောရွာတွင်လည်း အိုးလုပ်ငန်း၊ အိုးပုတ်လုပ်ငန်း၊ ခမောက်လုပ်ငန်းများလုပ်ကိုင်နေသည်ကို လေ့လာနိုင်မည်ဖြစ်ရာ သည်တစ်ခေါက်တော့ ကျွန်တော်တို့မရောက်နိုင်တော့။ ကျွန်တော်တို့ အေးချမ်းသာယာလှသော ပင်းတယမြို့အတွင်း လိုက်လံကြည့်ရှုပြီးနောက် ပင်းတယမှ ပြန်လာခဲ့ကြသည်။ နေတို့ပျော်ရွှင်စွာ နေထိုင်ရာ ပင်းတယမြေက ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာရှိနေလျက်ပင်။ ။



# ဆွေမျိုးပေါက်ဖော်ပွဲမှသည် နှစ်ပြည်ထောင်တစ်ရွာ ဥယျာဉ်သာစခန်းဆီမှအပြန်

**သိန်းဇော်(ရွှေလီဦး)**

ရှုမြင်ရသူအပေါင်း နှစ်သက်ကြည်နူးမှုအပြည့်ဖြင့် အနုပညာဆန်စွာ ဆင်ယင်ကျင်းပနေသော (၁၇)ကြိမ်မြောက် ဆွေမျိုးပေါက်ဖော်ပွဲတော် ဖွင့်ပွဲကြီးကား အရောင်စုံပန်းချီကားတစ်ချပ်ပမာ ပုံပေါ်နေသည်။ လှပခံ့ညားသော စင်မြင့်ကြီးပေါ်တွင် မြန်မာ-တရုတ် ကိုယ်စားလှယ်တော်များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ချစ်ကြည်ရေးအသင်းများမှ ကိုယ်စားလှယ်များ နေရာယူထားကြသလို စင်မြင့်ဝန်းကျင်တွင် ပွဲတော်လာပရိသတ်များလည်း စည်ကားနေသည်။

ဟိုအဝေးတစ်နေရာ နေခြည်လဲ့လဲ့အောက်၌ အရောင်အသွေးစုံဖြင့် လှုပနေသော ပွဲတော်တွင်လှူပ်ရှားပါဝင်ကြမည့် အဖွဲ့များမှာ မိမိတို့ကိုယ်စားပြုရာ ရိုးရာဝတ်စုံတစ်မျိုး၊ နန်းဆန်ဆန် ရှေးဝတ်စုံတစ်ဖုံ။ ဥဒေါင်း၊ ဆင်ဖြူတော်၊ ငါးရုပ်၊ နဂါးရုပ်၊ တိုးနရား အလှအရုပ်များအပြင် တဖျက်ဖျက်လွင့်မြူးနေသည့် ရောင်စုံအလံများကိုလည်း မြင်တွေ့ရသည်။ ရှမ်းရိုးရာမောင်းသံ၊ ရှမ်းအိုးစည်သံ၊ ဟိုအဝေးမှ ဘင်သံ၊ ခရာသံ၊ ပလွေသံ စသည့် အသံမျိုးစုံကလည်း အခမ်းအနားတွင် ပါဝင်ဆင်နွှဲကြသူတို့ စိတ်နှလုံး လန်းဆန်းတက်ကြွအောင် လေအသင့်တွင် လွင့်လျက်လွင့်လျက်။ ထိုအသံများ၊ ထိုပုံရိပ်များသည်ကား ငွေမှုံသဲပွင့်အလှဆင်သည့် လှပအေးကြည် မြစ်ရွှေလီရေယာဉ်တစ်ကြော ထင်ဟပ်သည့်သဘောကြောင့် ရေပြင်၊ မြေပြင်၊ ဝေဟင်တွင် ပဲ့တင်သံထပ်လေပြီ...။

"အခုအချိန်ကစပြီး မြန်မာ-တရုတ် (၁၇)ကြိမ်မြောက် ဆွေမျိုးပေါက်ဖော်ပွဲဖွင့်လှစ်ကြောင်း ကြေညာအပ်ပါတယ်" ဟု မြန်မာ-တရုတ် နှစ်ဘာသာဖြင့် ကြေညာသံအဆုံးဝယ် အစီအစဉ်များနှင့်အတူ နှစ်ဖက်သောတာဝန်ရှိသူများ၏ နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားရာ "မြန်မာနိုင်ငံဘက်မှ ရှမ်းပြည်(မြောက်ပိုင်း) မူဆယ်ခရိုင်နှင့် တရုတ်နိုင်ငံဘက်မှ ယူနန်ပြည်နယ် ထယ်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့ ရွှေလီမြစ်ဝှမ်းဒေသမှာ ရှေးပဝေသဏီကပင် ရွှေလီမြစ်ရေကို အတူသောက်သုံးကြပြီး ရွှေလီမြစ်ဝှမ်းလွင်ပြင်တွင် ဆန်၊ ရေ၊ စပါး၊ စိုက်ပျိုးသီးနှံထွက်ကုန် အဖုံဖုံကို ကူးလူးရောင်းဝယ် ကုန်စည်ဖလှယ်ကာ ရင်းနှီးချစ်ကြည်စွာ နေထိုင်ခဲ့ကြသည်။ ဟိုဘက်ရွာ၊ သည်ဘက်ရွာ ဆွေမျိုးတွေရှိနေကြသလို ရပ်ရေးရွာရေး လူမှုရေးကအစ ဆက်သွယ်မှုရှိကြပြီး တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးမှုဓလေ့ထုံးစံကို လေးစားချစ်ကြည်မြတ်နိုးခဲ့သော ဆွေမျိုးပေါက်ဖော်အသွင် ဆောင်ခဲ့ကြသည်။ စီးပွားရေး ကူးလူးဆက်ဆံပြီး ထုတ်ကုန်သွင်းကုန် လုပ်ငန်းအစုံစုံ ရောင်းဝယ်ဖောက်ကားခြင်းဖြင့် နှစ်နိုင်ငံအကျိုးစီးပွား တိုးပွားဝေစည်ခဲ့သည်။ ထို့ကြောင့် ပင်လျှင် ထိုအစဉ်အလာအတိုင်း အစဉ်တည်မြဲအောင် တည်ဆောက်ကြရန် အလေးပေးဆောင်ရွက်ကြရန်" စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့ကြသည်။

ထို့နောက် ဖွင့်ပွဲကို စတင်ကျင်းပရာ ဖွင့်ပွဲတွင် တက်ရောက်သူများ၏ အထူးအားပေးခြင်းခံရသော မြန်မာဘက်မှ နွှားလှည်းအလှပြယာဉ်များဖြစ်သည့် ကမ္ဘောဇသူ၊ ကေတုမတီသူ၊ ငွေတောင်သူ၊ လှည်းယဉ်များသည် လှယဉ်ကျေးမယ်လေးများ၏ ခေတ်အလိုက် ဝတ်စားဆင်ယင်မှုနှင့် ပန်းတင့်လျက် လက်ခုပ်သံတွေ ဝေစီခဲ့သည်။ တရုတ်နိုင်ငံဘက်မှ နွှားလှည်းယဉ်များမှာလည်း တစ်စီးတစ်မျိုး မရိုးရအောင် ပန်းအလှတွေဆင်ကာ အရောင်စုံဖြင့် ဌာန၊ ကုမ္ပဏီ၊ ယဉ်ကျေးမှုအဖွဲ့ စသည်တို့ကို ကိုယ်စားပြု၍ ယှဉ်ပြိုင်ပြသွားသည်များမှာ အထူး မျက်စိပသာဒဖြစ်ရသည်။

ထို့နောက် ယဉ်ကျေးမှုအဖွဲ့၊ လူမျိုးစုအလိုက်၊ အကအလှများဖြင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ အက၊ အလှ၊ အတီး၊ အမှုတ်၊ ကိရိယာစုံလင်စွာဖြင့် ကပြကြရာ ညီညာလှပ ပဒေသာအလှများမှာ စံတင်အတုယူဖွယ်အတိဖြစ်နေတော့၏။ မြန်မာဘက်မှလည်း ရှမ်း၊ ကချင်၊ ကရင်၊ ဗမာ၊ ရခိုင်၊ ချင်း၊ လီရှော တိုင်းရင်းသားပေါင်းစုံ ရိုးရာယဉ်ကျေးမှုများအပြင် ဦးရွှေရိုးအကကလည်း မပါမပြီး အားလုံးကလက်ခုပ်တီး၍ အားပေးကြသည်ကို တွေ့ရသည်။ သို့ဖြင့် အလှပြနွှားလှည်း ၁၉ စီး၊ ယဉ်ကျေးမှုသရုပ်ဖော်အဖွဲ့ပေါင်း ၃၀ ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်မှာ ပီတိဖြစ်ဝမ်းသာစရာပင်။

ပွဲတော်ရက်ကို အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ သတ်မှတ်ထားသော်လည်း အကြိုရက်မှာပင် မူဆယ်မြို့နယ်စပ်ဖြစ်သော နန်းတော်ဂိတ်အနီး တစ်ဖက်မှ ကျယ်ဂေါင်အထိ ကားအမျိုးမျိုး၊ ခရီးသွားအဖုံဖုံ အလည်အပတ်အသွားအလာတို့ဖြင့် စည်ကားကြပ်ညှပ်နေသည်။ ပွဲတော်ရက်အတွင်း ကျွန်တော်တို့ သတင်းမီဒီယာအဖွဲ့သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုခိုင်မြဲစေရန် ရည်ရွယ်ချက်ဖြင့် ယဉ်ကျေးမှုကပွဲများ ကျင်းပနေပုံ၊ မြန်မာ-တရုတ် လွန်ဆွဲပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲများ ကျင်းပနေပုံများကို လေ့လာကြရသည်။ မူဆယ်ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးအယ်စိုးထန်ထူး ဦးဆောင်သော သတင်းမီဒီယာအဖွဲ့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ ပြန်ကြားရေးဌာနက တာဝန်ကျေပွန်စွာ ဧည့်ခံပို့ဆောင်သလို သတင်းမီဒီယာအဖွဲ့ကလည်း ကျောက်စီပန်းချီကားများ လက်ဆောင်ပေးခဲ့ပြီး နှစ်နိုင်ငံပုံရိပ်နှင့် ချစ်ကြည်ရင်းနှီးမှုကို တိုးတက်စေခဲ့သည်။






ယင်းနောက် ပန်းချီပြခန်းများ၊ စာပေယဉ်ကျေးမှုပြခန်းနှင့် ရွှေလီမြို့ တရုတ်-မြန်မာ နယ်စပ်ယဉ်ကျေးမှုအသင်းက တာဝန်ယူကျင်းပသည့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကိုလည်း လေ့လာကြရသည်။ မူဆယ်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ရွှေညာသားမြတ်မင်း၊ နမ့်ခမ်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဉာဏ်မင်း(နမ့်ခမ်း)တို့ အဖွဲ့လည်း ဆုများ အသီးသီး ချီးမြှင့်ခံရကြောင်း သိရသည်။ ထို့နောက် လေ့လာမှတ်သား အတုယူစရာကောင်းသောနေရာတစ်ခုသို့ ပို့ဆောင်ပြသခဲ့သည်။

ထိုနေရာကား ရွှေလီမြစ်ကမ်းနှင့်မနီးမဝေး မြန်မာနိုင်ငံ မူဆယ်မြို့နယ် မန့်ဟီးရိုးမြို့နှင့်ကပ်လျက်ရှိသော နှစ်ပြည်ထောင် တစ်ရွာ ယဉ်ကျေးမှုအနုပညာဥယျာဉ်ပင်။ ဥယျာဉ်အဝင်တွင် မြန်မာမှုလက်ရာ ခံ့ညားသောမုခ်ဦးကို တွေ့ရပြီး ဥယျာဉ်ထဲတွင် ရွှေစေတီ၊ ပန်းခြံပန်းဥယျာဉ်၊ လှပသောလမ်း၊ ပဒုမ္မာကြာကန်၊ ကိန္နရီ၊ ကိန္နရာ၊ ရေပန်း၊ ဟင်္သာရုပ်၊ ငှက်ရုပ်၊ ဘန်ဂလိုပုံစံမျိုးစုံ၊ အဆောင်လေးများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ရေကန်ကိုဖြတ်၍ စက်သီးကြိုးနှင့် လျှောစီးအားကစားနည်း၊ တရုတ်-မြန်မာ နယ်စပ်ဒေသနေထိုင်သော တိုင်းရင်းသားလူမျိုးစုများနှင့် ၎င်းတို့၏ အိမ်များ၊ အသုံးအဆောင်များ၊ အဝတ်အထည်များကို ပြခန်းသဖွယ် ပြသထားသည်။

"ကျွန်တော်တို့ မြန်မာလက်ရာတွေကို အခြေခံပြီး တည်ဆောက်ထားပါတယ်။ စေတီတော်တွေ၊ ရုပ်တုတွေ၊ မုခ်ဦးတွေ အစပေါ့။ ဟောဒါက ဟိုရှေးနှစ်ပေါင်းများစွာက နှစ်ပြည်ထောင်မှာ နေကြတဲ့သူတွေ၊ ဟောဒီနေရာမှာ နေကြတဲ့ ကျေးရွာသူကျေးရွာသားတွေ အတူရေစက်ဆုံကြတဲ့ ရေတွင်းပါ။ ဟိုဘက်လမ်းတစ်ဖက်က ကျွန်တော်တို့ မြန်မာပြည် မန့်ဟီးရိုးပေါ့။ အရင်ကတော့ ဟိုဘက်ဒီဘက် အတူတူလို ဖြစ်နေခဲ့တာပေါ့။ ဒါကြောင့် နှစ်ပြည်ထောင်တစ်ရွာလို့ သုံးခဲ့ကြတာပေါ့"ဟု ဗိသုကာပညာရှင် ဦးမင်းမြတ်ခေါင်က ရှင်းပြသည်။ ဦးမင်းမြတ်ခေါင်မှာ စာပေသမား၊ အနုပညာသမား၊ ပရဟိတသမားဖြစ်ပြီး ကျွန်တော်တို့အဖွဲ့ကို အသေးစိတ်ရှင်းပြပေးရင်း သိချင်သည့်အကြောင်းများအတွက် စကားပြန် စီစဉ်ပေးခဲ့သည်။

"ကျွန်တော်တို့ မူဆယ်မှာ နိုင်ငံရဲ့ပြယုဂ်တွေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ၊ သမိုင်းအထောက်အထားတွေကို အခုလို တစ်စုတစ်ဝေးတည်းပြသထားနိုင်အောင် ဖန်တီးထားနိုင်ရင် ပြည်တွင်း ပြည်ပ ဧည့်သည်တွေအတွက် တစ်နေရာတည်း လေ့လာစရာဖြစ်သလို ဝင်ငွေလည်းရမှာ၊ အခုလာတဲ့ ဧည့်သည်တွေအတွက် အနီးကပ်ဆုံး ဈေး၊ ဘုန်းကြီးကျောင်းတွေလောက်ပဲ လေ့လာပြီး ပြန်ကြရတယ်။ ကျွန်တော်တို့မြို့အနေနဲ့ ယဉ်ကျေးမှုပြခန်းတွေအပြင် လွတ်လပ်ရေးကျောက်တိုင်တို့၊ အာဇာနည် ကျောက်တိုင်တို့၊ ဗိုလ်ချုပ်ကြေးရုပ်တို့လို သမိုင်းမှတ်တိုင်တွေရှိသင့်ပြီ"ဟု အဖွဲ့ထဲမှ စာရေးဆရာတစ်ဦးက အကြံပြုသည်။

"ကဲ အခုသွားမယ့်နေရာလေးနဲ့ အစီအစဉ်လေးကတော့ အခုလို ပွဲတော်ရက်မှာ ကျင်းပဖြစ်တဲ့ ဒီအနီးအနားရှိတဲ့ နှစ်နိုင်ငံက ချို့တဲ့တဲ့ ကျောင်းသား ကျောင်းသူလေးတွေကို စေတနာရှင်များက ထောက်ပံ့တဲ့ပွဲနဲ့ သစ်ပင်စိုက်ပွဲလေးပါ။ ထူးခြားတာလေးတွေ လေ့လာကြည့်ပါဦး"ဟု ဦးမင်းမြတ်ခေါင်ကပြော၍ ဦးဆောင်ခေါ်ရာသို့ လိုက်ပါခဲ့သည်။ မဟာရံတံတိုင်းနှင့် စေတီတော်အနီး ကွက်လပ်ကလေးသို့ ရောက်လာသည်။ အင်္ကျီအဖြူ လုံချည်အစိမ်းဖြင့် မြန်မာကျောင်းသားလေးများအဖွဲ့၊ တရုတ်ကျောင်းသား လူငယ်လေးများ စနစ်တကျတန်းစီနေသည်ကို တွေ့လိုက်ရသည်။

"ဒီကျောင်းသားလေးတွေက ဒီအနီးအနားမှာရှိတဲ့ မြန်မာဘက်ကရော တရုတ်ဘက်ကရော ပါပါတယ်။ ချို့တဲ့တဲ့ ကျောင်းသား ကျောင်းသူလေးတွေပါ။ သူတို့ကို စေတနာရှင်တွေက ထောက်ပံ့ငွေနဲ့ ကျောင်းသုံးပစ္စည်းတွေ လှူမယ့်အစီအစဉ်ပါ။ ပြီးရင် သူတို့လေးတွေက သစ်ပင်စိုက်ပွဲမှာ ဦးဆောင်ပြီး သစ်ပင်စိုက်ကြမှာပါ"ဟု မန့်ဟီးရိုးဒေသခံတစ်ဦးက ရှင်းပြနေသည်။ မြန်မာ၊ တရုတ်ကျောင်းသားလေးများကို အလှူရှင်များက လှူဒါန်းနေသည်ကို ကြည်နူးဖွယ်တွေ့ရပြီး ထို့နောက် သစ်ပင်စိုက်ပွဲကျင်းပရာ ရွှေလီမြို့မှ တာဝန်ရှိလူကြီးများ၊ လုံခြုံရေးရဲတပ်ဖွဲ့များ၊ ဧည့်သည်တော်များက နေရာယူကြကာ သစ်ပင်လေးများကို ကျောင်းသား လူငယ်လေးများက မြေချ မြေဖို့၍ စိုက်ပျိုးပေးကြသည်။ "မျိုးဆက်သစ်လူငယ်လေးတွေကို ဦးစားပေးတဲ့သဘော၊ သစ်ပင်လေးတွေစိုက်ပျိုးသလို ပြုစုပျိုးထောင်တဲ့ သဘောမျိုးရပါတယ်။ သူတို့ရင်ထဲမှာ သစ်တောသစ်ပင် ချစ်ခင်တဲ့စိတ် ခိုင်မြဲသွားစေတာပေါ့။ ဒါနောင်အနာဂတ်အတွက် ကောင်းမွန်တဲ့ မျှော်မှန်းချက်တစ်ခုပေါ့"ဟု ကျွန်တော်တို့အဖွဲ့ဝင်တစ်ဦးက မှတ်ချက်ပြုသည်။

"နှစ်ပြည်ထောင်တစ်ရွာ၊ ဥယျာဉ်ကိုရောက်တာ တန်ဖိုးရှိတယ်ဗျ။ အတုယူစရာတွေ အများကြီးပဲ"။ ကျွန်တော့်အနေဖြင့်လည်း ရင်ထဲမှစကားကို ပြောမိသည်။ တကယ်လည်း ကျွန်တော်တို့တက်ရောက်ခဲ့သည့် ဆွေမျိုးပေါက်ဖော်ပွဲ ကျင်းပပုံ၊ နွှားအလှ လှည်းအလှများ ဦးစားပေးစီစဉ်ထားပုံ၊ အထူးသဖြင့် နှစ်ပြည်ထောင်တစ်ရွာတွင် လေ့လာစရာ၊ စိတ်ဝင်စားစရာ၊ အတုယူစရာများ ပြင်ဆင်ဆောင်ရွက်ထားပုံ၊ လူငယ်မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလေးများကို လူကြီးများနေရာတွင် ပွဲလယ်တင့်စေပုံ၊ အဖုံဖုံသော ပုံရိပ်တို့သည် သူတို့လူမျိုး၊ သူတို့ဒေသခံများအတွက် ဂုဏ်တင့်စေသည်။ မြင်ရ၊ ကြားရသူများ အတုယူ အားကျစေသည်။



သူ့မြေမှာ သူ့ဥယျာဉ်ထဲက ပန်းကလေးတွေ ရောင်စုံပွင့်လို့ ဂုဏ်ဆင့်နေသလို ရွှေလီမြစ်သာခြားနေသည့် ကိုယ့်မြေဥယျာဉ်အတွင်း၌ ရောင်စုံပန်းအလှပွင့်ကာ တင့်တယ်ဂုဏ်မြှင့်ဖို့ လိုနေသေးသည်ကိုလည်းကောင်း၊ သဘာဝအလှတရားနှင့် လူသားစွမ်းအားတွေ လိုအပ်နေသည်ကိုလည်းကောင်း နှိုင်းယှဉ်ခံစားတရေးရေးမြင်ယောင်ရင်း (၁၇)ကြိမ်မြောက် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ပွဲမှသည် နှစ်ပြည်ထောင်တစ်ရွာ ဥယျာဉ်ဆီမှ ပြန်ခဲ့လေတော့သတည်း။ ။

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့်အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် အခွင့်အရေးများရှိနေ

ခင်ရတနာ



မြန်မာအလုပ်သင်အလုပ်သမားများအား မြန်မာသံရုံးမှ သွားရောက်တွေ့ဆုံ

ဂျပန်နိုင်ငံသည် ၂၀၂၀ပြည့်နှစ်တွင် အိုလံပစ်အားကစားပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ခြင်းကြောင့် ကြိုတင်ဆောင်ရွက်မှုများနှင့် တည်ဆောက်ရေးလုပ်ငန်းများစွာ စတင်လျက်ရှိနေပြီ ဖြစ်သည်။ ယင်းအတွက် လက်ရှိဂျပန်နိုင်ငံ၏ အလုပ်သမားလိုအပ်မှုအရေအတွက်မှာ လူဦးရေ တစ်သန်းခန့်ရှိမည်ဟု ကျွမ်းကျင်သူများက တွက်ချက်ပြသည်။ ယင်းအခြေအနေတွင် မြန်မာနိုင်ငံမှ အလုပ်သမားများသည်လည်း ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် စိုင်းပြင်းလျက်ရှိပြီး အသေးစိတ်အချက်အလက်များကို စုံစမ်းခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် အလုပ်သွားရောက်လုပ်ကိုင်ခြင်းများ ပြုလုပ်လျက်ရှိကြသည်။ ဂျပန်နိုင်ငံအတွင်း လိုအပ်သည့် အလုပ်သမားများကို မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံအသီးသီးမှ အလုပ်သမားများအား Technical Intern Training Program အောက်မှ အလုပ်သင်အလုပ်သမားအဖြစ်လည်းကောင်း၊ ကျွမ်းကျင်အလုပ်သမားများအဖြစ်လည်းကောင်း နည်းလမ်းများဖြင့် ခေါ်ယူလျက်ရှိသည်။

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံတွင်အလုပ်လုပ်လိုသော အလုပ်သမားများသည် တရားဝင်နည်းလမ်းများကိုအသုံးပြုကာ မှန်ကန်သည့်ရွေးချယ်မှု၊ ပြင်ဆင်မှုတို့ဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သင့်ပါသည်။ လက်ရှိတွင် အလုပ်သင်အလုပ်သမားအစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်သူဦးရေမှာ ၂၀၁၄ ခုနှစ်မှစတင်၍ မြင့်တက်လာပြီး ၂၀၁၇ခုနှစ် ဧပြီလ အထိ အလုပ်လုပ်ကိုင်သူ ၃၅၀၀ ခန့် ရှိနေပြီဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သတင်းထုတ်ပြန်ထားသည်။

အလုပ်သင်အလုပ်သမားအစီအစဉ်သည် နိုင်ငံခြားသားအလုပ်သမားများကို သက်ဆိုင်ရာအလုပ်အကိုင်အမျိုးအစားများအလိုက် လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးနှင့် နည်းပညာဆိုင်ရာကျွမ်းကျင်မှုများရရှိစေရေးအတွက်ရည်ရွယ်သည့် အစီအစဉ်တစ်ခုဖြစ်သည်။ အဆိုပါအစီအစဉ်တွင် အလုပ်အကိုင်ပေါင်းအမျိုးအစား ၁၃၆ မျိုးခန့် ပါဝင်ကြောင်း သိရှိရပြီး ယင်းတို့ကို ဂျပန်နိုင်ငံရှိ ကျွမ်းကျင်အလုပ်သမားများက ပြန်လည်သင်ကြားပို့ချပေးခြင်းဖြင့် အလုပ်သင်များကို အခွင့်အလမ်းရရှိစေမည်ဖြစ်သည်။ ယင်းအစီအစဉ်ဖြင့် လာရောက်ကြမည့် နိုင်ငံခြားသားအလုပ်သမားများအနေဖြင့် ဂျပန်နိုင်ငံ၌ သုံးနှစ်ခန့် အလုပ်လုပ်ခွင့်ရရှိမည် ဖြစ်သည်။ ထို့ပြင်ဂျပန်နိုင်ငံ၏ အလုပ်သင်အလုပ်သမားဆိုင်ရာ ဥပဒေသစ်အား ပြင်ဆင်အတည်ပြုပြီးချိန်တွင် ငါးနှစ်အထိ တိုးမြှင့်နေထိုင်အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အလုပ်သင်အလုပ်သမား အစီအစဉ်အပြင် ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများအနေဖြင့်လည်း ဂျပန်နိုင်ငံတွင် သွားရောက် အလုပ်လုပ်ကိုင်နိုင်ပါသည်။ မြန်မာနိုင်ငံမှ ပညာရပ်ကျွမ်းကျင်သူများသည် ကျွမ်းကျင်လုပ်သားအဖြစ် ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်နိုင်ပြီး ဂျပန်နိုင်ငံတွင် နေထိုင် အလုပ်လုပ်ကိုင်နိုင်သည့် အချိန်ကာလကို ကန့်သတ်ထားခြင်းမရှိဘဲ ကုမ္ပဏီ၏ခန့်အပ်ထားရှိမှုအပေါ် အခြေခံ၍ လုပ်ကိုင်နိုင်ကြောင်း မြန်မာသံရုံးမှ ဇွန် ၂၀ ရက်က အသိပညာပေးဖော်ပြထားသည်။

ထိုကဲ့သို့ တရားဝင်လမ်းကြောင်းများကို အသုံးပြုကာ ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်သော်လည်း အထူးအရေးကြီးသည့်အချက်မှာ ဂျပန်နိုင်ငံသည် မိခင်ဂျပန်ဘာသာစကားကို အဓိကအသုံးပြုကြသည့် နိုင်ငံဖြစ်ခြင်းကြောင့် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် ဂျပန်ဘာသာစကား ကျွမ်းကျင်ရန် လိုအပ်ချက်တစ်ခုဖြစ်နေကြောင်း သိရှိရသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မိမိ၏သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်ကျွမ်းကျင်မှုအပြင် ဂျပန်ဘာသာစကားကိုလည်း ရေလည်ကောင်းမွန်စွာ ပြောဆိုတတ်ခြင်းသည် အရေးပါသည့် အချက်ပင် ဖြစ်သည်။

သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအနေဖြင့် ဂျပန်နိုင်ငံသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ပြည်ပအလုပ်အကိုင် လိုင်စင်ရအကျိုးဆောင်အေဂျင်စီများနှင့် ချိတ်ဆက်ကာ ဂျပန်နိုင်ငံသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်နိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ လာရောက်သူများအတွက်လည်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ အကူအညီများပေးအပ်ခြင်း၊ ဂျပန်နိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများအနေဖြင့် ဂျပန်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ပြောကြားပေးသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာအလုပ်သမားများအား အကူအညီများပေးအပ်နေကြောင်း ဂျပန်နိုင်ငံရောက်လူငယ်များထံမှ သိရှိရသည်။

မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် ဂျပန်နိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်သောမြန်မာနိုင်ငံသားများအတွက် ဂျပန်နိုင်ငံ၏ အလုပ်သမားဥပဒေပါအခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေး၊ မြန်မာနိုင်ငံသားများအတွက် လုံခြုံမှုရှိသောလုပ်ငန်းခွင်ဖြစ်ရေး၊ အလုပ်သမားများ ပြည်ပလုပ်ငန်းခွင်မှ နည်းပညာများနှင့် အတွေ့အကြုံများရရှိရေးစသည့်တို့ကို ရည်ရွယ်ပြီး အလုပ်သမားကိစ္စများနှင့် ပတ်သက်၍ အကြိုစစ်ဆေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိကြောင်း မြန်မာသံရုံးမှ သိရှိရသည်။ မြန်မာအလုပ်သမားများ ဂျပန်နိုင်ငံသို့ မထွက်ခွာမီ အကြိုစစ်ဆေးမှုပြုလုပ်ရာ၌ မြန်မာအလုပ်သမားများအကျိုးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ဦးတည်၍ ၂၀၁၅ ခုနှစ် ဇူလိုင်လမှ စတင်ပြီး မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံမှ အလုပ်သမားများခေါ်ယူသည့် ကုမ္ပဏီများသည် မှန်ကန်မှုရှိ မရှိ၊ အလုပ်သမားများ အမှန်တကယ်ရရှိနိုင်မည့် လုပ်ခလစာနှင့် အလုပ်သမားများထံမှ ဖြတ်တောက်ကောက်ခံမည့်စရိတ်များသည် ဆီလျော်မှုရှိ မရှိ၊ အလုပ်သမားများ၏ လုပ်ငန်းခွင်နှင့် နေရာထိုင်ခင်းများ လုံခြုံစိတ်ချ၍ အဆင်ပြေနိုင်မှုရှိ မရှိ၊ လုပ်ငန်းခွင်သည် နျူကလီးယားဓာတ်ရောင်ခြည် သင့်မှုလွတ်ကင်းသည့် ဒေသဖြစ် မဖြစ်စသည်တို့ကို အသေးစိတ်စစ်ဆေးလျက် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေနိုင်မည့် ကုမ္ပဏီများ၌သာ မြန်မာနိုင်ငံသားများ အလုပ်လုပ်ကိုင်ခွင့်ရရှိနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးနေသည်ကိုလည်း မြင်တွေ့ရသည်။

ထို့ပြင် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားကလေးငယ်များအနေဖြင့်လည်း သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ အတန်းလိုက်ဘာသာစုံ သင်ကြားမှုများကို မြန်မာသံရုံးမှ အရာထမ်းများအပြင် အတွေ့အကြုံရှိသည့် စေတနာ့ဝန်ထမ်း မြန်မာလူမျိုးများက သင်ကြားပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။ ယင်းအစီအစဉ်ကိုလည်း အောက်တိုဘာ ၂၉ရက်တွင် စတင်မည်ဖြစ်ခြင်းကြောင့် ဂျပန်နိုင်ငံသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားကလေးငယ်များအဖို့ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်ကြားမည့် မြန်မာအခြေခံပညာရေးကိုလည်း သင်ယူနိုင်မည် ဖြစ်သည်။

“မြန်မာသံရုံးအနေနဲ့ ဂျပန်နိုင်ငံမှာ လာရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာအလုပ်သမားတွေရဲ့ အကျိုးစီးပွားကို ဥပဒေဘောင်အတွင်းကနေ ကာကွယ်စောင့်ရှောက်ပေးနေပါတယ်။ ဖြေရှင်းပေးနိုင်ခဲ့တဲ့ သာဓကတွေလည်း အများကြီးပါပဲ။ မြန်မာသံရုံးအနေနဲ့ ဂျပန်နိုင်ငံမှာ အခြေစိုက်ဖွင့်လှစ်ထားတာဖြစ်တဲ့အတွက် အခြေစိုက်နိုင်ငံရဲ့ပြဋ္ဌာန်းချက်တွေကို လေးစားလိုက်နာပြီး ဂျပန်နိုင်ငံရဲ့ ဥပဒေတွေနဲ့အညီ ဆောင်ရွက်ပေးနေပါတယ်”ဟု ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်က မြန်မာအလုပ်သမား၊ မြန်မာကျောင်းသားများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့ဖူးသည်။

သို့သော် ဂျပန်နိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအနေဖြင့် အထူးအရေးကြီးသည့်အချက်မှာ တရားဝင်သွားရောက်ခွင့်ရရှိစေရေးဖြစ်ပြီး တရားဝင်အေးဂျင့်များဖြင့် သွားရောက်ခွင့်ရရန်၊ မြန်မာနိုင်ငံမှမထွက်ခွာမီကတည်းကပင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ချုပ်ဆိုရမည့် သဘောတူညီမှုစာချုပ်ကို သေချာစွာနားလည် သဘောပေါက်ပြီး လက်မှတ်ရေးထိုးထားကြရန် အထူးလိုအပ်ကြောင်း သိရသည်။ အများစုသည် အလုပ်ရှင်၊ အလုပ်သမားအကြား ချုပ်ဆိုရသည့် သဘောတူညီမှုစာချုပ်အား သေချာစွာနားလည်မှုမရှိဘဲ လက်မှတ်ရေးထိုးထားခဲ့မိသည့်အတွက် အခက်အခဲများစွာကြုံတွေ့ခဲ့ရမှုများရှိပြီး ယင်းကဲ့သို့ ပြဿနာများ ဖြစ်ပွားပါက မြန်မာသံရုံးအနေဖြင့် စာချုပ်စာတမ်းများ၏ ခိုင်မာမှုအပေါ်အခြေခံ၍ ဂျပန်နိုင်ငံ၏ပြဋ္ဌာန်းချက်ဥပဒေများနှင့်အညီသာ ရပ်တည်ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း သံရုံးတာဝန်ရှိသူများက ဖြေကြားသည်။

ဂျပန်နိုင်ငံတွင် လုပ်သားအင်အားလိုအပ်ချက်များရှိသော်လည်း မြန်မာနိုင်ငံမှ အလုပ်သင်လုပ်သားများ ပိုမိုခေါ်ယူရန်အတွက်မူ အကန့်အသတ်များလည်းရှိနေကြောင်း ဂျပန်နိုင်ငံရောက် မြန်မာများကလည်း ပြောကြားသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံသားအချို့သည် သတ်မှတ်အလုပ်အကိုင်များထက် အခြားဝင်ငွေပိုမိုရရှိနိုင်မည့်အလုပ်များသို့ အကြောင်းအမျိုးမျိုးရှာကာ ပြောင်းရွှေ့လုပ်ကိုင်ခြင်း တရားမဝင်အလုပ်သမား ခေါ်ယူရေးလုပ်ကိုင်သူများနှင့် ချိတ်ဆက်ကာ အလုပ်ပြောင်းရွှေ့ခြင်းများကြောင့် အမှန်တကယ် ရိုးသားစွာ အလုပ်လုပ်ကိုင်ကြမည့် မြန်မာနိုင်ငံသား အလုပ်သမားများအတွက် အဟန့်အတားဖြစ်နေရကြောင်း သိရသည်။

စာမျက်နှာ ၂၃ သို့

**သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအနေဖြင့် ဂျပန်နိုင်ငံသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ပြည်ပအလုပ်အကိုင် လိုင်စင်ရအကျိုးဆောင်အေဂျင်စီများနှင့် ချိတ်ဆက်ကာ ဂျပန်နိုင်ငံသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်နိုင်**

*စာမျက်နှာ ၂၂ မှအဆက်*

ထို့အပြင် ဂျပန်နိုင်ငံသို့ သွားရောက်လိုသူများ အနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် အေးဂျင့်ဟုတ်၊ မဟုတ် မြို့နယ်အသီးသီးရှိ အလုပ်သမားရုံးများတွင် စုံစမ်းနိုင်ပြီး ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးဖြစ်သည့် Shinagawa-ku, Kita-Shinagawa4-8-26, Tokyo 140-0001 သို့လည်းကောင်း၊ သံရုံးအီးမေးလ်လိပ်စာ contace@myanmar-embassy-tokyo.net သို့လည်းကောင်း စာရေးသားမေးမြန်းနိုင်ပြီး သံရုံးဖုန်းနံပါတ် ဖြစ်သည့် ၀၃-၃၄၄၁-၉၂၉၁ သို့ ဆက်သွယ်ကာ လိုအပ်သည့် အကူအညီများကိုလည်း တောင်းဆိုနိုင်ကြောင်း၊ အရေးပေါ်ကိစ္စရပ်များအတွက် သံရုံး၏ Hotline နံပါတ်ဖြစ်သည့် ၀၈၀-၄၁၁၈-၃၃၂၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သို့ဖြစ်၍ မြန်မာအလုပ်သမားများအနေဖြင့် ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်ခြင်းဖြင့် ဂျပန်နိုင်ငံ၏ အလုပ်သမားဥပဒေများအရ အလုပ်သမားအခွင့်အရေးနှင့် လုပ်ငန်းခွင်အတွင်းလုံခြုံမှုကို အပြည့်အဝ အကာအကွယ်ရရှိနိုင်ပါသဖြင့် အလုပ်သမားများအနေဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဂျပန်နိုင်ငံတွင် လုံခြုံစိတ်ချစွာဖြင့် အလုပ်လုပ်ကိုင်နိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။



မြန်မာသံအမတ်ကြီးနှင့် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများတွေ့ဆုံ

# မော်လမြိုင်ကျွန်း၌ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်မည်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများကို မြို့နယ်အသီးသီးရှိ ကျေးရွာများတွင်လုပ်ဆောင်လျက်ရှိပြီး မြို့နယ်ရေးရာဆွေးနွေးပွဲများကိုလည်း အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဦးကျော်နိုင်ထွန်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးနိုင်ဝင်းနှင့် မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က ဦးဆောင်ကာ မြို့နယ်အတွင်းလယ်ယာမြေ အဆင့်မြှင့်တင်ရေးလုပ်ငန်းနှင့် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချပေးရေးတို့အတွက် ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အမှုထမ်းများအတွက်စာရင်းရေး၊ စာရင်းကိုင်သင်တန်းများဖွင့်

**ပုသိမ် အောက်တိုဘာ ၂၁**

အမှုထမ်းများအတွက် အခြေခံစာရင်းရေးစာရင်းကိုင်ခြင်းနှင့်စာရင်းစစ်ခြင်းများ ပိုမိုအရည်အသွေးပြည့်ဝလာစေရန် ရည်ရွယ်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ရှိ အမှုထမ်းများအား သင်ကြားပို့ချခြင်းကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာန သမဝါယမသင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားလျက်ရှိကြောင်း သိရသည်။

ယင်းသင်တန်းကို အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး စာရင်းအင်းပညာရပ်များနှင့် ပတ်သက်၍ ပြည်သူ့ဝန်ထမ်းများအကြား ပိုမိုသိရှိနားလည်ရန်နှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ္ဍာငွေဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းတိကျသည့် စာရင်းကိန်းဂဏန်းအချက်အလက်များ ပြုစုနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး ဝန်ကြီးများနှင့် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက လာရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မိသားစုဝင်ငွေတိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် ရန်ပုံငွေများလွှဲပြောင်းပေး

**ပုသိမ် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး၏ ပုသိမ်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးခန်းမတွင် ဒေသခံများအတွက် မိသားစုဝင်ငွေတိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်ရည်ရွယ်သည့် မြစိမ်းရောင်ရန်ပုံငွေပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးအောင်သူထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည် ဖော်သည်မှာ သုံးနှစ်ရှိလာပြီဖြစ်ပြီး ယခုနှစ်တွင် အိမ်ခြေအနည်းဆုံး ၈၀ နှင့် အထက် ကျေးရွာများနှင့် အိမ်ခြေ ၈၀ အောက်ကျေးရွာများကို နီးစပ်ရာကျေးရွာများနှင့် ပေါင်းစပ်ဖွဲ့စည်းထားကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ယူနစ်ရှစ်ယူနစ်၊ ကျေးရွာ ၁၁ ရွာကို ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဒေသခံများအနေဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များအား လိုက်နာစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသန်းကလည်း ကျေးလက်ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရန်နှင့် မိသားစုများဝင်ငွေတိုးပွားလာစေရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး ရရှိလာသည့် အကျိုးကျေးဇူးဖြင့်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးလုပ်ကိုင်ကြရန် ဒေသခံများအား တိုက်တွန်းခဲ့ကာ ကျေးရွာကော်မတီဝင်များထံ ရန်ပုံငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပေါက်မြို့နယ်၊ သစ်ညီနောင်ကျေးရွာနေ မောင်ချမ်းမြေ့အောင် (၂၀၁၆-၂၀၁၇ တက္ကသိုလ်ဝင်တန်းအောင်)၏ မိခင် ဒေါ်ကြည်ထွေး(ခ)ဒေါ်သန်းဌေး ၈/ပမန(နိုင်)၀၄၆၂၃၀မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ဦးချန်ချွမ်း(ဘ)ဦးငွန်အုပ် ၄/မတန(နိုင်)၀၁၆၂၆၅၏ မြန်မာနိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွား၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၈၁၇၇၀၀၇

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်စိုးဇော် ၁၀/ခဆန(နိုင်)၀၈၃၈၇၀၏ Passport (No-မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/5033 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကန်ကြီးထောင့်မြို့နယ်၊ လဟာကလူကျေးရွာအုပ်စု၊ ရေသိုးကြီးကျေးရွာနေ ဦးစိန်ဟန် ၁၄/ပသရ(နိုင်)၀၂၁၈၈၈-ဒေါ်အေးငွေ ၁၄/ပသရ(နိုင်)၀၂၃၀၄၀ တို့၏သား မောင်ရဲနိုင်ထက် ၁၄/ကကထ(နိုင်)၁၇၄၉၀၀သည် မိဘစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ၄င်းနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးစိန်ဟန်**
**၁၄/ပသရ(နိုင်)၀၂၁၈၈၈**
**မိခင်-ဒေါ်အေးငွေ**
**၁၄/ပသရ(နိုင်)၀၂၃၀၄၀**

**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**
**၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ လမ်းဦးစီးဌာနမှဆောင်ရွက်မည့်**
**လုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ/သံချောင်း ရွယ်စုံအိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းနိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၂၃-၁၀-၂၀၁၇ ရက် |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** | - ၆-၁၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၀နာရီ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်ရက်/အချိန်** | - ၆-၁၁-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ၂၃-၁၀-၂၀၁၇ရက်မှ ၁-၁၁-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့၊**
**ဖုန်း-၀၅၂-၂၂၂၄၅၇၂၊ ၂၂၂၁၅၂၃၊ ၂၂၂၁၂၂၀**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

**FARMER AUTO SUZUKI SHOWROOM**

" Suzuki Brand New ကားများနှင့် Suzuki မော်တော်ဆိုင်ကယ်များကို (၁)နှစ် - (၅) နှစ် အထိ အရစ်ကျစနစ်များဖြင့် ဝယ်ယူနိုင်ပါသည်။"

သီတင်းကျွတ် ကာလအနေဖြင့် ဝယ်ယူသူများကို လက်ဆောင်နှင့် ကံစမ်းမဲများ ဖောက်ပေးနေပါသည်။

ရန်ကုန် - ဖုန်း ၀၉ ၄၅၆၈၄၄၆၄၅ ၊ ၀၉ ၇၇၅၁၈၂၆၀၇ ၊ ၀၉ ၈၅၁၆၀၇၈
နေပြည်တော်- ဖုန်း ၀၉ ၇၃၄၉၁၀၂၃ ၊ မကွေး - ဖုန်း ၀၉ ၃၁၈၂၄၀၄၇

**မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။**

**ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များ ဝယ်လိုသည်။**

**အိမ်အရောက်ငွေချေစနစ်၊ ပွဲခပေးရန်မလို**

**Ph: 01-2339310, 01-2339355, 01-578044**

UK တက္ကသိုလ်များတွင် Vice-Chancellor အဖြစ် တာဝန်ယူခဲ့သည့် Professor Tim Boatswain ၏ Academic အုပ်ချုပ်မှုအောက်တွင် ရှိသည့် British University College ...

**BRITISH UNIVERSITY COLLEGE**

**University Foundation Program**

**Construction** **Business** **Engineering**

- တက္ကသိုလ်ဝင်တန်းအောင် နှင့် IGCSE (GCE O level) အောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်ပါသည်။
- UK အဆင့်မြင့် ပညာရေးကို ရန်ကုန်တွင်ပင် သင့်တင့်သည့် ကုန်ကျ စားရိတ်ဖြင့် တက်ရောက်သင်ယူနိုင်ပါသည်။
- နိုင်ငံတကာတက္ကသိုလ်များမှ Master ဘွဲ့ရ ဝါရင့် Lecturer များမှ သင်ကြားပို့ချမည်ဖြစ်သည်။

✓ သက်ဆိုင်ရာအထူးပြုဘာသာရပ်များအပြင် English for Academic Purposes နှင့် IT Skills & Application မော်ဂျူးများပါဝင်ပါသည်။
✓ Foundation ပြီးပါက Bachelor Degree ဘွဲ့အား ရန်ကုန်တွင် ဖြစ်စေ ၊ စင်ကာပူ- ယူကေ နှင့်ဆွစ်ဇာလန်နိုင်ငံတို့တွင် တက်ရောက်သင်ယူနိုင်ပါသည်။

ကျွန်ုပ်တို့၏ တာဝန်ကတော့ ကျောင်းသားတစ်ဦးချင်းစီရဲ့ ရည်မှန်းချက်များ အောင်မြင်ရန် အကောင်းဆုံးပညာရေး ပေးစွမ်းခြင်းနှင့် လူတော်များ မွေးထုတ်ပေးရန်ပင် ဖြစ်ပါတယ်။

**BUC's Mission**

အမှတ် S – 25 ၊ ဦးချစ်မောင်လမ်း ၊ ဦးချစ်မောင်အိမ်ယာ ၊ တာမွေမြို့နယ် ၊ ရန်ကုန်မြို့။
09 4500 51 564 , 09 426 26 555 1 - 2 British University College

## မင်းပြားမြို့နယ်အသင်း(ရန်ကုန်)
## အဌမအကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မင်းပြားမြို့နယ်အသင်း အသင်းဝင်များနှင့် မြို့နယ်သူ/မြို့နယ်သားများအားလုံး (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ကြွရောက်လှူဒါန်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

(ရခိုင်ထမင်းဟင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။)

(ဦးအောင်သိန်းမောင်-ဒေါ်အောင်သန်းကြည်မိသားစု၊ နေပြည်တော်မှ ကျပ်သိန်းနှစ်ဆယ်တိတိကို ဒုတိယအကြိမ် မတည်လှူဒါန်းပါသည်။)

**နေ့ရက်** - ၂၉-၁၀-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
(၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်)

**အချိန်** - နံနက် ၉:၀၀ နာရီ

**နေရာ** - ရခိုင်ပြည်နယ်၊ မြောက်ဦး၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရား၊ အလယ်ပစ္စယာ၊ ဗဟန်း၊ ရန်ကုန်မြို့

**အလုပ်အမှုဆောင်အဖွဲ့**

# ခရမ်းမြို့နယ်အသင်း (ရန်ကုန်)
# ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ပညာရေးကော်မတီသည် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်ဖြစ်သောကြောင့် ခရမ်းမြို့နယ်သူ၊ ခရမ်းမြို့နယ်သားများ၏ သားသမီးများထဲမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ မိမိတို့အောင်မြင်ခဲ့သော ဂုဏ်ထူးရဘာသာများကိုဖော်ပြ၍ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ရုံးစာရေးကြီး ဖုန်း-၀၁-၅၄၉၃၃၉ နှင့် ၀၉-၄၅၀၃၉၄၁၃၂ သို့ ၃၁-၁၀-၂၀၁၇ရက် နောက်ဆုံးထား ဆက်သွယ် သတင်းပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

**ပညာရေးကော်မတီ**
**ခရမ်းမြို့နယ်အသင်း(ရန်ကုန်)**

## ဘီးလင်းတိုက်သစ်ကျောင်း
## (၆၈)ကြိမ်မြောက်ဘုံကထိန်သင်္ကန်းဆပ်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ဘီးလင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဝေဠုဝန်ဂိုဏ်းဗဟိုဌာန၊ ဒုတိယအကျိုးတော်ဆောင်ချုပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့(ဝေဠုဝန်)၊ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ "ဘဒ္ဒန္တပညောဘာသ" အား အမှူးထား၍ သံဃာတော် (၉၀)ပါးတို့အား ဒါယကာ၊ ဒါယိကာမအပေါင်းတို့က နိဗ္ဗာန်ကိုရည်မျှော်၍ "ကထိန်သင်္ကန်းနှင့်ဆွမ်း" စသောလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမှုကို (၁၃၇၉ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ရက်)၊ ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်(၈)နာရီမှ (၁၂)နာရီထိ ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ ဘီးလင်းမြို့နယ်သူ/နယ်သားများ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဘုံကထိန်ဖြစ်မြောက်ရေးအဖွဲ့**

## ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်) ၏
## စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲနှင့်
## ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားခြင်း

ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်) ၏ စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

၂၀၁၆-၁၇ ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူး (၃) ဘာသာနှင့်အထက်အောင်မြင်ခဲ့သည့် ရေနံချောင်းမြို့သူ၊ မြို့သားများ၏ သားသမီးများသည် အောက်ပါပုဂ္ဂိုလ်များထံ (၂၇-၁၀-၂၀၁၇) ရက်နေ့နောက်ဆုံးထားဆက်သွယ်စာရင်းပေးကြစေလိုပါသည်။ ဆုပေးပွဲအခမ်းအနားနှင့် စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲသို့ ရေနံချောင်းမြို့သူ၊ မြို့သားများသည် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်လှူဒါန်း ကုသိုလ်ယူနိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

နေ့ရက် - ၃-၁၁-၂၀၁၇ (သောကြာနေ့)
အချိန် - နံနက် ၉:၀၀ နာရီ
နေရာ - ရေနံချောင်းမွှာရုံ၊ ခေမာသီဝံကျောင်း၊ ဦးထောင်ဗိုလ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် - ဦးစန်းလွင် (၀၉ ၅၁၀၈၈၃၉)
ဦးအောင်မင်း (၀၉ ၄၂၀၃၅၉၆၅)
ဦးငွေဝင်း (၀၉ ၅၁၂၀၀၄၈)

## ရန်ကုန်တက္ကသိုလ်
## ဓာတုဗေဒကျောင်းသား/ကျောင်းသူဟောင်းများ၏
## ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ်ဓာတုဗေဒ ဌာနမှူး ဒေါက်တာဒေါ်နှင်းနှင်းအေးနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများကို ပူဇော်ကန်တော့မည်ဖြစ်ပါသဖြင့် ဓာတုဗေဒ ကျောင်းသား/ကျောင်းသူဟောင်းများနှင့် ပညာသင်ယူနေကြသော ကျောင်းသား/ကျောင်းသူများ ကုသိုလ်ယူတက်ရောက်ကြပါရန် မေတ္တာရှေ့ထား ဖိတ်ကြားပါသည်။

**ကျင်းပမည့်ရက်** - ၂၆-၁၁-၂၀၁၇ ရက်
**အချိန်** - မွန်းလွဲ ၁ နာရီမှ ၃ နာရီ
**နေရာ** - ရန်ကုန်တက္ကသိုလ်၊ အပန်းဖြေခန်းမ (RC)

အလှူငွေများကို အောက်ဖော်ပြပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
ဘဏ်စာရင်းအမှတ်-22530200704082701(KBZ Bank,Inn Yar Road)

| | |
|---|---|
| ဒေါက်တာ သီတာမင်း | ဖုန်း-၀၉-၅၁၂၁၄၄၅ |
| မအေးအေးစန်း | ဖုန်း-၀၉-၄၄၃၁၄၄၂၀၁ |
| ကိုငွေးမြင့် | ဖုန်း-၀၉-၅၁၀၃၅၈၉ |
| ကိုလင်းထိုက် | ဖုန်း-၀၉-၄၂၀၀၄၂၀၈၂ |
| ကိုလှမျိုး | ဖုန်း-၀၉-၅၀၃၉၅၉၂ |
| ကိုဝင်းသိန်း | ဖုန်း-၀၉-၇၉၅၅၉၈၅၆၃ |
| မဝါဝါ | ဖုန်း-၀၉-၄၄၃၀၇၅၉၃၅ |
| ကိုထင်ကြွယ် | ဖုန်း-၀၉-၅၁၂၅၁၃၉ |
| မချယ်ရီဆွေ | ဖုန်း-၀၉-၉၇၉၃၆၁၀၄၀ |

ညစာစားပွဲကို ရန်ကုန်တက္ကသိုလ်သစ်ပုတ်ပင် မြတ်ခင်းပြင်တွင် ညနေ ၅ နာရီ မှ ၁၀ နာရီထိ ကျင်းပပါမည်။ လက်မှတ်များကို အောက်ဖော်ပြပါ ကျောင်းသား/ကျောင်းသူဟောင်းများထံတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| မစန်းစန်းရင် | ဖုန်း-၀၉-၅၀၃၆၈၇၆ |
| မမော်မော်မြင့် | ဖုန်း-၀၉-၉၇၄၀၇၇၆၂၆ |
| မသီတာခင်မောင် | ဖုန်း-၀၉-၅၀၄၀၉၈၃ |
| မခိုင်သန္တာထွန်း | ဖုန်း-၀၉-၅၀၂၅၃၁၈ |
| ကိုဥက္ကာအောင် | ဖုန်း-၀၉-၂၆၀၀၃၈၄၂၉ |
| မမိုးပပမျိုး | ဖုန်း-၀၉-၅၀၉၆၉၂၅ |
| မစန္ဒာဇော် | ဖုန်း-၀၉-၇၃၀၂၂၆၈၄ |
| ကိုတင်မင်းလတ် | ဖုန်း-၀၉-၅၁၄၈၇၃၇ |
| ကိုထွန်းဝေ | ဖုန်း-၀၉-၅၀၁၀၉၅၅ |
| ကိုသန့်ဇော်ဝင်း | ဖုန်း-၀၉-၅၁၁၆၄၆၃ |

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် အထက သန္တေပင်ကျေးရွာမှ မောင်ကျော်ဇင်ထွန်း၏ဖခင် ဦးမျိုးကျော်(ခ)ဦးမျိုးကျော်ကျော် ၁၂/မဘန(နိုင်)၁၂၄၃၉၃ မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

မောင်ဆွမ်ဖူး ၁၃/လရန(နိုင်) ၁၁၆၉၈၂၏ Passport.No မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၉၀၃၄၅၇၈**




# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက်ကားဈေးကြီး ဖြစ်လာမည့်

# GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower ) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဥ္စမထပ် နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလုကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

**DEVELOPER-**

**GA MONE PWINT CO.,LTD.**

အမှတ် ( ၂၄၅ )၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**TEL : 01- 524 963, 01- 526 928**
**01- 516 533~6**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က/ခ)၊ က-၃လမ်းနေ (ဘ) ဦးအောင်သူ ၁၂/အစန(နိုင်)၀၉၆၅၈၇၏သား မောင်ရဲရင့်အောင်အား မောင်မြတ်မင်းမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဟာ SEVEN ၀ံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံး၀ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644




ဆုတောင်းပြည့် မယ်လမုစေတီတော် ဂေါပကအဖွဲ့၏ (၂၁)ကြိမ်မြောက် သြဝါဒခံယူပွဲတွင် မြို့နယ်သာသနာ့ဗိမာန်ဓမ္မာရုံ ဆောက်လုပ်ရန်အတွက် မတည်အလှူရှင် ဒေါ်ငွေငွေဝင်းနှင့် မောင်နှမများ၊ တူ/တူမများမှ ပထမအရစ်လှူဒါန်းငွေ ကျပ်သိန်းငါးဆယ် လှူဒါန်းစဉ်။


## နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အောက်တိုဘာလ(၁)ရက်နေ့မှစ၍ (၃၀)ရက်နေ့အထိ စရံငွေပေးသွင်းသူများ အထူးဈေးနှုန်း
၈ ရက် ခရီး - ဟိုတယ်(၂)ည ➔ စရံ ၂ သိန်း + ဒေါ်လာ ၅၅၀ (လေးဌာန + နီပေါ)
၁၂ ရက် ခရီး - ဟိုတယ်(၃)ည ➔ စရံ ၂ သိန်း + ဒေါ်လာ ၆၅၀ (လေးဌာန + နီပေါ)
၁၅ ရက်ခရီး - ဟိုတယ်(၅)ည ➔ စရံ ၂ သိန်း + ဒေါ်လာ ၇၀၀ (နေရာစုံ + Shopping)
၁၅ ရက် ခရီး - ဟိုတယ်(၄)ည ➔ စရံ ၂ သိန်း + ဒေါ်လာ ၇၅၀ - နေရာစုံ + ကိုလ်းကတ္တားပါ
ဂယာ သီးသန့် ၂ညအိပ် ၃ ရက်၊ ၄ ညအိပ် ၅ရက် ခရီးစဉ်သီးသန့် အဖွဲ့များလည်းပို့ဆောင်ပေးပါသည်။
စရံငွေ(၂)သိန်းဖြင့် (၁၀)ဦး စုစည်း၍ တစ်ပြိုင်တည်း စာရင်း ပေးသွင်းပါက(၁)ဦးအခမဲ့

ဗုဒ္ဓဂယာ ၈ ရက် ခရီး (လေးဌာန + နီပေါ) - 3Star ဟိုတယ်(၇)ည ➔ ဒေါ်လာ ၁၀၀၀
သီရိလင်္ကာစွယ်တော် + ကိုင်းနိုင်ငံဘန်ကောက် မြဘုရား(၈)ရက်ခရီး - 3Star ဟိုတယ် ဒေါ်လာ ၁၅၀၀

ရန်ကုန်/မန္တလေးမြို့ကြီးများတွင် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးပါသည်။ ခရီးစဉ်များအားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။
အမှတ်-၂၅၆/၂၅၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်ရုံးချုပ် ဖုန်း-၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၀၇၉၆၂၁၊ ၀၉-၅၁၂၀၅၂၉။
မန္တလေးရုံးခွဲ - အမှတ်-၈၈၊ ၆၈လမ်း၊၃၃x၃၄ကြား၊ ချမ်းအေးသာစံမြို့နယ်။ဖုန်း - ၀၉-၇၇၅၅၅၅၃၄၀၊ ၀၉-၇၇၅၅၅၅၃၄၁

## ရောင်းမည်

၁။ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ဂိဇ္ဇာလမ်းမြေ၊ 1 sq.ft ၁၀၀,၀၀၀/- နှုန်း
၂။ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)၊ (၆၈' x ၇၇') မြေပေါ်ရှိ RC (၂)ထပ်တိုက် (၂၃၀၀)သိန်း
၃။ လှိုင်သာယာမြို့နယ်၊ အောင်ဇေယျအိမ်ယာမြေ၊ 1 sq.ft ၃၀,၀၀၀/-နှုန်း
၄။ ပြင်ဦးလွင် BE Fall အနီး သိမ်အင်းရွာရှိ (၄၀' x ၆၀') မြေကွက်များ (၅၀)သိန်းနှုန်း
ဆက်သွယ်ရန် - ၀၉ ၅၁၅၀၇၄၈









- 2.5 CRDi Engine
- 6-Speed A/T
- 12-Seaters (Mini Bus)
- 3 Years or 100,000 km Warranty

HYUNDAI

INTERNATIONAL KLM CO.,LTD
Yangon :No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 ,09 2500 100 10 Service Center : ( 01 ) 522 724
GLOBAL KLM CO.,LTD
Mandalay : 3-F Myo Ma Oo Yin x 74th Street, Taung Myint Quarter, Pyi Gyi Ta Gon Tsp, MITC.
Showroom : 09 2531 51970, 09 4539 55560 Service Center : 09 421 888 220, 09 971 347 001
All information and illustrations are based on data avilable at the time of publication and subject to change without notice.
www.hyundaimotor.com.mm
info@hyundaimotor.com.mm
www.facebook.com/hyundaimm

## San brotherhood

ဝမ်း ဝမ်း သံယံ
"စစ်ဆေးစမ်းသပ် (အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို မြန်မြန် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
Air-Con အဟောင်း၊ အပျက်များကို အသစ်နှင့် လဲလှယ်ပေးပါသည်။
တပ်ဆင်ပြီး 1HP-245000
1HP 300000 Ks
တပ်ဆင်ပြီးဈေးနှုန်း (၃ နှစ်အာမခံ)
၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City(လှိုင်သာယာ)709373,09-5084831,3682445(Ext)1421
ကျောင်းလမ်း(အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ(မရမ်းကုန်း) 3681854, 706193, 09-73116475
ကျောက်မြောင်း(တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး(ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး(ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး(တ/ဒဂုံ) 01-709114, 09-5019316

မူးလျှင်ရှူ-မောလျှင်သောက်
ရွှေမှန်တံခါး အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး
TMR000849(0516)
အမူးအမောများခြင်း၊ ထိုင်မော၊ ထမောဖြစ်ခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အသား အရေစိုပြေမှုကင်းခြင်း၊ တင်းတိပ်ထွက်ခြင်း၊ မီးယပ်ကွက်များထွက်ခြင်းနှင့် မီးယပ်သွေးဆုံးရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၇၆၈၀၈၊ ၅၅၉၀၄၂၊ ၅၉၀၀၃၄။

PMP
စတုတ္ထတန်း နှင့် အဋ္ဌမတန်း ကျောင်းသားကျောင်းသူများအတွက်
၂၀၁၇-၂၀၁၈ အတန်းတင်စာမေးပွဲ
နမူနာနှင့်ခန့်မှန်းမေးခွန်း(၅)စုံ (ဘာသာစုံ)+ (စံပြအဖြေများ)
ဖြန့်ချိရေး ။ PMP - ၀၉ -၄၂၅၃၂၈၄၁၃ ၊ စာပေလောက (၆)၊ ၀၉-၇၃၀၁၉၆၆၅
စာအုပ်ဆိုင်များနှင့် City Mart အရောင်းဆိုင်များတွင် ရရှိနိုင်ပါသည်။
ထွက်နေပါပြီ။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/5427 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

## မန္တလေးမြို့ရှိ ပီနံအိတ်စက်ရုံတွင် ထုတ်လုပ်မှုလုပ်ငန်းတိုးချဲ့ရန်အတွက် အောက်ပါကျွမ်းကျင်ဝန်ထမ်းများအလိုရှိသည်

(1) နန်းဆွဲလုပ်သား - ၂၀ ဦး (2) ရက်ကန်းလုပ်သား - ၃၀ ဦး
အထက်ပါအမှတ်စဉ်အားလုံးအတွက် စိတ်ပါဝင်စားသူများ တစ်ပတ်အတွင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန် - 09-250543119/ 09- 974365989
မှတ်ချက် - နေစရာအဆောင်စီစဉ်ပေးမည်။

## ငှားမည်

(240'×80') RC ၁ ထပ် မြေပိုအား 40'×130'
အဆောက်အဦး ရှေ့ 37' နောက် 15' ရေ + မီး
250 KVA၊ ငှားမည်၊ သိန်း (၆၀)
အကျိုးဆောင်လက်ခံသည်၊
မိုးကုတ်လမ်း၊ တောင်ဒဂုံစက်မှုဇုန် (၁)
Ph: 09 5124006

## ဝါးနက် ဝါး ရောင်းမည်။

သက်တမ်းရင့် ဝါးအလုံး (၃-သိန်း)
09 773773 403 , 09 7878 66677

## ဦးတင်မောင်အေး
**(U.S.I.S)-(ဓာတ်ပုံ)**
**အသက်(၈၅)နှစ်**

(ဦးအေးမင်း-ဒေါ်လီလီ)တို့၏သား၊ (တရားသူကြီးချုပ် ဦးကျော်ဆင့်-ဒေါ်စိန်ကြည်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ဆင့်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်ကျော်ဆင့်)-ဒေါ်မာလာဝင်း၊ ဒေါ်ဝါဝါအေးတို့၏ချစ်လှစွာသောဖခင်၊ မင်းသိန်းထွန်း၊ BRIAN AUNG၊ မေသူထွန်း-ALLANLIN, CHELSEA SINT - JULIAN ZUUR တို့၏အဘိုးသည် ၁၈-၁၀-၂၀၁၇ရက်တွင် LOS ANGELES မြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)
**ကြည်း-၈၀၅၈၊ OTS(21) ခမရ(၅)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၈လမ်း(တောင်)၊ အမှတ်(၅၉၄/ဂ)နေ (ဦးကံညွန့်-ဒေါ်အုန်း)တို့၏သား၊ (ဒေါ်စိန်ညို)၊ ဒေါ်အေးသိန်း၏ခင်ပွန်း၊ ဦးတင်လှ-ဒေါ်လှမြင့်၊ ဒေါ်ခက်ခက်နွယ်၊ ဦးထွန်းမြင့်(ဒုတိယအမြဲတမ်းအတွင်းဝန်၊ စက်မှုဝန်ကြီးဌာန)-ဒေါ်သီဂီမော်(ငြိမ်း) စိုက်ပျိုးရေး၊ ရန်ကုန်တိုင်း၊ ဒုရဲမှူးသန့်စင်ထွန်း၊ ရဲမှူးစန်းစန်းမြင့်(သတင်းတပ်ဖွဲ့)၊ (ဦးဝင်းမြင့်)၊ (ဦးကိုကိုမြင့်)-ဒေါ်မြင့်မြင့်သီ(လဝကဦးစီးအရာရှိ)၊ ဦးဇော်လင်းထွန်း (GM.Green Forest Plantation Co.,Ltd)-ဒေါ်မမြင့်၊ ဦးဇော်စန်းဝင်း-ဒေါ်ကြည်ကြည်တို့၏ဖခင်၊ မြေး ကိုးယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုးသည် ၂၀-၁၀-၂၀၁၇ရက် (သောကြာနေ့) ည ၁၀း၄၀နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၇ရက်တွင် ကြို့ကုန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)
**ကြည်း ၈၀၅၈၊ OTS (21) ခမရ(၅)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၈လမ်း(တောင်)၊ အမှတ်(၅၉၄/ဂ)နေ (ဦးကံညွန့်-ဒေါ်အုန်း)တို့၏သား၊ (ဦးအေးသောင်-ဒေါ်အုန်းမေ)တို့၏သားသမက်၊ ဒေါ်အေးသိန်း(ခနောင်တို)၏ခင်ပွန်း၊ ဒေါ်စန်းရီ၊ ဒေါ်ဦးသန်း၊ ဦးအောင်စိုး၊ ဒေါ်အေးအေးခိုင်၊ ဦးစိန်ထွန်း၊ ဒေါ်အေးအေးရီ၊ ဦးအောင်သန်းဦး၊ ဒေါ်နွဲ့နွဲ့ဝင်းတို့၏အစ်ကိုသည် ၂၀-၁၀-၂၀၁၇ရက် (သောကြာနေ့)ည ၁၀း၄၀နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၇ရက်တွင် ကြို့ကုန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်ရင်
**ဌာနခွဲမှူး(ငြိမ်း)**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန**
**အသက်(၇၅)နှစ်**

ပျဉ်းမနားမြို့နေ (ဦးလှ-ဒေါ်ဆယ်ရင်)တို့၏သား၊ (ဦးသောင်း-ဒေါ်ခင်သန်း)၊ (ဦးရွှေမောင်)-ဒေါ်တင်ညွန့်တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၉)ရပ်ကွက်၊ ဒူးယား ၈လမ်း၊ အမှတ် ၁၀၅၀နေ ဒေါ်သန်းမေ(မူ/အုပ်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးတည်ကြည်-ဒေါ်လှိုင်လှိုင်ရီဘွား၊ ဦးအောင်ကျော်စိုး-ဒေါ်ဆွေဇင်၊ ဦးလှိုင်မြင့်-ဒေါ်လှလှမြတ်၊ မပပကျော်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၁-၁၀-၂၀၁၇ရက်(စနေနေ့)နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၇ရက်(သောကြာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးတင်ထွန်း(ငြိမ်း) အသက်(၅၅)နှစ်
**ဗိုလ်သင်တန်းအပတ်စဉ်(၇၁)**
**GM Shu San Co.,Ltd**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နေ (ဦးလှထွန်း-ဒေါ်ခင်ချော)တို့၏သား၊ ရွာသစ် ၂လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဦးအေးကျော်-ဒေါ်ခင်လှနွဲ့(အလက-၆၊ ငြိမ်း)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်ဝေ(မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်)၏မောင်၊ ဦးဆန်းထွန်း-ဒေါ်သီသီဆွေ၊ ဦးမျိုးထွန်း-ဒေါ်သော်တာမြင့်တို့၏အစ်ကို၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ် ၃လမ်း၊ အမှတ် ၇၃၆နေ ဒေါ်ခိုင်သီတာကျော်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးတင်ထွန်း(ငြိမ်း)၊ ဗိုလ်သင်တန်းအပတ်စဉ်(၇၁)သည် ၂၀-၁၀-၂၀၁၇ရက် (သောကြာနေ့) ည ၇နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**ဟာဂျီဆရာဦးကိုလေး**
**အထပြ(ငြိမ်း)ရွှေဦးအထက(၁)၊ မန္တလေးအထက(၉)**
**ကျောက်ဗလီဦးစီးနာယကကြီး**
**ပဒေသာစိုက်ပျိုးရေးပစ္စည်း-ဈေးချို**
**အသက်(၇၄)နှစ်**

မန္တလေးမြို့၊ ဒါးတန်းရပ်နေ(ဦးဟာရှင်-ဒေါ်အမ)တို့၏သား၊ စစ်ကိုင်းတန်းရပ်နေ (ဦးဟူစိန်-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ မန္တလေးမြို့၊ ၂၄လမ်း၊ ၈၂×၈၃လမ်းကြား၊ ရွှေကြီးမြင်လမ်းသွယ်နေ ဒေါ်စုစုလှိုင်(ဒု-ညွှန်ကြားရေးမှူး၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန)၊ ကိုသန်းနိုင်(ကျောက်မျက်ရောင်းဝယ်ရေး)-မယုယုလှိုင်(Q.S Engineer, AT. အားသစ်ဆောက်လုပ်ရေး)၊ ကိုမျိုးနိုင်(မောင်မျိုးနိုင်လျှပ်စစ်ပစ္စည်းဖြန့်ချိရေး)-မမေသင်းဆွေ၊ မောင်လင်းထက်နိုင်တို့၏ဖခင်၊ သင်းစုနိုင်၊ သင်းရတီနိုင်၊ ဘုန်းမြတ်နိုင်၊ အိမ့်ယုယနိုင်တို့၏အဘိုး၊ ဟာဂျီမဒေါ်ခင်လှလှ၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့အေရှာအပြီးတွင် ဒါဖနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းတင်
**အသက်(၁၀၃)နှစ်**

သရက်မြို့နေ (ဦးသင်း-ဒေါ်ငွေရီ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးလှ-ဒေါ်အေးတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊ အမှတ် ၄၉၊ ငါးလွှာနေ (ဦးဘကြည်)၏ဇနီး၊ ဦးသိန်းဝင်း-ဒေါ်မာမာအောင်၊ ဦးမောင်မောင်သိုက်-ဒေါ်တင်တင်အေးတို့၏မိခင်၊ ဦးစိန်ဘ-ဒေါ်တင်မျိုးဝင်းတို့၏မွေးစားမိခင်၊ ကိုထွန်းထွန်း၊ မဇင်မင်းသိုက်၊ ကိုဇာနည်မောင်၊ မယုမွန်ဝေ၊ ကိုပညာ-Vicky၊ ကိုကောင်းထွဋ်၊ မနဒီဝါတို့၏အဘွား၊ Kailey ၏အဘွားသည် ၂၀-၁၀-၂၀၁၇ရက်(သောကြာနေ့)နံနက် ၆း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်တင်တင်အောင် (JEWEL Hotel)**
**မန္တလေးအသင်း(ရန်ကုန်)အမှုဆောင်**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဥယျာဉ်လမ်းသွယ်(၂)၊ အမှတ်(၁၅၄) င နေ ဦးအေးမောင်-ဒေါ်သန်းတို့၏သမီး၊ ဦးမြသောင်း(JEWEL Hotel)၏ချစ်လှစွာသောဇနီး၊ ဦးဝင်းမြင့်-ဒေါ်ခင်သန်းနွဲ့၊ဦးမြင့်သူ၊ ဦးဇော်ညွန့်-ဒေါ်လဲ့လဲ့ခိုင်၊ ဦးဝင်းမင်းတို့၏ချစ်လှစွာသောမိခင်၊ ကိုအောင်သူဝင်း၊ ကိုအေးသူဝင်း၊ မခိုင်မြတ်နိုးစံ(ခ)ဂျူးဂျူး၏ဘွားဘွားကြီးသည် ၂၀-၁၀-၂၀၁၇ရက် ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသန်းမြင့် (ဓာတ်ခွဲကျွမ်းကျင်)
**အသက်(၇၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၎/ခရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ် ၁၀၂နေ(ဦးထွန်းလင်း-ဒေါ်သန်းစိန်)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်စိန်ခင်)တို့၏သားသမက်၊ ဒေါ်ခင်ထားချို၏ခင်ပွန်း၊ ကိုမျိုးမြင့်ဦး (တံဆိပ်ရိုက်လုပ်ငန်း)-မခင်သီတာ(Yee Shin Co., Ltd.)၊ ကိုမင်းသိန်း(Tiong Nam Co., Ltd., Myanmar)၊ ဗိုလ်ကြီးမင်းသန့် အမှတ်(၁၈)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၊ ဘုတ်ပြင်းမြို့)-မသဲဆုလှိုင်တို့၏ဖခင်၊ ညီအစ်ကိုမောင်နှမ ၁၀ယောက်တို့၏ညီ/အစ်ကို၊ မမေမြတ်သွယ်၊ မခွန်းဆုချို၏အဘိုးသည် ၂၀-၁၀-၂၀၁၇ရက် ည ၉း၄၀နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
**ဒေါ်ခင်ခင်**
**လက်ရေးတို၊ လက်နှိပ်စက်(ငြိမ်း)**
**မြန်မာ့စိုက်ပျိုးရေး**
**အသင်းဝင်နံပါတ်(၀၇၆၁)**
**အသက်(၈၈)နှစ်**

လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ၁၁လမ်းနေ ဒေါ်ခင်ခင်သည် ၁၈-၁၀-၂၀၁၇ရက်တွင်ကွယ်လွန်သွားပါ၍ ၂၂-၁၀-၂၀၁၇ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

## ဘီးလင်းမြို့နယ်အသင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းစိန် အသက်(၈၀)**
**ရာသက်ပန်အသင်းဝင်(၁၁၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ ၁၉လမ်း၊ အမှတ် ၆၄၆နေ (ဦးဟန်-ဒေါ်အိ)တို့၏ သမီး၊ ဦးတင်ထွန်း၏ဇနီး၊ အသင်းဝင် ဦးသန်းရှိန်-ဒေါ်သန်းအေးတို့၏အစ်မ၊ဦးအောင်ခင်ဆင့်-ဒေါ်အိအိဇင်တို့၏ မိခင်သည် ၁၉-၁၀-၂၀၁၇ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၀-၁၀-၂၀၁၇ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးအေးကို အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း၊ အမှတ် ၁၀၇ (ဒုထပ်-ယာ)နေ (ဦးမောင်ထွန်း) - ဒေါ်ရှုတီတို့၏သား၊ ဒေါ်တင်တင်မြ၏ခင်ပွန်း၊ ဦးပြုံးချို-ဒေါ်ဝင်းဝင်းအေးတို့၏ညီ၊ဦးမျိုးသောင်းဦး၊ ဒေါ်မေသန္တာအောင်၊ ဦးညဏ်ဝင်းအောင်-ဒေါ်ယဉ်ယဉ်အောင်၊ ဦးမျိုးဟိန်းထက်တို့၏ဖခင်၊ ဦးဝါဆိုထွန်း-ဒေါ်နှင်းဟေမာန်ဦးတို့၏ဦးလေး၊မမြတ်ရူပါအောင်၏အဘိုးသည် ၂၀-၁၀-၂၀၁၇ရက်(သောကြာနေ့) ညနေ ၆း၂၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး ခင်စိုး (ငြိမ်း)
**ကြည်း-၁၀၄၈၁ (OTS-၃၁)**
**အသက်(၇၅)နှစ်**

ပခုက္ကူမြို့နေ (ဦးဘသန်း-ဒေါ်ခင်သိန်း)တို့၏သား၊ (ဦးခင်မောင်-ဒေါ်ခင်သိန်းနွဲ့)တို့၏မောင်၊ (ဗိုလ်ကြီးမြင့်သိန်း) - ဒေါ်ကြည်ကြည်သန်း၊ ဦးခင်မောင်ဝင်း-(ဒေါ်တင်တင်သန်း)၊ ဦးတင့်လွင်-ဒေါ်စောမြင့်ကြည်၊ ဒေါ်ခင်ခင်သန်း၊ ဦးကျော်ကျော်သန်း-ဒေါ်ဖြူဖြူ၊ ဦးကျော်မြင့်-ဒေါ်မော်မော်သန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မစိုးရိမ်ကျောင်းလမ်း၊ တိုက် ၃၊ အခန်း ၀၀၂နေ ဒေါ်လွင်လွင်စိုး (Loretta LAL)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်သက်သက်စိုး၊ ဦးအောင်ကိုကိုစိုး-ဒေါ်နှင်းမြင့်မူ၊ ဦးချစ်ကိုကိုစိုး-ဒေါ်နှင်းပွင့်ဖြူတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၀-၁၀-၂၀၁၇ရက်မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်ဇင်ထွန်း(ဟင်္သာတ)
**အသက်(၄၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ရွှေကူရပ်ကွက်၊ ရန်ရှင်းလမ်းနေ ဦးစောထွန်း - ဒေါ်မြလွင်တို့၏သား၊ ဦးဝေလင်းဦး [တိုင်းအင်/ယာရုံး၊ တိုင်း(၆)၊ မြန်မာ့မီးရထား]၊ ဒေါ်ခင်မာညွန့် (အထက-၅၊ ဟင်္သာတ)၊ ဒုတိယဗိုလ်မှူးကြီးမိုးကျော် - ဒေါက်တာသန်းသန်းထိုက်တို့၏မောင်/ညီ၊ ဗိုလ်ကြီးကောင်းမြတ်ထွန်း - မမေသဲဆုတို့၏ဦးလေး၊မောင်ကောင်းဇော်သစ်၏အဘိုးလေးသည် ၂၁-၁၀-၂၀၁၇ရက် (စနေနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဟင်္သာတမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကျော်က(ခ)
**ဦးကျော်သန်း (ကျွဲပွဲ)**
**အသက်(၉၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ မြို့စိုးလမ်း၊အမှတ် ၁၂၁နေ ဒေါ်ရှု၏ခင်ပွန်း၊ ဦးခင်မောင်တင်-ဒေါ်ရီရီမာ၊ ရန်ကုန်မြို့နေ ဦးခင်မောင်ညွန့်-ဒေါ်စောလှိုင်၊ ဦးခင်မောင်ရီ-ဒေါ်အေးအေးရီ၊ ဖြူးမြို့နေ ဦးအကျိုး-ဒေါ်အေးအေးမော်၊ ဒေါ်မြမြမော်၊ မရှိုးဘေ၊ ပြင်ဦးလွင်မြို့နေ ဦးသိန်းဇော်-ဒေါ်ခိုင်ခိုင်မော်၊ ရှိုးတီတို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၂၁-၁၀-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကျွဲပွဲသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကျင်ငွေး(ခ)ဒေါ်ရှုတီ**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀လမ်း၊ အမှတ် ၄၄ (ပထမထပ်)နေ (ဦးကျင်မောင် -ဒေါ်ငွေပိုး)တို့၏သမီး၊ ဖောင်ကြီးမြို့နေ (ဦးကာစောက်-ဒေါ်တင့်ဝမ်)တို့၏ချွေးမ၊ [ဦးအင်းယား(ခ)ဦးညဏ်စိန်]၏ဇနီး၊ (ဦးကောက်ငါး)-ဒေါ်ဥဝါ၊ (ဦးပွ)-ဒေါ်ခွန်တီ၊ (ဦးတင်ရွှေ)-ဒေါ်သိန်းသိန်းတို့၏ညီမ၊ ဦးအိန်စွန်း-ဒေါ်စမ်းစမ်းအေး၊ (ဦးစိန်ဝင်း-ဒေါ်တင်တင်နွယ်)၊ (ဦးအေဝမ်း)-ဒေါ်မြငွေးတို့၏အစ်မ၊ ကိုတင်အေး-မနွယ်နွယ်ဝင်း၊ ကိုချစ်ဆွေ-မချိုချိုမာ၊ ကိုမျိုးသွင်-မလေးလေးမာ၊ ကိုရန်အောင်စိုး-မစုစုမာတို့၏ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည်၁၉-၁၀-၂၀၁၇ရက် ည ၉း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၁၀-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၅၊ စစ်ကိုင်းလမ်း၊ စမ်းချောင်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ စစ်ကိုင်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရားသိမ်ကျောင်းဒါယိကာမကြီး
**ဒေါ်မိုး**
**(မုဒုံ၊ ညောင်ဝိုင်းကျေးရွာ)**
**အသက်(၇၇)နှစ်**

မုဒုံမြို့နယ်၊ ညောင်ဝိုင်းကျေးရွာနေ (ဦးဘိုးဆင်-ဒေါ်သင်းရွှေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ၉၄လမ်း၊အမှတ် ၆၀နေ (ဦးမောင်ကလေး-ဒေါ်ပု)တို့၏ သမီးချွေးမ၊ (ဦးမောင်ညို)၏ဇနီး၊ ဒေါ်သီသီလွင်၊ (ဦးမောင်မောင်လွင်)-ဒေါ်စန်းမိ၊ ဒေါ်သင်းသင်းရွှေ၊ ဦးဝင်းလွင်၊ ဦးသိန်းလွင်၊ ဒေါ်မင်းမင်းလွင်တို့၏မိခင်၊ မဆုစံပယ်မောင်(ပင်လုံဆေးရုံ)၊ မမိုးထက်နေခြည်($2^{nd}$ Eng)၊ မအိစံပယ်မောင် (G-9, G၊ ထ-၁၊ ဒဂုံ)တို့၏အဘွားသည် ၂၁-၁၀-၂၀၁၇ရက်(စနေနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၇ရက် (တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုဇော်မင်းသူ
**အသက်(၄၄)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရွှေနှင်းဆီရပ်၊ ၁၆×၁၇လမ်း၊ ၈၈လမ်းနေ [ဦးသန်းဆွေ(ခ)ဦးသန်းညွန့်]-ဒေါ်တင်မြင့်တို့၏ သား၊ ကိုသန်းမြင့်ဇော်(ခ)ခွန်စိုင်း၏ညီ၊ မမျိုးမျိုးသန့်၊ မမြတ်ဆုမွန်တို့၏အစ်ကိုသည် ၂၀-၁၀-၂၀၁၇ရက် (သောကြာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဦးဓမ္မသာမိ(ခ)ဖေယျကျော်ထင်ဗိုလ်မှူးကြီးထွန်းနောင်(ငြိမ်း)**
**ကြည်း-၅၆၁၂**
**ဗိုလ်သင်တန်းအပတ်စဉ်(၂)Burma Army Officer Training School**
**သူရဲကောင်းမှတ်တမ်းဝင်၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်**
**သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၃၀)**

ထိုင်းနိုင်ငံနေ (ဦးဘိုးမြ-ဒေါ်အေး)တို့၏သား၊ တောင်ကြီးမြို့နေ (ဦးအုန်းဖေ-ဒေါ်သိန်းဖြူ)တို့၏ကိတ္တိမသား၊ (ဒေါ်မေမေသုန်)၏ခင်ပွန်း၊ မိုးကုတ်မြို့နေ ဒေါက်တာစောနောင်ဦး-ဒေါ်ခင်စိုးမြင့်၊ ရန်ကုန်မြို့နေ ဦးခင်မောင်ဝင်း-ဒေါ်ခင်နှင်းဖြူ၊ ဦးမြင့်ငွေး-ဒေါ်ခင်ချစ်လှ၊ ဦးကျော်ထွန်းနောင်-ဒေါ်နွဲ့နွဲ့သန်း၊ Capt: ကျော်ရှိန်မြင့်-ဒေါ်ခင်မေသီ(USA)၊ ဦးညိုထွန်းနောင်-ဒေါ်ဝင်းဝင်းသိမ်းတို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၁၀-၂၀၁၇ရက် နံနက် ၂း၀၅နာရီတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ မြို့တော် ၃လမ်း၊ အမှတ်(C-9)၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကျန်ရှိသော ရုပ်ကလာပ်အား ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၇ရက်(သောကြာနေ့)တွင် အထက်ပါ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတားဒါယကာကြီး
**ဦးကျော် (ကမာစဲ)**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့သိပ္ပံနှင့်နည်းပညာ၊ သုတေသနဦးစီးဌာန**
**(နာယက) နိဗ္ဗာနမဂ္ဂကာရီ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ**
**ကျိုက္ကဆံရပ်ကွက်၊ ကန်တော့ခံပုဂ္ဂိုလ်**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥသဩဖယားလမ်း၊ အမှတ်(၅)နေ (ဦးထွန်းတင်-ဒေါ်သိန်း)တို့၏သား၊ ဒေါ်မြင့်မြင့်သန်း[ငွေစာရင်းကိုင်(ဘဏ၊ သတ္တုတွင်း)]၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ခင်ဝေ)၊ ဦးဝင်းလွင်-ဒေါ်ခင်ခင်ဝင်းတို့၏အစ်ကို၊ ကိုလင်းမြင့်ကျော်-မဖြိုးရွှေစင်သိန်း(USA)၊ ကိုနိုင်လင်းကျော်-မသဉ္ဇာရွှေး (Jreland)၊ ကိုအောင်ကျော်မိုးသူ(Singapore)တို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၀-၁၀-၂၀၁၇ရက် ညနေ ၄း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဝင်းနိုင်
**အထက(၅)တာမွေ ကျောင်းသားဟောင်း**
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ လမ်း ၅၀၊ အမှတ် ၁၇၄/၁၇၆ (ခုနစ်လွှာ-ဝဲ)နေ ဦးအုန်း-(ဒေါ်တင်တင်ညွန့်)တို့၏သား၊ ဦးအောင်ခိုင်(Diamond Star Co.,Ltd.)-ဒေါ်ဖြူဖြူအေး၊ ဦးစိုးနိုင်(PIL Co.,Ltd.)-ဒေါ်မြင့်မြင့်မူတို့၏ညီ/မောင်၊ (ဦးဖေအေး)-ဒေါ်တင်တင်ရည်(ငြိမ်း-BAC)၊ ဦးသိန်းအောင်(ငြိမ်း၊ ဟိုတယ်/ခရီး)-ဒေါ်တင်တင်ပြုံး (ကန်တော်ကြီးဟိုတယ် သင်တန်းကျောင်း)တို့၏ တူ/သား၊ ဦးအောင်လင်းဇော် (ခေတ္တ-Australia) - ဒေါက်တာဝတ်ရည်အေး (YU)၊ ဒေါက်တာဇော်အောင်မြင့်(ငြိမ်း၊ စိတ်ကျန်းမာရေးဆေးရုံကြီး)-ဒေါ်ခင်စိုးနွယ် (City Mart Holding Co.,Ltd.)၊ ဒေါက်တာတင်အောင်စိုး-ဒေါက်တာခင်မျိုးသွယ်(ခေတ္တ-S'pore)၊ ဒေါ်ခင်သီသီ(ခေတ္တ-Japan)တို့၏ညီ/မောင်/အစ်ကို၊ ဦးပြည့်ဖြိုးအောင်-ဒေါ်ဇင်မေနှင်း(Shangrila Hotel)၊ ဦးချမ်းငြိမ်းအောင်၊ ဦးလွင်ထက်အောင်၊ မောင်အောင်ကျော်မြတ်၊ ဒေါက်တာအိသန္တာအောင်(ပန်းလှိုင်စီလုံဆေးရုံကြီး)၊ မရွှန်းလက်ရွှေရည်လင်း(ခေတ္တ-Aus)၊ မခင်မြတ်သူ၊ မောင်ဖွဲ့ညီ(ခေတ္တ-S'pore)တို့၏ဦးလေးသည် ၂၁-၁၀-၂၀၁၇ရက်(စနေနေ့) နံနက် ၉း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကောင်းထိုက်
**တပ်မတော်-လေ (လေ-၂၆၇၈)**
**စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)**
**အသက်(၃၉)နှစ်**

ပေါင်းတည်မြို့၊ မင်းကွက်(၁)ရပ်ကွက်၊ ၁၄လမ်းနေ (ဦးမောင်မောင်သန်း)-ဒေါ်ကြည်ကြည်သန်းတို့၏သား၊ မင်းကွက်(၃)ရပ်ကွက်၊ ရွှေတောင်လမ်း၊ ပေါင်းတည်မြို့နေ ဦးထွန်းသိမ်း-ဒေါ်မြင့်မြင့်စန်းတို့၏သားသမက်၊ ကိုမျိုးမင်းအောင်-မမွန်သက်စုရီတို့၏အစ်ကို၊ မမေယုဂန်သာ၏ဦးလေး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အမှတ်(၄)စစ်မြေပြင်ဆေးတပ်ရင်းနေ ဗိုလ်ကြီးဒေါ်ဇင်ယုနိုင်၏ချစ်လှစွာသောခင်ပွန်း၊ မဇေကရီမင်း၏ချစ်လှစွာသောဖခင်သည် ၅-၉-၂၀၁၇ရက် (အင်္ဂါနေ့)တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် အမှတ်(၄)စစ်မြေပြင်ဆေးတပ်ရင်းမှ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၀-၂၀၁၇ရက် နံနက် ၅နာရီမှ ၉နာရီအထိ အမှတ်(၄)စစ်မြေပြင်ဆေးတပ်ရင်း အရာရှိအိမ်ထောင်သည်လိုင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးသော်ဇင်စိုး (ဖိုးကျော်)
**တပ်မတော်-လေ (လေ-၃၂၆၃)**
**စစ်တက္ကသိုလ်အမှတ်စဉ်(၄၈)**
**အသက်(၃၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ သစ္စာလမ်းမကြီး၊ အမှတ် ၂၄နေ (ဦးထွန်းတင်-ဒေါ်ခင်ညွန့်)၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ တိုက် ၃၅၊ ငါးလွှာ၊ အခန်း(B)နေ ဦးတင်လှ-ဒေါ်တင်ရီတို့၏မြေး၊ ပတ္တမြားမြို့သစ်၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ် ၇၄နေ (ဦးသာဒင်-ဒေါ်ညို)တို့၏တူ၊ သစ္စာလမ်းမကြီး၊ အမှတ် ၂၄နေ အရာခံဗိုလ်မြတ်စိုး(ငြိမ်း)တပ်မတော်(လေ)-ဒေါ်ငွေငွေတို့၏သား၊ ဗိုလ်မှူးဇင်မင်းအေး-ဒေါ်မေနွယ်နီစိုး၊ ဗိုလ်မှူးမင်းမင်းစိုး(ယာယီတပ်ရင်းမှူး) - ဒေါက်တာနီလာမင်းထိုက်(ဝေဘာဂီပြည်သူ့ဆေးရုံကြီး)တို့၏ညီ/မောင်၊ မြိတ်မြို့၊ အမှတ်(၅/၁၀၀)တပ်မတော်ဆေးရုံနေ အရာခံဗိုလ်ဝင်းနိုင်(ဆေးလက်ထောက်)-ဒေါ်နီနီလွင်တို့၏သားသမက်၊ မချယ်ရီဇင်ဇင်အေး၊ မောင်သန့်မင်းမောင်၊ မကုဋ္ဌေစိုးစံ၊ မောင်သုတတို့၏လေးလေး၊ ဒေါ်ဝင်းလဲ့ဖြူ၏ချစ်လှစွာသောခင်ပွန်း၊ မထိပ်ထားကောင်းကင်၏ချစ်လှစွာသောဖခင်သည် ၅-၉-၂၀၁၇ရက် (အင်္ဂါနေ့)တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၇ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် အမှတ်(၄)စစ်မြေပြင်ဆေးတပ်ရင်းမှ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၀-၂၀၁၇ရက် နံနက် ၅နာရီမှ ၉နာရီအထိ ပုသိမ်လေတပ်စခန်းဌာနချုပ် အရာရှိအိမ်ထောင်သည်လိုင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# GFA အသင်း တန်းဆင်းဇုန်မှလွတ်

**ရန်ကုန် အောက်တိုဘာ ၂၁**
၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲပွဲစဉ်(၂၁) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ GFA အသင်းက ချင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့သော GFA အသင်းသည် တန်းဆင်းဇုန်မှ လွတ်မြောက်ကာ MNL တွင် ဆက်လက်ရှင်သန်ခွင့်ရခဲ့ပြီး ချင်းယူနိုက်တက်အသင်းမှာမူ MNL မှ တန်းဆင်းရန် သေချာသလောက်ရှိသွားခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် နေပြည်တော်အသင်းအား ပြိုင်ပွဲမှထုတ်ပယ်ပြီးနောက်ပိုင်း တန်းဆင်းအသင်းအရေအတွက်အား ထုတ်ပြန်ခြင်းမရှိသေးသောကြောင့် ရာသီကုန်အထိ စောင့်ကြည့်ရမည်ဖြစ်သည်။

အရေးပါသည့် ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့ပြီး ချင်းဒါဘီပွဲဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ GFA အသင်းသည် ချင်းယူနိုက်တက်အသင်းထက် ကစားပုံပိုကောင်းခဲ့ပြီး ၃၄ မိနစ်တွင် အီမန်နျူရယ်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း GFA အသင်းကသာ ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး အီမန်နျူရယ်ကပင် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

ဒုတိယနေ့ကို အောက်တိုဘာ ၂၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံနှင့် ရှမ်းယူနိုက်တက်၊ အောင်ဆန်းကွင်း၌ ရခိုင်နှင့် မကွေး၊ ပုသိမ်ကွင်း၌ ရောဝတီနှင့် ဇွဲကပင်၊ ပဲခူးကွင်း၌ ဟံသာဝတီနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်**

## မောင်တောမြို့၌ ငွေကျပ် သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

စာ » ၁၂

## အိန္ဒိယတောင်ပိုင်း၌ နိုင်ငံပိုင် အဆောက်အအုံတစ်ခုပြိုကျရာ ရှစ်ဦးထက်မနည်း သေဆုံး

စာ » ၁၄



ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

# မြန်မာနိုင်ငံ၏ ပထမဆုံး Indoor Skydiving ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၁**
မြန်မာနိုင်ငံ၏ ပထမဆုံးသော Indoor Skydiving ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ၉ မိုင်ရှိ တော်ဝင်လမ်းတွင် အောင်မြင်စွာ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ မြန်မာနိုင်ငံအပျော်တမ်းလေထီးခုန်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဇာနည်ဝင်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေတို့က Indoor Skydiving ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက Indoor Skydiving ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက အမှာစကားပြောကြားရာတွင် ယနေ့မြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်သော Indoor Skydiving သည် မြန်မာနိုင်ငံအတွက် Free Fall နှင့် Skydiving လေ့ကျင့်မှုအဆင့်မြှင့်တင်ရေးအတွက် များစွာအထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်လေထီးခုန်စစ်သည်များ လေ့ကျင့်မှုအတွက် များစွာအထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်း၊ မြန်မာလေထီးခုန် အားကစားသမား

*စာမျက်နှာ ၈ ကော်လံ ၁* ❍



ပရိသတ်ကို ဆင်မကြီးမိုမို ပုသိမ်ထီးအကဖြင့် ကပြဖျော်ဖြေဟန် ဓာတ်ပုံ - သန်းစိုး

# အသက်(၆၄)နှစ်ရှိပြီဖြစ်သော ဆင်မကြီးမိုမို၏ မွေးနေ့ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**
ရန်ကုန်တိရစ္ဆာန်ဉယျာဉ်၏ ရတနာတစ်ပါးဖြစ်ပြီး ပြည်သူတို့၏ ချစ်ခင်မြတ်နိုးမှုကို ယနေ့တိုင်ရရှိထားသည့် ဆင်မကြီးမိုမိုမှာ အောက်တိုဘာ ၂၂ ရက်တွင် အသက် (၆၄နှစ်) ပြည့်ပြီဖြစ်ရာ မိုမို၏မွေးနေ့ပွဲ အစီအစဉ်အား ယမန်နှစ်ထက် စည်ကားသိုက်မြိုက်စွာဖြင့် ရန်ကုန်မြို့နေပြည်သူများ ပါဝင်ဆင်နွှဲနိုင်စေရန် ကြိုးပမ်းစီစဉ်ဆောင်ရွက်ထားကြောင်း Yangon Zoological Garden မှ သိရသည်။

"မိုမိုရဲ့မွေးနေ့ပွဲကို နှစ်ရက် စီစဉ်ထားပါတယ်။ မွေးနေ့ကျရောက်မယ့်ရက်က မနက်ဖြန်ပါ။ အကြို ဒီနေ့အတွက် ပညာပေးပြခန်း၊ ကလေးတွေအတွက် မေးခွန်းဖြေတာနဲ့ ဆုရပြီး မုန့်ရင်ဆုထပ်ရတဲ့ အစီအစဉ်ကိုလည်း ဆောင်ရွက်ထားတဲ့အတွက် နံနက်ပိုင်းမှ ကလေးထောင်ကျော် ဝင်ရောက်ဖြေဆိုကြပါတယ်။ မိုမိုရဲ့စင်မှာ ကလေးစတိတ်ရှိုး၊ မျက်လှည့်၊ တိရစ္ဆာန်ကပွဲနဲ့ ညနေပိုင်း စတိတ်ရှိုးပွဲတွေရှိတယ်။ နံနက် ၆ နာရီမှာ မိုမိုကိုယ်တိုင် ပင့်သံဃာငါးပါးကို ဆွမ်းကပ်မှာပါ။ မိုမိုပိုပြီး ကျန်းမာပါစေ၊ အသက်ရှည်ပါစေလို့ ပြည်သူတွေနဲ့အတူ ဆုတောင်းမှာပါ။ နယ်ကပြည်သူတွေ မိုမိုရဲ့အသက် ဒီလောက်ရှိပြီလားလို့ ပီတိဖြစ် သတိပြုမိသွားရင် ဒီပွဲလုပ်ရတဲ့ ရည်ရွယ်ချက်အောင်မြင်ပါတယ်"ဟု ရန်ကုန် တိရစ္ဆာန်ဉယျာဉ်၏ စီမံမန်နေဂျာ ဦးမျိုးကျော်သူက ပြောသည်။

ရန်ကုန်တိရစ္ဆာန်ဉယျာဉ်သို့ မိုမို ခုနစ်နှစ်သမီးအရွယ်တွင် စတင်ရောက်ရှိခဲ့ကာ အခြားဆင်များနှင့် မတူသော မှတ်ဉာဏ်နှင့် အသိလိမ္မာရှိခြင်းကြောင့် အားလုံး၏ ချစ်ခြင်းမေတ္တာကိုရရှိခဲ့ပြီး အခြားဆင်များနှင့်

*စာမျက်နှာ ၅ ကော်လံ ၅* ❑

